မြတ်သတိဝါဒီ

# ဗဟာစည်တစပွန်ဦး



ဓမ္မဒါန

၉၁၂၄

မြတ်သတိဝါဒီ

# မဟာစည်စာမွန်ဦး

စီစဉ်ထုတ်ဝေသူ

ညောင်ကန်အရှင်ဉာန္ဒက

ဘာသာရေးခွင့်ပြုချက် အမှတ် [ ၈၈၆၀ ]

ကင်းလွတ်ခွင့် မှတ်ပုံတင်အမှတ် [ ၈၃၄၁၇ ]

– ပထမအကြိမ် –

အုပ်ရေ [ ၃၀၀၀ ]

တန်ဖိုး [ ဓမ္မဒါန ]

၁၉၇၆-ခုနှစ်၊ အောက်တိုဘာလ။

၁၃၃၈-ခုနှစ်၊ သီတင်းကျွတ်လ။

ထုတ်ဝေသူ။ ။ညောင်ကန် အရှင်ဣန္ဒက၊
အမှတ်-၁၆၊ ဟာမစ်ဝိတ်လမ်း၊
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ။ ။ဒေါ်ခင်မြင့်၊ မှတ်ပုံတင်အမှတ် (၀၁၁၁)
သင့်ဘဝပုံနှိပ်တိုက်၊ ၁၇–မလွှကုန်းလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။

(၆၅၁၄

# ပ ဏာ မ

## ငြိမ်း ချမ်း ရေး ဘု ရား ရှိ ခိုး

ပရိနိဗ္ဗုတော သော ဘဂဝါ၊

ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ၊

တံ ဘဂဝန္တံ အဟံ ဝန္ဒာမိ။

သောဘဂဝါ၊ အကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ဘုန်းတော် ၆-ပါး သခင် ထိုရှင်တော်မြတ်ဘုရားသည်။

ပရိနိဗ္ဗုတော၊ တထောင့်ငါးရာ ကိုလေသာအပူကြီးသည့် ဝဋ္ဋမီးခပ်သိမ်း အလုံးစုံ ကင်းငြိမ်းတော်မူပြီးသည်ဖြစ်၍။

ပရိနိဗ္ဗာနာယ၊ သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူစွာ ကိလေသာ အပူကြီးသည့် ဝဋ္ဋမီးခပ်သိမ်း ငြိမ်းကြပါစေခြင်းအကျိုးငှာ။

ဓမ္မံ၊လောဘ, ဒေါသ, မောဟ စသည့် ကိလေသာမီး အပြီးငြိမ်းရန် တရားမှန်ကို။

ဒေသေတိ၊ ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံ ဘဂဝန္တံ၊ ကိလေသာအပူဘေး ငြိမ်းချမ်းရေးတရားကို ဟောကြားခဲ့ပြား ဘုန်းတော် ၆-ပါးသခင် သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို။

အဟံ၊ အကျွန်ုပ်သည်။

ဝန္ဒာမိ၊ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏အရှင်ဘုရား။

မှတ်ချက်။ ။ဤဘုရားရှိခိုးကို "မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များ" မှ တဆင့် ဖော်ပြပါသည်။

## မြတ်သတိပဋ္ဌာန် မဟာစည် စာမွန်ဦး

## ၏

# ရည်ရွယ်ချက် နှင့် သဘောထား

—(၀၀၀)—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"မြတ်သတိပဋ္ဌာန် မဟာစည်စာမွန်ဦး"ဟူသည်—

"မြတ်သတိပဋ္ဌာန် မဟာစည်စာမွန်ဦး" ဟူသော အမည်နှင့်ပတ်သက်၍—

**မြတ်** ဟူသည်လွန်ကဲထူးမြတ်သော သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သုံးလူ့ထွတ်ထား ငါတို့ဂေါတမမြတ်စွာဘုရား-ဟူ၍ရင်း။

**သတိပဋ္ဌာန်** ဟူသည် ထိုမြတ်စွာဘုရားသည် နိဗ္ဗာန်ရောက်ရန် တကြောင်းတည်းသောလမ်းမှန် ဧကာယန အပ္ပမာဒ မဟာသတိပဋ္ဌာန် တရားတော်ကို ကိုယ်တော်တိုင်လည်း ကျင့်သုံးအားထုတ် ထိုးထွင်း သိမြင်တော်မူ၍ ဝေနေယျသတ္တဝါတို့အားလည်း ဟောပြောပြသလေ့ ရှိတော်မူသောကြောင့် "မြတ်သတိပဋ္ဌာန်" မည်တော်မူပါပေသည် ဟူ၍ရင်း။

**မဟာစည်** ဟူသည် ထိုမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် (ပ-ဒု-တ-စ-မ-သံဂါယနာခေတ်တို့ကို ကျော်လွန်၍) သာသနာ ၂၅၀၀ ဆဋ္ဌသံဂါယနာခေတ်၌ ဆဋ္ဌသင်္ဂီတိပုစ္ဆက - ဩဝါဒသဘောဏ - ဂန္ထကာရက - အဂ္ဂမဟာပဏ္ဍိတလည်း ဖြစ်၍ "ထို မြတ်သတိပဋ္ဌာန်" ကို ပြန်လည် ထုတ်ဖော်သောအားဖြင့် အမွေဆက်ခံလျက် ကိုယ်တိုင်လည်း ကျင့်ပွား၊ သူတပါးတို့အားလည်း ဟောကြားတော်မူလေ့ရှိသော- မြတ်ဗုဒ္ဓ၏ သာဝက'မြတ်သတိပဋ္ဌာန်'ဟူ၍ပင် ခေါ်ဆိုထိုက်သော ဇာတိ- ရွှေဘို-ဆိတ်ခွန်၊ ပဝတ္တိ- ရန်ကုန်မြို့ သာသနာ့ရိပ်သာ၌ မဟာသတိပဋ္ဌာန် ဝိပဿနာ သာသနာပြုလျက် ရှိတော်မူပါပေသော ငါတို့၏"ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး"ဟူ၍ရင်း။

**စာမွန်** ဟူသည် ထိုမြတ်သတိဝါဒီ မဟာစည် ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး၏ သာသနာပြုတော်မူပုံများကို စုပေါင်းရေးသားထားသောကြောင့် "စာကောင်းစာမြတ်စာမွန်" ဟူ၍ရင်း။

**ဦး** ဟူသည် မဟာစည် ဒေသနာခရီးစသော ခေါင်းစဉ်ဖြင့် တမျိုးလျှင် စာတအုပ်ကျ အချိန်ယူရေးဆဲ ဖြစ်သော်လည်း စာဖတ် ပရိသတ်များက "ဟိုစာအုပ် မထွက်သေးဘူးလား၊ ဒီစာအုပ် မထွက်သေးဘူးလား" ဟု တမေးထဲ မေးနေကြသဖြင့် သူတို့၏ အာသာပြေအောင် ခေါင်းစဉ် စာအထွေထွေကို စုပေါင်းလျက် ဖြန့်ချီလိုက်ရသော "အကြို-အထူးပကတူး-စာဦး" ဟူ၍ရင်း။

အဝယဝတ္ထ အဓိပ္ပါယတ္ထ-စာလုံးတိုင်း စာလုံးတိုင်း၏ အနက်အဓိပ္ပာယ် လိုအပ်ချက်ကို သိစေရပါသည်။

ပိဏ္ဍတ္ထ အချုပ်ကို ဆိုရပါလျှင် မူလ ခေါင်းစီးအမည် "မြတ်သတိဝါဒီ မဟာစည် စာမွန်ဦး" ဟူ၍ ပင် ဖြစ်ပါသည်။

---

# ရည်ရွယ်ချက် နှင့် သဘောထား

ဤစာစောင်၏ ရည်ရွယ်ချက်နှင့် သဘောထားကိုလည်း အချုပ်အားဖြင့် တင်ပြလိုပါသေးသည်။

၁။ ယခုမျက်မှောက်သတ္တလောကသား ရဟန်းရှင်လူ တပည့် ဒါယကာ ဒါယိကာမများနှင့် နောင်လာနောက်သားတို့၏ ကုသလ ဓမ္မ ဗာဟုသုတ ပွားများရေး၊

၂။ အမျိုး,ဘာသာ ကြီးပွားရေး၊

၃။ ဗုဒ္ဓမြတ်စွာ သာသနာတော် အရှည် တည်တံ့ထွန်းလင်းရေး၊

၄။ ဗုဒ္ဓမြတ်စွာ၏ ၄၅-ဝါ ဒေသနာခရီး အချုပ် ကောယန အပ္ပမာဒ မဟာသတိပဋ္ဌာန် ဝိပဿနာအလုပ်ကို ပြန်လည် ဖော်ထုတ်လျက် ရှိပါသော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အမှူးရှိသော မဟာစည်နိကာယ နာယက ဆရာတော်များ၊ ကမ္မဋ္ဌာနာ စရိယများ၊ ဓမ္မကထိကများ၊ ယောဂီ ရဟန်း ရှင်လူ များ၏ မဟာသတိပဋ္ဌာန် ဝိပဿနာလ,ရောင်ခြည်၊ ကြယ်ရောင်ခြည်များ ပြည်တွင်းပြည်ပ တကမ္ဘာလုံးပျံ့နှံ့ထွန်းကားရေး၊

၅။ ထိုကောယန အပ္ပမာဒ မဟာသတိပဋ္ဌာန်တရား လင်းရောင်ခြည်တို့ကို ကမ္ဘာသူ ကမ္ဘာသားများ လက်ခံကြိုဆိုကြည်ညိုလေးမြတ်နိုင်ကြရေး၊

၆။ ထိုသို့ တကမ္ဘာလုံး လက်ခံကျင့်သုံးနိုင်ကြ၍ တဟုန်းဟုန်း တောက်နေသော ကမ္ဘာ့စစ်မီးတောက်များ ချုပ်ငြိမ်းရုပ်သိမ်းလျက် ကမ္ဘာ့ငြိမ်းချမ်းမှု ရရှိနိုင်ရေး၊

၇။ တရားကျင့်သူခပ်သိမ်း သံသရာဝဋ် ငြိမ်း၍ အေးကိန်းနိဗ္ဗာန်နန်း စံမြန်းနိုင်ကြရေး၊

ဤစာစောင်သည်ဤအရေးကြီးခုနစ်ရေးအောင်မြင်ရန်အတွက် အချက်ပြ နိဗ္ဗာန်ဆော် ဖြစ်ပါသည်၊ ဤသည်လျှင် ရည်ရွယ်ချက်နှင့် သဘောထားလည်း ဖြစ်ပါသည်။

## ကျေးဇူးစကား

၁။ တိတ်ရိကော်ဒါမှ အသံကူးယူခွင့် ပြုသော (က) ဒေါ်စိန်စိန်၊ အမှတ် ၃၀၊ မနောဟရီလမ်း၊ ရန်ကုန်မြို့နှင့် (ခ) ဒေါ်စီ၊ ရွှေနှင်းဆီကိုတ်မုံ့တိုက်၊ မဂျစ်လမ်း၊ တာမွေ၊ ရန်ကုန်မြို့တို့အားရင်း။

၂။ တိတ်ခွေမှ လက်ရေးစာမူ ဖြစ်အောင် ကူးပေးကြသော မဟာစည် သာသနာ့ရိပ်သာ ယောဂီဟောင်း ဦးကစ္စာယန၊ ဦးဝိရောစန တို့အားရင်း။

၃။ လက်နှိပ်စက် စာမူ ပရူ ကြည့်ပေးကြသော မဟာစည်မွမ်းကထိက ဦးပါမောက္ခ၊ ယောဂီဟောင်း ဦးအက်ံရ တို့အားရင်း။

၄။ စာစောင် ဖြစ်မြောက်ရေး ဓမ္မဒါန နိဗ္ဗာန်ဆော်များ ဖြစ်ကြသော မဟာစည်ယောဂီ ဒေါ်လှကြည်(ပန်းတနော်)၊ ဒေါ်ခင်အိ (ရန်ကင်း)၊ ဒေါ်သန်းအေး (မဲဇလီကုန်း)၊ရန်ကုန် သာသနာ့ရိပ်သာ ဒေါ်စမှေသီ၊ ဒေါ်တင်မြ (ပုဇွန်တောင်)၊ မမြသီ (ပုဇွန်တောင်၊)ရန်ကုန် သာသနာ့ရိပ်သာ အမျိုးသမီး နေရာချထားရေးဒေါ်သိန်းမေ တို့အားရင်း။

၅။ ဘဏ္ဍာရေးနှင့် စာရင်း ကိုင်ခြင်း များ ကို ဆောင်ရွက် ပေးကြသော ညီ-မောင်အုန်းရွှေ၊ မယ်တော်ကြီး ဒေါ်ပွဲဟန် တို့အားရင်း။

၆။ ချောမောစွာ ဆောင်ရွက် ပေးကြသော စာပေစိစစ်ရေးဌာန ဝန်ထမ်းများနှင့် ချောမောစွာ စက္ကူ ထုတ်ပေးသော ကုန်သွယ်ရေး (၉) ဝန်ထမ်းများအားရင်း။

၇။ ကောင်းမွန် ချော မော စွာ ပုံနှိပ်ပေးကြသော သင့်ဘဝ ပုံနှိပ်တိုက်ပိုင်ရှင်နှင့် လုပ်သားများ အားရင်း၊ အထူးကျေးဇူးတင်ရှိပါသည်။

---

## ဆန္ဒမွန်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။

၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာပြန့်စေသော်။

၃။ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။

၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

ညောင်ကန် အရှင်ဏ္ဍနက

သာသနာနှစ် ၂၅၁၉ — ကောဇာသက္ကရာဇ်၊ ၁၃၃၇-ခု၊ ပြာသိုလဆန်း ၂-ရက်၊ (၂-၁-၇၆) သောကြာနေ့။

# မြို့တော်ဒွါရာဝတီနှင့်မဟာစည်

## သရက်အောင်မင်္ဂလာ အရှင်စန္ဒာဝရ-တင်ပြသည်

### မင်္ဂလာဒုံမှ မဇင်သို့

၁၉၇၃-ခု၊ မတ်လ ၃-ရက်နေ့က ဖြစ်သည်၊ ကျေးဇူးတော်ရှင် (အဂ္ဂမဟာပဏ္ဍိတ) မဟာစည်ဆရာတော်ဘုရားကြီး ခေါင်းဆောင်သော မဟာသတိပဋ္ဌာန်ဝိပဿနာ (ပဋိပတ္တိ)သာသနာပြု အဖွဲ့ကြီးသည်ဒွါရာဝတီမြို့တော်၏ မဇင်လေယာဉ်ဆိပ်သို့ အန္တရာယ်ကင်းစွာ ရောက်သွားကြပါသည်၊ ရန်ကုန်မြို့တော်၏ မင်္ဂလာဒုံလေယာဉ်ဆိပ်မှနေ့လည်တနာရီမိနစ်နှစ်ဆယ်မှာထွက်ခဲ့သည်၊နှစ်နာရီမိနစ်နှစ်ဆယ်၌ရောက်သည်၊ မင်္ဂလာဒုံနှင့်မဇင်သည် ဒါကိုတာ လေယာဉ်ဖြင့် တနာရီကြာ ပျံသန်းရသည်။

#### လေယာဉ်ပေါ်မှ မြင်ကွင်း

လေယာဉ်သည် သိပ်အမြင့်ကြီးမှ မပျံသန်းခြင်းကြောင့် ထုံးအိုင်မြစ်ချောင်းများနှင့် သဘာဝတောတောင်ရှုခင်းများကို ကြည်နူးဘွယ်ရာ ကြည့်မြင်ရသည်၊ ဖွေးဖွေးသော မိုးသားအစိုင်အခဲကြီးများသည် ဝါဂွမ်းကြီးများပမာ လေယာဉ်အောက်မှ လွင့်၍လွင့်၍ ကျန်ရစ်သည်၊ ရခိုင်ပြည်နှင့် မြန်မာပြည်ကိုခြားထားသော တောင်ထိပ်တောင်ထွတ်ကြီးများကို ကြည့်မြင်ရသည်မှာ ငယ်လတ်ကြီး အိုးများစွာကို မညီမညာ စည်းကမ်းမဲ့စွာ မှောက်ချထားသကဲ့သို့ ရှိတော့သည်၊ ဤခရီးစဉ်သည် ပင်လယ် ရေပြင်ကို မဖြတ်သန်းရ၊ ထို့ကြောင့် တခါနက မြိတ်မှရန်ကုန်သို့ ဖော်ကာလေယာဉ်ကြီးဖြင့် လာခဲ့ရစဉ်ကလို ပင်လယ်ရေပြင်နှင့် အထက်ဝေဟင် အာကာသတို့ ထိစပ်လျက်နေသည်ထင်ရသော ကြည်နူးဘွယ်မြင်ကွင်းမျိုးများကို မတွေ့ရပါ။

#### ကျောင်းဒါယကာ ကပ္ပိယများ

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးခေါင်းဆောင်သော အဖွဲ့၌ ဦးဦးခိုင်၊ ဦးအုန်းမောင်၊ ဦးကြိုင်၊ ဦးကြင်ပိုး၊ ဦးလေးမောင်၊ ဗိုလ်ကြီးဦးသန်းမောင်တို့လည်း ကပ္ပိယများအဖြစ် လိုက်ပါ လာကြသည်၊ သူတို့သည် ဆရာတော်ဘုရားကြီးအား ဝတ်ပြုရန် ဒေသန္တရဗဟုသုတဆည်းပူးရန် ပေလီကမ်းခြေစခန်းမြေ၌ ကျန်းမာရေး ပြည့်ဝစေနိုင်သော ပင်လယ်လေကို အဝရှူရှိုက်ကာ ပင်လယ်ဆားငန်ရေကို ချိုးရန် ကူးရန် ရည်ရွယ်၍ပါလာကြသူများဖြစ်သည်။

#### မဇင်မှ ဒွါရာဝတီသို့

မဇင်လေဆိပ်သို့ ရောက်သောအခါ စောင့်ကြိုနေကြသူတို့က အရန်သင့် ဖြစ်နေသော မော်တော်ကားပေါ်သို့ ပင့်ဆောင်ကြသည်၊ အားရဝမ်းသာ စောင့်ကြိုနေကြသူများနှင့်အတူ ခမ်းနား သိုက်မြိုက်စွာပင် မဇင်လေယာဉ်ဆိပ်မှ ထွက်ခွာ၍ လာခဲ့ကြသည်၊မဇင်မှသည် ဇီးဖြူကုန်း၊ပေလီ၊နန်းချောင်း၊ဒိုးတောင်ကျေးရွာတို့ကို ဖြတ်ကျော်၍ ၇-မိုင်ခရီးဖြင့် ဒွါရာဝတီမြို့တော်သို့ ရောက်လာသည်။ မြို့သူမြို့သား

များ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ဖူးမျှော်နိုင်ရန် မြို့တော်အနှံ့ လှည့်လည်၍ အဖူးမျှော်ခံယူပြီးမှ တည်းခိုသီတင်းသုံးဘို့ရာ ခမ်းနားစွာပြင်ဆင်ထားသော ဒွါရာဝတီ မြို့တော်ကြီး၏ ကြက်သရေဆောင် ကျောင်းတိုက်များတွင် တစု အပါအဝင်ဖြစ်သော သိမ်ကုန်းကျောင်းတိုက်ကြီးသို့ ပင့်ဆောင်ကြသည်၊ ၎င်းကျောင်းတိုက် ဆရာတော်ဘုရားကြီးသည် ကိစ္စတခုဖြင့် ပြည်မြို့သို့ ကြွရောက်နေခိုက်ဖြစ်၍ ထိုစဉ်က ကျောင်း၌မရှိ။

### ဒွါရာဝတီပရိယတ္တိသာသနာနုဂ္ဂဟအဖွဲ့ကြီး

ဒွါရာဝတီ ပရိယတ္တိသာသနာ နုဂ္ဂဟ အဖွဲ့ကြီး၏ ရဟန်းတော်များဘက်မှ ခေါင်းဆောင် များမှာ ပထမ ဥက္ကဋ္ဌဆရာတော် ဦးသုရိန္ဒာဘိဝံသ၊ ဒု-ဥက္ကဋ္ဌ ဆရာတော် ဦးဝိလာသ၊ ဦးကုန္ဒာစာရတို့ ဖြစ်၍ ပ—အတွင်းရေးမှူး ဆရာတော် ဦးဝီရိယ၊ ဒု-ဆရာတော် ဦးစာရိတ္တ၊ ဖြန့်ချိရေးမှူး ဆရာတော် ဦးခေမာစာရတို့ဖြစ်ကြသည်၊ ဒါယကာများ ဘက်မှမူ ဥက္ကဋ္ဌ ဦးဘိုးသာ၊ အတွင်းရေးမှူး ဦးထွန်းအေးတို့ ခေါင်းဆောင်ကြသည်။

### ဒါယကာကြီး ဦးနုကပင့်သည်

ဖော်ပြပါ ဒွါရာဝတီ ပရိယတ္တိ သာသနာနုဂ္ဂဟ အဖွဲ့ကြီးမှကြီးမှူးကျင်းပသော စာတော်ပြန်ပွဲကြီး၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး တရားဟောချီးမြှင့်ဘို့ရာ အဖွဲ့ကြီး၏ ကိုယ်စား ဒါယကာကြီး (ဦးနု ဒေါ်အေးညွှန့်မိသားစု၊ လဘက်စို လဘက်ခြောက်ဆိုင်ကြီး ၅၇-ရွှေဘုံသာလမ်း၊ အမှတ် ၈ ဈေးအတွင်း သံတွဲမြို့)၊ ဦးနုက (ဆရာတော်ဘုရားကြီးနှင့် နောက်ပါများအတွက် ကုန်သမျှတာဝန်ယူလှူဒါန်း)ပင့်ဆောင်ပါသည်။

### သလ္လာဝတီနှင့် စည်သူ

သလ္လာဝတီ ဆရာတော် ဦးသုရိယ ခေါင်းဆောင်သော ကပ္ပိယတိုင်းမင်းကြီးဟောင်း စည်သူဦးညီပုတို့ (မဟာစည်ဓမ္မကထိကအဖွဲ့ခွဲ) သည်လည်း စစ်တွေ၊ မင်းပြား၊ ကျောက်တော်၊ တောင်ကုတ် စသည်တို့၌ လှည့်လည်ဟောခဲ့ပြီး၍ ထိုနေ့ပင် ဒွါရာဝတီမြို့တော်သို့ ဆိုက်ရောက် လာကြပြန်သည်၊ ထိုရောက်သောနေ့သည် တရားမဟောသေးဘဲ အနားယူသောနေ့ဖြစ်သည်။

### ခရီးရောက်စ ဩဝါဒတရားတော်

ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ သိမ်ကုန်းကျောင်းတိုက်သို့ရောက်ပြီး အပန်းဖြေယင်း ဖူးမျှော်ကန်တော့ရန် ရောက်လာကြမည့် ပရိသတ်များ စုံညီအောင် ခေတ္တခဏ စောင့်ဆိုင်းနေသည်၊ ပရိသတ်များ စုံညီသောအခါ သံပြိုင်ညီညီကန်တော့ကြသည်၊ ဆရာတော်ဘုရားကြီး ဆုပေးချီးမြှင့်တော်မူသည်၊ နောက်ငါးပါးသီလများကို ထုံးစံအတိုင်း ထပ်မံ ဆောက်တည်စေသည်၊ နောက်ဩဝါဒ ပေးတော်မူသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ခက်ခဲခြင်းများ

ဘုန်းကြီးတို့ ကြွရောက် လာခြင်းက တော့ရန်ကုန်ကိုလာပြီး ဘုန်းကြီးဟောတဲ့ တရားကို မနာကြားနိုင်သူများ၊ဘုန်းကြီးကို မဖူးမျှော် မတွေ့ဘူးကြသူများ၊ တွေ့ဘူးပြီး ဖြစ်သော်လဲ ထပ်မံ၍ ဖူးတွေ့ကြလိုသူများ ဖူးတွေ့ကြရပါစေ၊ တရားတော်ကိုလဲ နာကြားကြရပါစေဆိုတဲ့ နှလုံးသွင်းဖြင့် ဒီမြို့ရဲ့ သာသနာ့ကြက်သရေဆောင် ဒွါရာဝတီ ပရိယတ္တိ သာသနာနုဂ္ဂဟအဖွဲ့ကြီးကိုယ်စား ဒါယကာကြီး ဦးနု လာရောက်ပင့်လို့ ကြွလာတာဖြစ်ပါတယ်၊ ယခုလို မွန်မြတ်တဲ့ မြတ်စွာဘုရားသာသနာတော်ကြီးနဲ့ တွေ့ဆုံရဘို့ ဘုရားသာသနာတော်ကို ယုံကြည် လက်ခံကြည်ညိုတဲ့ ဗုဒ္ဓသာသနာဝင်တယောက် ဖြစ်လာဘို့ အဓိကပန်းတိုင် (မဂ်ဖိုလ်နိဗ္ဗာန်) ရောက်စေနိုင်တဲ့ သတိပဋ္ဌာန် ဝိပဿနာတရားအလုပ် အားထုတ်နိုင်ဘို့ သိပ်ခက်ခဲတယ်၊ အလွန်ကြီးကိုဘဲ ခဲယဉ်းလှပါတယ်၊ ဒီသတိပဋ္ဌာန် ဝိပဿနာတရားကို နည်းလမ်း မှန်ကန်

စွာ အားထုတ်ရဘို့လဲဘဲ မျှားစွာကြီး ခက်ခဲလှပြန်ပါတယ်။

### ခက်ခဲဒါကိုစွမ်းဆောင်နိုင်မှလူတော်

အခုတွင်ကပြောခဲ့တဲ့ခက်ခဲဒါတွေကို သတိ ပညာ သဒ္ဓါဦးစီးစိစစ်ပြီး ဆောင်ရွက် အားထုတ်နိုင်မှ လူတော် လူချွန် ဖြစ်နိုင်တယ်၊ နိဗ္ဗာန်ကို ရပါလို၏ လို့ တောင့်တသည့်အတိုင်း ဆုတောင်းပြည့်သူများ ဖြစ်ပါမယ်၊ဒါကြောင့် ယခုခရီးဦးကြိုဖူးမျှော်ကန်တော့ရန် ရောက်လာကြတဲ့ ဒွါရာဝတီမြို့သူမြို့သားသူတော်ကောင်းများဟာ လူတော်လူကောင်းများဖြစ်ကြပါစေလို့ ဘုန်းကြီးက နိဂုံးချုပ်လိုက်ပါတယ်။(ပရိသတ်များ အသံမြည်စွာ သာဓုခေါ်ကြသည်)။

### မြို့တော်ဒွါရာ ရှုခင်းသာ

ဒွါရာဝတီ မြို့တော်ကြီးသည် ငှက်ကြီးတကောင်၏ ပုံသဏ္ဌာန်နှင့် တူသော တောင်ကုန်းမြင့်ပေါ်၌ တည်ရှိသည်။မြို့တော်၏ အရှေ့မြောက်ယွန်းယွန်းဆီ၌ တောင်တလုံးတည်ရှိသည်၊ဆံတော်ရှင်စေတီတော်မြတ် ကိန်းဝပ် သီတင်းသုံးရာ ဖြစ်သောကြောင့် ဆံတော်တောင်ဟု ခေါ်ကြသည်၊ ယင်းတောင်ပေါ်မှ လှမ်းမျှော်လိုက်ပါလျှင် မြို့တော်၏ မြောက်၌ ကပ်လျက် စီးဆင်းနေသော ဒွါရာဝတီ ချောင်းကြီးကို မြင်ရသည်၊အစာဝ၍ ကောက်ကွေ့တွန့်လိမ်ကာငြိမ်နေသော မြွေမဲကြီးလို မြင်ရသည်၊ ချောင်းကြီးအတွင်း၌ လှေများ ဝါးဖောင်ကြီးများကိုလည်းမြင်တွေ့ရသည်၊ဆံတော်တောင်မှ မြောက်ဖက်သို့ လှမ်းမျှော်လိုက်ပါက ရှုခင်းသာယာသော အံတော်ရွာနှင့် ကြည်ညိုဘွယ်ရာ အံတော်စေတီတော်မြတ်ကြီးကို ဖူးတွေ့ရသည်၊ထိုမှအနောက်ဆီသို့ မျက်လုံးကို ဝှေ့လိုက်ပါမူ မြို့တော်၏ အနောက်ပိုင်းကို တံတိုင်းသဖွယ် ကာရံလျက်ရှိသော နံတော်တောင် ထိုတောင်ထိပ်ရှိ နံတော်စေတီတော်မြတ်နှင့်တောင်ခြေရင်းမှ နံတော်ကျောင်းတိုက်ကြီးတို့ကို ကြည်နူးကြည်ညိုဘွယ် တွေ့မြင်ရသည်၊ ယင်း နံတော်တောင်ဘေးမှ ချောင်းရိုးအတိုင်း အောက်ဖက်သို့ စုံကာကြည့်မျှော် လိုက်ပြန်သော် ရွှေကျောင်းပြင်၊ ခြံပြင်၊ လက်ပံစု၊ ဇာဒီပြင်၊ ကျောင်းတိုက်ကျေးရွာများနှင့် နှစ်ခြိုက် ကြည်မောဘွယ် စိမ်းလန်းသော တောတန်းရှုခင်းများကို ဖြတ်ကျော်ကာ ဒွါရာဝတီ မြို့တော်၏ ပင်လယ်ဆိပ်ကမ်းဖြစ်သော ကင်းမော်စခန်းကို ကောင်းစွာ တွေ့မြင်နိုင်ပါသည်။

ဆံတော် တောင်ထိပ်မှ မြို့တော်၏ အနောက်တောင် ယွန်းယွန်းဆီသို့ ရှုစားလိုက်ပြန်လျှင်၊ ပေလီကမ်းခြေ၏ ပင်လယ်ရေပြင်တစွန်းတစကို မှုန်ပျပျမြင်ရသည်၊ထိုပင်လယ်ရေပြင်မှ မြို့တော်ဘက်သို့ မျက်လုံးကို တဖြည်းဖြည်းချင်းရုပ်သိမ်းလာခဲ့ပါမူ၊ ရှိုးမြောင် တောင်တန်းချိုင့်ဝှမ်းငယ်များ၊ လယ်ကွင်းငယ်များ၊ ရာသီလိုက်စား သီးနှံစိုက်ခင်းများ၊ ရာဘာခြံများ၊ လိမ္မော် ခြံများကို ရင်မောဘွယ် ကြည့်မြင် နိုင်ပါသည်။

### အကောင်းထဲကအကောင်းဆုံး

မြို့တော်ဒွါရာဝတီ၏ စီးပွားရေးမှာ လယ်ယာခြံထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းနှင့် ရေထွက်ပစ္စည်းထုတ်လုပ်ရေးတို့သာ များပြားဘွယ်ရာရှိသည်ဟုမှန်းဆခဲ့ရရာ မိမိတွေ့ထိခဲ့ရသမျှသော လိမ္မော်သီးတို့တွင် ဤဒွါရာဝတီ လိမ္မော်သီးသည် အကောင်းထဲက အကောင်းဆုံးဟု ထင်မိသည်။ အလုံးကြီးသည်၊အရည်ပေါ၍ရှန်းသည်၊အရသာလေးနက်သည်၊ ဤလိမ္မော်သီးကို သုံးစွဲပြီးနောက် အခြား လိမ္မော်သီး များကို သတိမရ၊ပင်မှည့်ပုလင်းရည်များကိုလည်း မသောက်ဖြစ်သွားနိုင်ရာသည်၊ အခြား စားသောက်ဘွယ်သီးနှံ သားငါး ဒွါရာဝတီ မြို့တော်ဖြစ် ကိတ်မုံ့ စသောသွားရည်စာခဲဘွယ်များလည်း ပေါပါသည်။

### အရိယာဝါသနှင့် မြို့တော်ဒွါရာဝတီ

မတ်လ ၄-၅-၆ ရက်ညများမှာ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးက အရိယာဝါသတရားတော်ကြီးကို ချီးမြှင့် ဟောကြားတော် မူပါ

သည်၊ လက်ဝါလူများသည် အပူအအေး မှက်ခြင် သစ် ကျားစသော ဘေးရန်များ မနှိပ်စက်နိုင်အောင် နေအိမ်များ ဆောက်လုပ် နေထိုင်ကြသကဲ့သို့ အရိယာပုဂ္ဂိုလ်များသည်လည်း အပါယ်ဘေးနှင့် ဒိုမူ နာမူ သေမှု စသော သံသရာဘေးတို့ မနှိပ်စက်နိုင်အောင် ကောင်းမြတ် လုံခြုံသော အရိယာနေအိမ် များကို တည်ဆောက် နေထိုင်ကြပုံများကို အကျယ်တဝင့် ရှင်းပြဟောကြားသွားတော်မူပါသည်၊ ဤအရိယာဝါသတရားတော်ကြီးသည် ဝဏ္ဏကျော်ထင် ဆရာဝန်ကြီး ဒေါက်တာ ဦးမြင့်ဆွေက နိဒါန်းရေး၍ စာအုပ်အဖြစ်ဖြင့် တည်ရှိနေပါပြီ၊ ဖတ်ရှုလေ့လာလိုသူများအတွက် အသင့်ပင်ဖြစ်ပါသည်။

အောင်မင်္ဂလာ-သလ္လာဝတီ

ယင်းမတ်လ ၅ရက်နေ့ညဥ္စသလ္လာဝတီဆရာတော်က ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ရှေ့မှ တနာရီ ဟောပါသည်၊ ဤစာရေးသူက မတ်လ ၄-၆ ရက်ညများ၌ ဆရာတော်ဘုရားကြီး၏ရှေ့မှတနာရီစီဟောရပါသည်၊မတ်လ ၇ ရက်နေ့ ညမာမူ ဒွါရာဝတီ ပရိယတ္တိသာသနာနုဂ္ဂဟ စာတော်ပြန်မဏ္ဍပ်ကြီး၌ ဤစာရေးသူတပါးတည်းသာ ဟောနေရစ်ခဲ့ရပါသည်၊ ဤစာ ရေးသူသည် သုံးညလုံးပင် စတုက္ကအင်္ဂုတ္တိုရ်မှ သောဘနသုတ် (အဖွဲ့ဂုဏ်ရောင်ပြောင်စေသူ) တရားတော်ကို ဟောပါသည်။

သလ္လာဝတီ-ကင်းမော်-မဟာစည်

မတ်လ ၆ ရက်နေ့ည၌ မြို့တော်ဒွါရာဝတီ၏ ပင်လယ်ကူးသင်္ဘောဆိပ် 'ကင်းမော်' ၌ ကျောင်းဆရာဦးဘသိန်း၏ ပ[illegible]လျှောက်ချက်ကြောင့် သလ္လာဝတီဆရာတော် ဟောရပြီး၊ ၇ ရက်နေ့ညမှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးကိုယ်တိုင် ဖူးမျှော်ခံ၍ မဟာသတိပဋ္ဌာန်ဝိပဿနာမင်္ဂလမ်းညွှန်ပြတော်မူရပါသည်။

ပေလီကမ်းခြေအပန်းဖြေ

မတ်လ ၅ ရက်တနေ့တာနှင့် ၎င်း ၁၀-၁၁ရက်နေ့ညတို့မှာ ပေလီကမ်းခြေ၌ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ဝင်တို့သည် အပန်းဖြေ နားနေတော်မူကြသည်၊ မတ်လ ၅ ရက်တနေ့တာမှာ ပေလီကမ်းခြေ စခန်းမြေ၏ 'အေးရိပ်သာ' ၌ တည်းခိုရသည်၊ ဤအေးရိပ်သာပိုင်ရှင် ဦးကျော်ဇော-ဒေါ်ကြင်မြတို့သည် ရန်ကုန်မြို့မှဖြစ်ကြသည်၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသီတင်းသုံးတော်မူရာ ရန်ကုန်မြို့၊ ကုက္ကိုင်းရပ် သာသနာ့ရိပ်သာ အတွင်း၌ စာရေးသူနေသော ဟံသာအေးတိုက်ကျောင်း ကောင်းမှုရှင်များ ဖြစ်ကြသည်၊ တောင်ကုတ်မြို့မှ တရားဟောပြီး၍ ပြန်ရောက်လာသော (၁၀-၁၁-ရက်) အခါ တည်းခိုရသည်မှာတော့ မြို့တော် ဒွါရာဝတီ၏ ဆရာဝန်ကြီး ဒေါက်တာ ဦးညီညီနှင့် ဇနီး ဒေါ်အေးရှင်တို့ပိုင် 'ညီညီအေး' တည်းခိုရိပ်သာ၌ ဖြစ်သည်။

ပပေါမပန်း ရှင်လန်းကြည်ဆွဲဆောင်ရှက်ကြ

[illegible]မြို့တော်၏ သိမ်ကန်းကျောင်း၌ တည်းခိုနေစဉ်မှာရော ပေလီကမ်းခြေ၌ အပန်း ဖြေနေစဉ်မှာပါ ဒေါ်မြငြိမ်၊ မအေးကြည်၊ မထွေးကြည်၊ မသန်းကြည်၊ ဒေါ်သန်းခင်၊ မအုန်း၊ ဒေါ်ပုံ၊ ဒေါ်အေးမြ၊မတင်မြိုင်၊ ဒေါ်သန်းရွှေ (လှချစ်-ကလမ-အံတော်မှာ) ဦးနု စသော ဒါယကာ ဒါယိကာမများသည် စားခန်းသောက်ခန်းဝေယျာဝစ္စများကိုမမောမပန်း ရှင်လန်းကြည်သာ ဆောင်ရွက်ကြပါသည်၊ သူတို့မျှသာမဟုတ်ပါ၊ ကင်းမော်၊ မဇင်လေဆိပ်ရွာ၊ တောင်ကုတ်မြို့မှ ဒါယကာ ဒါယိကာမ များသည်လည်း အထူးရှင်လန်းမောပန်းပုံမရ ဆောင်ရွက်လုပ်ကိုင်ကြပါသည်၊ အထူးအားဖြင့်သူတို့မှာ ကာလဒါနကုသိုလ်ပွားများကြပါသည်၊ သူတို့အား ဤစာတမ်းမှ မှတ်တမ်းတင်ကာ ဓမ္မလက်ဆောင် ပေးလိုက်ပါဦးမည်။

ခရီးသွားညော့်သည်လူနာများနဲ့၊ တော်မှတ်

သူအား ပေးဝေလှူ။

အစဦးစွာကိုယ့်လုပ်အားမှ၊ ရဉစွာများ
ပေးဝေလူ။
ဖြစ်လေရာတွင် ယယ်စဉ်ကစ၊ ဉစ္စာ
ကြွယ်ဝ သူမတူ။
လိုတဲ့ အခါ လိုရာရာ ရောက်လာရ
သည်ဟူ။
ကာလဒါန ကျိုးဖော်ပြ ဗုဒ္ဓမိန့်တော်မူ။

ပင်လယ်ရေကို ချိုးရသည်မှာ အေးသည် ချမ်းသည်ဟူ၍မရှိ၊ ပင်လယ်ရေပြင်ကို ကျော်ဖြတ်၍ တိုက်ခတ်လာသောလေသည် အေးမြမြရှိ၏၊ ပူအိုက်ချိန်၌ ထိုလေ၏ တိုးထိကျီစယ်ခြင်းကို ခံစားရသည်မှာ ထူးခြားသော အရသာတမျိုးပင်ဖြစ်သည်၊ ပင်လယ်ရေသည်ငန်၏၊ နွေး၏၊ တနာရီနှစ်နာရီကြာရှည်စွာ ရေထည်း၌စိမ်နေ၍ချိုးနိုင်၏၊အေးသည် ချမ်းသည်ဟူ၍ မရှိ၊ပင်လယ်ရေငန်ကို ချိုးပြီးပါက ရေချိုကို ထပ်မံမချိုးမသပါလျှင် ချွဲကျိကျိ ငန်ပျပျရှိသည်၊ ထို့ကြောင့်ရေချိုကို ထပ်မံ၍ ချိုးရ သရသည်။

အင်္ဂလိပ်တို့၏ 'ပဟာရာဒ'သုတ်၌ရေပြင်ကျယ်လှသော မဟာသမုဒ္ဒရာပင်လယ်ကြီး၏ အံ့ဩဘွယ်ရာ အချက်ရှစ်မျိုးကို ဖော်ပြထားရာတွင်—

"ပင်လယ်တွင်း၌ အသေကောင်ပုပ် ရောက်လာလျှင် လှိုင်းဖြင့် ရိုက်ခတ်လျက် ကမ်းစပ် ကုန်းပေါ် ရောက်အောင် လျှင်စွာပို့ဆောင်တွန်းတင်ပစ်သည်" ဟု အမှတ် (၃) အံ့ဩဘွယ်ကို တွေ့ရသည်၊ မှန်လှပါသည်၊ အသေကောင်ပုပ်သာ မဟုတ်ပါ၊ မည်သည့်အမှိုက်သရိုက်မျိုးကိုမဆို ပင်လယ်ရေသည် လှိုင်းခတ်လျက် ကမ်းစပ်ကုန်းပေါ် ရောက်အောင် ပို့ဆောင်နိုင်စွမ်းသည်ကို တွေ့သိခဲ့ရပါသည်။

ဤစာရေးသူသည် ဦးဦးခိုင်၊ ဦးကြင်ပိုးတို့ယူဆောင်လာသော ကျွတ်တာယာ လေလုံးကြီးဖြင့် ကမ်းစပ်နှင့် အလှမ်းကွာဝေးလှသော ပင်လယ်ရေပြင်၌ မလှော်မယက်ပဲ ငြိမ်သက်စွာ နေကြည့်သည်၊ တဖြည်းဖြည်းချင်း ရေလှိုင်း၏ တွန်းအားကြောင့် အလိုအလျှောက် ကမ်းပေါ်သို့ ရောက်ခဲ့ရပါသည်၊ ဤကိုယ်တွေ့သည်ပင် အထက်ပါ 'ပဟာရာဒ'သုတ်အဆိုကို ထောက်ခံနေလေသည်။

## ရွှေဝါချိုင့် ငှက်ပျောချောင်း

ပေလီကမ်းခြေ၌ အပန်းဖြေနေစဉ်တနေ့မှာ ပို့ဆောင်သူ (ခင်မောင်သိန်း ၁၀ တန်း၊ မောင်မျိုးချစ် ၉ တန်း၊ မောင်စိုးထွန်း ၇ တန်း၊မောင်စိုးညွန့် ၅ တန်း)လူငယ်များနှင့်အတူ ဤစာရေးသူ တဦးတည်း ရွှေဝါချိုင့် လူရည်ချွန်စခန်းသို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ရပါသေးသည်၊ ပေလီမှ မော်တော်ကားဖြင့် ထွက်သွားသောအခါ ငါးတောင်ကွင်းရွာကို ဖြတ်ကျော်ပြီး ရွှေလင်းသာရွာကိုရောက်သည်၊ ၎င်း၌ အလယ်တန်းကျောင်းရှိသည်၊ရွှေလင်းသာကိုတွေ့ပြီးနောက် ရွှေဝါချိုင်လူရည်ချွန်စခန်းသို့ ရောက်သည်၊ ယင်းရွှေဝါချိုင် လူရည်ချွန်စခန်းမှာ ရေထဲသို့ ဆင်းသက်ဘိုရာကောင်းအောင် သဘာဝသဲမွေ့ရာကြီး ခင်းလျက် တည်နေသော ပင်လယ်ကမ်းခြေနှင့် တဆက်တည်းတည်ဆောက်ထားသည်၊ လေပြေအနေ့မှာ မြူးကြွကြွ ဆော့ကစားနေကြသော အရွယ်စုံ ရေလှိုင်းများ၊ ထိုရေလှိုင်းများ၏ တိုးဝှေ့ရိုက်ပုတ် ခလုတ်တိုက် ကျီစယ်ခြင်းများကို စိတ်မာနမရှိ ပကတိတည်ငြိမ်စွာ သည်းခံ ကြည်နူးနေကြဟန်ရှိသော အရွယ်စုံ ကျောက်တန်းကျောက်ဆောင် ကျောက်တုံးကြီးများ၊ ကျယ်ပြောလှသော ပင်လယ်ရေပြင်ကြီးကို ကွေ့ကာ လှပစွာအနားကွပ်ထားသော စိမ်းညို့ညို့ တောတန်း တောင်ကုန်းများဖြင့် စနစ်တကျ ဖန်ဆင်းထားသော သဘာဝပန်းချီဆရာကြီးတို့၏ ပြောင်မြောက်လှသောလက်ရာတို့ကို ရှုမြင်ရသည်မှာ အလွန်တရာကြည်နူးဘွယ်ရာကောင်းလှပါသည်။

ယင်း ရွှေဝါချိုင်စခန်းမှာ ကျောင်းသားများနေထိုင်ရာအဆောင်သုံးခု၊ကျောင်းသူများအဆောင်နှစ်ခုရှိသည်၊အုပ်ထိန်းသူများ၊ နေရာအဆောင်များလည်း သီးသန့်ရှိသည်၊ ရွှေဝါချိုင်၏ အလွန်၌ မြပြင်ရွာ၊ ဂျိတ်တောရွာ၊ လုံးသာရွာတို့ကိုလည်း ကြက်

သရေရှိလှသော အုန်းတောများနှင့်အတူ တွေ့မြင်ရသည်။

ဤစာရေးသူက မဇင်လေဆိပ် ပင်လယ်ကမ်းခြေ တလျှောက်၌ တည်ရှိနေသော ရွာအမည်များမေးသောအခါ လိုက်ပို့သော မောင်ခင်သိန်း (၁၀-တန်း)က အောက်ပါမင်းသုဝဏ်၏ ကဗျာကိုရွတ်ဆိုပြပါသည်။

"လုံးသာနှင့်မဇင်၊ မြပြင်နှင့်ဂျိတ်တော။
အေသလာမြိုင်၊ ရွှေဝါချိုင် ငါးတောင်ကွင်း
ရယ်နှင့် ရွှေလင်းသော ဇီးဖြူကုန်းမှာ အုန်းပင်ကပေါ"ဟူ၍

ရွှေဝါချိုင်မှအပြန်တွင် ငှက်ပျောချောင်းဆည် (သောက်ရေကန်)ကြီးကိုလည်း ဝင်ရောက်ကြည့်ရှုသေးသည်၊ ဤစာရေးသူတို့ ဒေသသုံး စကားဖြင့် ပြောရလျှင် ငှက်ပျောချောင်းရေကန်ကြီးဟု ပြောရမည်ဖြစ်သည်၊ အလွန်ကြီးမားခမ်းနားလှပါသည်၊ သောက်ရေသုံးရေအတွက် ရွှေဝါချိုင်သို့ရောက်လာကြသော လူရည်ချွန်မောင်မယ်များ ဖော့ဖော့သီသီ သုံးနိုင်အောင် စီမံထားခြင်းဖြစ်သည်။

## တည်းခိုစခန်းရိပ်သာများ

ဒွါရာဝတီမြို့တော်၏ ပေလီကမ်းခြေ စခန်းမြေ၌ အပန်းဖြေနားနေဘို့ရာ အသင့်စီမံတည်ဆောက်ထားသော တည်းခိုခန်းများသည် သူ့ဝင်းသူ့ခြံဖြင့် သီးသန့်သပ်ယပ်စွာ ရှိနေကြသည်၊တရက်တာ တည်းခိုခအတွက် နှစ်ဆယ့်ငါးကျပ် ဆိုသည်၊ 'သမီးလေး' ရန်ကုန် မိတ်ဆက်ကဖီးနှင့် စားသောက်ဆိုင် စသည်များလည်း အသင့်ရှိသည်၊ မိမိလိုရာ မှာယူစားသောက်နိုင်သည်၊ မိမိတို့ ကိုယ်တိုင် ချက်ပြုတ် စားသောက်မည် ဆိုပါကလည်း မီးဖိုခန်းနှင့်တကွ အားလုံးအသင့် ရှိသည်သာ၊ ဤဒွါရာဝတီ မြို့တော်နှင့် ပေလီကမ်းခြေသည် နွေရာသီအတွက် အလွန်နေချင်ဘွယ်ရာဖြစ်သည်၊ မပူလွန်း မအေးလွန်းသော ရာသီဥတုရှိ၍၊ ထို့ကြောင့် တိုင်းတပါးမှ နိုင်ငံခြားသားများပင် လာရောက်၍ အနားယူအပန်းဖြေကြသည်။

## တောင်ကုတ်မြို့ ဝိသုဒ္ဓါရုံကျောင်း

၁၉၇၃-ခု မတ်လ ၈ ရက်နေ့မနက်မှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် အဖွဲ့သည် တောင်ကုတ်မြို့သို့ကြွမည်၊ ထို့ကြောင့် ၇ ရက်နေ့ညမှာ ကင်းမော်ရွာကျောင်းကြီး၌ စခန်းချ ကျိန်းစက်ကြရသည်၊ ၈ ရက်နေ့မနက် ၆-နာရီခွဲအချိန် မြို့တော် ဒွါရာဝတီ၏ ကင်းမော် သင်္ဘောဆိပ်ကမ်းမှ ထွက်၍ မနက် ဆယ့်တနာရီမှာ တောင်ကုတ်မြို့ ဆိပ်ကမ်းသို့ ဆိုက်ကပ်သည်၊ ရေမိုင် ခြောက်ဆယ်ခဝေးသည်ဆို၏၊ချက်ပလက်ကားကြီးဖြင့်လာရောက်ကြိုဆိုကြသည်၊ ဝိသုဒ္ဓါရုံကျောင်းတိုက်၌ တည်းခိုစခန်းဖွင့်ထားသည်၊ ထိုနေ့ည မြို့လယ် တရားမဏ္ဍပ်ကြီး၌ တရားဟောရသည်၊ ဤစာရေးသူက ည ၇-နာရီခွဲမှ ၈-နာရီခွဲထိ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ရှေ့မှ"အဖွဲ့ဂုဏ်ရောင်ထွန်းပြောင်စေသူတရားတော်"ကို ဟောပါသည်။ ဆရာတော် ဘုရားကြီးက "ကောင်းခြင်းလေးဖြာမင်္ဂလာတရားတော်"ကိုဟောတော်မူပါသည်၊မတ်လ ၉-ရက်နေ့ညမှာ အပြီးသတ်ည ဖြစ်ပါသည်။ ဆရာတော် ဘုရားကြီးက မနေ့ညကတရားအဆက်ကို ည ၇၊နာရီခွဲမှ ၈-နာရီခွဲ အထိ ဟောကာ အဆုံးသတ်ပြီး ဤစာရေးသူအား ချန်ထားခဲ့ကာ တည်းခိုစခန်းကျောင်းသို့ ပြန်လည် ကြွသွားတော်မူပါသည်၊ ဤစာရေးသူက မနေ့ညကတရားအဆက်ကို ညတဆယ့်တနာရီထိုးထိ ဟောကာ အဆုံးသတ်လိုက်ပါသည်။

## ကောင်းခြင်းလေးဖြာ မင်္ဂလာတရားတော်

(၁) အိုသည်တိုင်အောင် ကောင်းတာ ဘယ်ဟာလဲ။

(၂) အိုသည်တိုင်အောင် ကောင်းတာ ကိုယ်ကျင့်သီလဘဲ။

ကိုယ်ကျင့်သီလ ဟူသည်မှာ လူတို့၏ငါးပါး၊ ရှစ်ပါး၊ကိုးပါး၊ ဆယ်ပါးသီလများ၊ ရှင်သာမဏေတို့၏ သီလများ၊ ရဟန်းတို့၏ အကျဉ်းနှစ်ရာ့နှစ်ဆယ်ခုနှစ်သွယ် အကျယ် ကုဋေပေါင်း ကိုးထောင် တရာ့ရှစ်

ဆယ် ငါးသန်း သုံးသောင်း ခြောက် ထောင် သော သီလများပင်ဖြစ်ပါသည်။

လူဖြစ်စေ၊ ရှင်သာမဏေဖြစ်စေ၊ ဘုန်းကြီးရဟန်းဖြစ်စေ၊ မိမိတို့နှင့် သက်ဆိုင်ရာ ကိုယ်ကျင့်သီလများ စောင့်ထိန်း လိုခြုံစေမှသာ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်မည်၊စာရိတ္တဖလပြည့်ဝမည်၊ ယင်းစာရိတ္တဖလ ပြည့်သူမှာ သက်ကြီး အိုရင့်လာလေ၊ ကြည်ညို လေးစားအားကိုးသူမိတ်ဆွေများ တိုးပွားပေါ်များ လာလေဖြစ်သောကြောင့် မိတ္တဖလနှင့် ပြည့်စုံလေသည်၊ စာရိတ္တဖလပြည့်စုံသူမှာ စိတ်ဓာတ်အမြဲတစေလန်းဆန်းနေသောကြောင့်အရာရာ၌ နှိုင်းချိန်ဝေဘန် သုံးသပ်တွေးခေါ် မြော်မြင်ဉာဏ် ထက်သန်သော ဉာဏဖလပြည့်ဝသည်၊ ထိုသူမျိုးမှာ ကာယဖလလည်း ပြည့်ဝလျက် စားဝတ်နေ အဆင်ပြေခြင်း ဘောဂဖလလည်းပြည့်ဝမည်သာ၊ မိတ္တဖလ၊ ဉာဏဖလ၊ ကာယဖလ၊ ဘောဂဖလ တို့၏ အခြေခံမူလ ရေသောက်မြစ် ဖြစ်သောကြောင့် စာရိတ္တမဏ္ဍိုင်-စာရိတ္တဖလခေါ် ကိုယ်ကျင့်သီလသည် အိုသည်တိုင်အောင် ကောင်းသော တရားအမှန်ဖြစ်သည်။

(၃) ခိုင်မြဲတည်တံ့လျှင် ကောင်းတာ ဘယ်ဟာလဲ။

(၄) ခိုင်မြဲတည်တံ့လျှင် ကောင်းတာ သဒ္ဓါတရားဘဲ။

သဒ္ဓါတရားဟူသည်မှာ ဘုရား တရား သံဃာ စသည်ကို လက်ခံယုံကြည်ခြင်းနှင့် ကုသိုလ်အကုသိုလ်ကံ ထိုကံ၏ အကျိုးရလဒ်ကို ယုံကြည်လက်ခံခြင်းတို့ဖြစ်သည်၊ ဤသဒ္ဓါခိုင်မြဲသူသည် မမှန် မကောင်းသော အတွေးအကြံအပြောအဆိုနှင့် ပြုလုပ်ဆောင်ရွက်ခြင်းတို့မှ လုံးဝကင်းလျက် မှန်ကန်ကောင်းမြတ်သော အတွေးအကြံ အပြောအဆိုနှင့် ပြုလုပ်ဆောင်ရွက်ခြင်းတို့ဖြင့်သာ အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲတို့၏ ကင်းငြိမ်းရာ နိဗ္ဗာန်ရွှေနန်းစံမြန်းနိုင်လေသည်။

(၅) လူ့ရတနာ ဘယ်ဟာလဲ။

(၆) လူ့ရတနာ အသိအလိမ္မာဘဲ။

နှစ်သက် မြတ်နိုးဘွယ် ကောင်းသော အရာကို ရတနာဆိုသည်၊ ထိုရတနာသည် ဆင်မြင်း ကျွန်ယောက်ျား လယ်ယာ ရွှေငွေ လေယာဉ် မော်တော်ကား ခဲပတ္တမြား ဇနီး သားသမီး စသည့် များပြားလှ၏၊ ယင်းနှစ်သက်ဖွယ်ရာ ရတနာတို့ထက် အသိအလိမ္မာ ပညာရတနာသည် ပိုမို၍ နှစ်သက်မြတ်နိုးဘွယ် အကောင်းဆုံးဖြစ်သည်၊အသိအလိမ္မာပညာသည်—

(၁) အသက်မွေးဝမ်းကျောင်းဖြစ်သော စက်မှုလက်မှု နှုတ်မှု(သိပ္ပံ-ဝိဇ္ဇာ)ပညာနှင့်

(၂) ဗုဒ္ဓမြတ်စွာ ဟောဖော်အတည်ပြုခဲ့သော ကုသိုလ်-အကုသိုလ်ကံ ထိုကံ၏ အကျိုး ရလဒ်ကို သဘောပေါက် သိနားလည်သော ကမ္မသကတာပညာ၊ ဖြစ်ခိုက်ရုပ်နာမ်ကို ရှုမှတ်၍ ရရှိလာသော ဝိပဿနာပညာ၊ ထို၏အကျိုးဖြစ်သောမဂ်ဖိုလ်ပညာတို့ဖြစ်သည်။

အမှတ်(၁) အသိအလိမ္မာ ပညာ လူ့ရတနာမျိုးကို ပိုင်ဆိုင်ထားသူမှာ လူမှုရေးဆင်းရဲကင်းနိုင်သည်၊ အမှတ်(၂) အသိအလိမ္မာ ပညာ လူ့ရတနာအဆင့်ဆင့်ကိုပိုင်ဆိုင်ထားသူမှာ အပါယ်ဆင်းရဲ ဝဋ်ဆင်းရဲမှ လွတ်ကင်းချမ်းသာနိုင်သည်။

ဖော်ပြပါ အမှတ်(၂) ရတနာအဆင့်ဆင့်အားလုံးကို ပိုင်ဆိုင်ထားသူမှာ တည်တံ့ ခိုင်မြဲလျှင် ကောင်းသော ယုံကြည် ခံယူချက်သဒ္ဓါတရားမပျက်စီးဘဲ ခိုင်မြဲလေပြီ၊ ဗလငါးတန်လည်း ပကတိကြံ့ခိုင်ယိမ်းယိုင်ကင်းစဲ တည်မြဲ လေတော့သည်၊ ထို့ကြောင့် နတ်ပြည်မှ စုတေ သေလွန်ခါနီးဖြစ်နေသောနတ်အား သူ၏မိတ်ဆွေနတ်များက—

(၁) အို-မိတ်ဆွေ၊ဤနတ်ပြည်မှ(သေပြီးလျှင်) လူ့ပြည်ကို ပြန်သွားလူဖြစ်ပါ။

(၂) လူ့ပြည်ရောက်လျှင် ယုံကြည်မှု-သဒ္ဓါတရားကို ရအောင် ကြိုးစားပါ။

(၃) ရလျှင် ခိုင်မြဲအောင် အားထုတ်ပါ။

ဤသုံးခွန်းသောအဖိုးတန်စကားကိုမိတ်ဆွေကောင်းတို့၏ လက်ဆောင်မွန်အဖြစ် ပြောဆိုမှာကြားအားပေးကြသည်ဟု "ခုဒ္ဒကနိကာယ် ဣတိဝုတ်ပါဠိတော် ပဉ္စပုဗ္ဗနိမိတ္တသုတ်"၌မြတ်စွာဘုရားဟောထားသည်။

ယုံကြည်မှု-သဒ္ဓါတရားကို ရရှိဘို့ရာ ဗုဒ္ဓတရားတော်ကို လေ့လာရမည်၊ ယင်းသဒ္ဓါခိုင်မြဲ တည်တံ့ဘို့ရာ သတိပဋ္ဌာန်ဝိပဿနာ တရားကို အားထုတ်ရမည်၊ ဤဗုဒ္ဓမြတ်စွာ သာသနာတော်ရှိခိုက်၌သာ ဖြစ်နိုင်သည်။ ယင်းနတ်တို့မှာတမ်းစကားကိုထောက်ဆလျှင် လူ့ပြည်လူ့ဘဝသည်သာ အခြားဘဝများထက် သာလွန်မွန်မြတ်ကြောင်း သိသာ ထင်ရှားလှပါသည်။ ထို့ကြောင့် လူ့ဘဝရခိုက်မှာ သာသနာတော်နှင့် တွေ့ဆုံရတုန်းကို အဆိုပါ ရတနာများကို အရင်းတည်ကာ သဒ္ဓါတရားခိုင်မြဲသွားအောင် ကြိုးစားသင့်လှသည်။

(၇) မခိုးနိုင်တာ ဘယ်ဟာလဲ။

(၈) မခိုးနိုင်တာ-ကုသိုလ်ကောင်းမှုဘဲ။

အထက်က ပြောခဲ့ပြီးဖြစ်တဲ့-

(၁) ကိုယ်ကျင့်သီလ မင်္ဂလာတပါး။

(၂) သဒ္ဓါတရား မင်္ဂလာတပါး။

(၃) အသိအလိမ္မာ မင်္ဂလာတပါး။

ဤမင်္ဂလာများနှင့် ပြည့်စုံလျှင်အပြစ်ကင်းသော ကောင်းမွန်သော အများ ကိုယ်စိတ်ချမ်းမြေ့ ပျော်မွေ့နိုင်မည်ဖြစ်သော လူမှုရေးကိစ္စ၊ ရှင်တော် ဂေါတမ ဗုဒ္ဓမြတ်စွာ၏ သာသနာတော် တည်တံ့ကျယ်ပြန့်ခိုင်မြဲရေးကိစ္စတို့ကို ဆောင်ရွက် လုပ်ကိုင်လျက် ဘယ်သူမှ ခိုးယူတိုက်ခိုက် သိမ်းပိုက် ယူငင်ခြင်း မပြုစွမ်းနိုင်သော(စိတ်စွမ်းအား)

(၄) ကုသိုလ်ကောင်းမှု မင်္ဂလာကြီးတပါး။

ကိုလဲ ပိုင်ဆိုင်ရရှိနိုင်မည် ဖြစ်ပါသည်၊ ဤကောင်းခြင်းလေးပြဲ 'မင်္ဂလာ'တရားနှင့် ပြည့်စုံကြပါလျှင် လူအမျိုးသားအမျိုးသမီး အဖိုးတန်၊ သီလရှင်အဖိုးတန်၊ ကိုရင်သာမဏေအဖိုးတန်၊ ဘုန်းကြီးရဟန်းအဖိုးတန်များဖြစ်ကြပါမည်။

အို-သူတော်ကောင်းတို့ ဖော်ပြပါ အဖိုးတန်များဖြစ်ကြရအောင် ကျေးဇူးရှင် မဟာစည် ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ကြွခဲ့ကြပါကုန်လော့၊ ရောက်လာပါလျှင် ဟိတေသီ အဖွဲ့ကြီးမှ ရောက် လာ သော သူ တော်ကောင်းတို့၏ စားသောက်ရေး ကျန်းမာရေးများကို ကြည်ဖြူစွာ တာ ဝန် ယူ စောင့် ရှောက် မည် ဖြစ်ပါ၏။

## အင်္ဂုတ္တရ-စတုက္က-သောဘန သုတ်

အဖွဲ့ဂုဏ်ရောင် ထွန်းပြောင်စေသူ တရားတော်။

မြတ်စွာဘုရားသည် တပုဿနှင့်ဘလ္လိကညီနောင်တို့ကို ဗုဒ္ဓဘာသာ လူအမျိုးသားများအဖွဲ့ဝင်အဖြစ် စတင်၍ စည်းရုံး ဟောပြောကာ ဗုဒ္ဓဘာသာလူအမျိုးသားအဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်တော်မူခဲ့ပါသည်၊ နောက် အရှင်ကောဏ္ဍညတို့ကိုအစပြု၍ အမျိုးသားရဟန်းတော်အဖွဲ့ကြီးကိုငှင်း၊ ကုရုရဃရမြို့နေ မီးဖွားဘို့ရန် ရာဇဂြိုဟ်မြို့သို့ ခေတ္တပြန်ရောက်လာသောကာဠီနှင့် အရှင်ယသ၏ မိခင်တို့ကို အစပြု၍ ဗုဒ္ဓဘာသာလူအမျိုးသမီးအဖွဲ့ကြီးကိုငှင်း၊ မိထွေးတော် ဂေါတမီနှင့်အပေါင်းပါတို့ကိုအစပြု၍ အမျိုးသမီးရဟန်းတော်အဖွဲ့ကြီးကိုငှင်း၊ဖွဲ့စည်းတည်ထောင်တော်မူခဲ့ပါသည်။

ဤအဖွဲ့ကြီးလေးဖွဲ့တွင် ပါဝင်သူတိုင်း လိုက်နာဆောင်ရွက်ကျင့်သုံးကြဘို့ရာ ဤအဖွဲ့ဂုဏ်ရောင်တရားတော်ကြီးဖြင့် စည်းမျဉ်းဥပဒေများကို ရေးဆွဲ အတည်ပြုပေးတော်မူခဲ့ပါသည်၊ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ပရိယတ္တိသာသနာတော်

(၁) ဗဟုသုတ- အကြိမ်များစွာ၊ တရားနာ၊ ကျမ်းစာကိုလဲ ဖတ်ရမည်။

(၂) ဓမ္မဓရ- ဖတ်နာပြီးခါ၊ စိတ်ထဲမှာ၊မြဲစွာ ဆောင်မှတ်ထားရမည်။

(က) တရားနာ စာဘတ် မမေ့အောင်မှတ်ထားက ပရိယတ္တိသာသနာ၊ အဲဒါ အမွေထိန်းလုပ်ငန်းပါ။

ဤအရ တရား ဟောပြောတတ်သူတို့ထံ၌ နားထောင်နာယူခြင်း မှတ်သားထားခြင်း၊ တရားကျမ်းစာတို့ကို ဖတ်ရှုလေ့လာခြင်း မှတ်သားထားခြင်းတို့

ဖြင့် မိမိကိုယ်တွင်း သန္တာန်မှာ ပရိယတ္တိ သာသနာ တော်ကြီးကို ရှေးဦးစွာ တည်ထောင်ရပါမည်။

## ပဋိပတ္တိသာသနာတော်

(၃) ဓမ္မာနုဓမ္မပဋိပန္န - ဖတ် နာ ဆောင် မှတ်၊ အပြီးသတ်၊ ရှုမှတ်သတိပဋ္ဌာန် ပွားရမည်။

(ခ) ဖြစ်ခိုက်ရုပ်နာမ် ဇွဲသန်သန် ရှုမှတ် တာက ပဋိပတ္တိသာသနာ၊ အဲဒါအမွေခံလုပ်ငန်းပါ။

ဤအရ ဖော်ပြပါအမွေထိန်းလုပ်ငန်းကြီးကို မိမိ စွမ်းနိုင်သမျှ ပြုလုပ် ဆောင်ရွက်ပြီးပါလျှင် မဟာ သတိပဋ္ဌာနသုတ် ပါဠိတော်ကြီးနှင့် အညီ ဝိပဿနာ ရှုပွားလျက် အမွေခံအလုပ်ကို အားထုတ်ကြကာ မိမိ ၏ ကိုယ်တွင်းမှာ ပဋိပတ္တိသာသနာတော်ကြီးကို ထပ် ဆင့် တည်ထောင်ရပါမည်။

## ပဋိဝေဓသာသနာတော်

(၄) ဝိယတ္တ-သတိပဋ္ဌာန်၊ ရှုမှတ်ပြန်၊ ဧကန်ဝိဇ္ဇာ ဖြစ်နိုင်သည်။

(ဂ) ရှုမှတ်ရင်းမှာ ဖြစ်ပေါ်လာတဲ့ အ သိဉာဏ်က ပဋိဝေဓသာသနာ၊ အဲဒါ အမွေကို ခံစားဒါ။

ဤအရ မဟာသတိပဋ္ဌာန်ပါဠိတော်ကြီးနှင့်အညီ "မြင်တယ်၊ ကြားတယ်၊ မွှေးတယ်၊ နံတယ်၊ စားတယ်၊ သောက်တယ်၊ မျိုတယ်၊ ထိတယ်၊ သိတယ်၊ စိတ်ကူး တယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်၊ တွေးတယ်၊ ကွေး တယ်၊ ဆန့်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ပူတယ်၊ အေး တယ်၊ နွေးတယ်၊ ရှိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်" စသည်ဖြင့် ဖြစ်ပေါ်ခိုက် ရုပ်နာမ် တရားများကို ရှု မှတ်လျက် အမွေခံအလုပ်ကို အားထုတ်ကာ ပဋိပတ္တိ သာသနာတော်ကြီးကို မိမိကိုယ်တွင် တည်ထောင်နေ သော ယောဂီ၏ သန္တာန်မှာ ဝိပဿနာဉာဏ် ဝိဇ္ဇာ မဂ်ဖိုလ်ဉာဏ်တည်းဟူသော ပဋိဝေဓသာသနာတော် ကြီး ပေါ်ထွန်းတည်လာ ဗုဒ္ဓမြတ်စွာ၏ အမွေတော် ကြီးကို စံစားကာနေရပါတော့သည်၊ ယင်းအမွေကို ကိုယ်ပိုင်ခံစားနေရသော ယောဂီသည် အရိယာဝိဇ္ဇာ ကြီးဖြစ်သွားပါတော့သည်။

(၅) ဝိနီတ-ဝိဇ္ဇာဖြစ်သူ၊ ကံသုံးဆူ၊ စင်ပြုယဉ် ကျေးသည်။

ဤအရ အရိယာဝိဇ္ဇာ ဖြစ်သွားသူယောဂီမှာ အတွေးအခေါ်မနောကံ အပြစ်ကင်းဝေး ယဉ်ကျေး ဖြူစင်သည်၊ အပြောအဆို ဝစီကံ အပြစ်ကင်းဝေး ယဉ်ကျေးဖြူစင်သည်၊ ကိုယ်ထိလက်ရောက် ပြုလုပ် ဆောင်ရွက်မှု ကာယကံ အပြစ်ကင်းဝေး ယဉ်ကျေး ဖြူစင်သည်၊ ကိုယ်ကျင့်သီလ ပြည့်စုံပြီး ဖြစ်လေ၏၊ မည်သည့် အခါမှ သီလကို မချိုးမဖောက်တော့ပြီ၊ နိဗ္ဗာန်မရပီ နောက်နောက်ဘဝ တို့၌လည်း မချိုး မဖောက်တော့သည်သာ။

(၆) ဝိသာရဒ-ယဉ်ကျေးသူမှာ၊ ဘေးကင်းကွာ၊ ဝမ်းသာ ရဲရင့်သည်။

ဤအရ ဖော်ပြပါ အရိယာဝိဇ္ဇာယောဂီသည် အဆင့်အားလျော်စွာ မိမိ၏လက်ရှိ အခြေအနေကို ပြန်လည်သုံးသပ် ကြည့်ပါလျှင် အပါယ်ဆင်းရဲဘေး မှ ကင်းလွတ်ပြီကို တွေ့သိရမည် ၊လူနတ်ဘဝဆင်းရဲ ဘေးမှ ကင်းလွတ်ပြီကို တွေ့သိရမည်။ ဗြဟ္မာဘဝ ဆင်းရဲဘေးမှ ကင်းလွတ်ပြီကို တွေ့သိရမည် ဖြစ်၏၊ ဤအခြေမှန်ကို သိသော ယောဂီသည် မိမိဘဝ၏ လက်ရှိ အခြေအနေကို ကျေနပ်ဝမ်းသာသည်၊ ယခု မျက်မှောက်၌ သေရမည်ကိုလည်းမကြောက်ရွံ့ ၊ရဲရင့် သတ္တိပြည့်ဝလာလေတော့သည်သာ။

## လူတော်လူကောင်း

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင် ငါးရာကျော် လောက်က ဖြစ်သည်၊ ဗုဒ္ဓမြတ်စွာအား နောက်ပါ သံဃာတော်များနှင့်အတူ ကောသမ္ဗီမြို့နေ ပန်းခြံရှင် သုမနက ဆွမ်းဘုဉ်းပေး ကြွတော်မူပါရန် ပင့်လေ

သည်၊ ဆွမ်းကျွေးတရားနာပွဲဖြစ်သည်။ ယင်းတရားပွဲ၌ ခုဇ္ဇုတ္တရာ လို အများ သိကြသော ဥတ္တရာလဲပါသည်၊တရားပွဲသိမ်း၍ ဘုရားမြတ်စွာနှင့် သံဃာတော်များ ပြန်ကြွပြီး မကြာမီပင် ဥတ္တရာလဲ ရွှေနန်းတော်ကြီးသို့ ပြန်သွားသည်။

သာမာဝတီမိဖုရားကြီးက“အမေဥတ္တရာရယ်၊ ဒီနေ့ပန်းတွေသိပ်များတာဘဲ၊မောင်တော် ဥတေနမင်းတရားကြီးက သမီးတို့အပေါ် ချစ်မေတ္တာတော်ကဲမိုးလို့ပန်းဘိုးတွေပိုမိုပေးလေသလား”ဟုမေးသည်၊ ဥတ္တရာက“မဟုတ်ပါ၊ ပန်းဘိုးငွေ နေ့စဉ် ရှစ်ကျပ်ပေးပါတယ်၊ လွန်ခဲ့တဲ့နေ့များမှာ လေးကျပ်ဖိုးသာ ဝယ်ယူခဲ့ပြီး၊လေးကျပ်ကို ဘုရားကျွန်တော်မျိုး မ ခိုးယူထားခဲ့ပါကြောင်း”ဟု အမှန်ကို မဖုံးကွယ်ဘဲ ဖြောင့်ချက်ပေးလိုက်ပါသည်။

ဥတ္တရာသည် သုမန၏ ဆွမ်းကျွေးတရားပွဲ၌ အရိယာဝိဇ္ဇာဖြစ်ခဲ့သည်၊ ထို့ကြောင့် ခိုးလိုစိတ် လုံးဝကင်းပျောက် သွားသည်၊ နေ့စဉ် ခိုးနေကျငွေလေးကျပ်ကို မခိုးတော့ပြီ၊ လိမ်ညာလိုစိတ်လည်း လုံးဝကင်းသွားသည်၊ ထို့ကြောင့် အမှန်အတိုင်း ပန်းကိုရှစ်ကျပ်ဖိုးအပြည့်ဝယ်ကာ ဖြောင့်ချက်ပေးသည်။

> “ရှေ့မှာတမျိုး နောက်ကွယ်ရာမှာတမျိုး ပြုလုပ်တတ်သော သီလကြောင် စိတ်ယုတ်စိတ်ရိုင်းများ လုံးဝကင်းစင်သည်၊ ယင်းကြောင့် လိမ်ညာခြင်း၊ ခိုးယူခြင်း စသော သီလကြောင်လုပ်ရပ်များ မျိုးပြတ်သွားသည်”

## ရွှေဘို-ဆိပ်ခွန်သား မောင်မာ

ရွှေဘိုမြို့အနီး ဆိပ်ခွန်ရွာကြီး၌ မောင်မာသည် နေ့မလင်း ညမလင်း အသောက် ကြူးသည်၊ လမ်းလယ်၌ လဲနေအောင်လည်း ရှက်ကြောက် ကင်းမဲ့သောက်စား ယစ်မူးခဲ့သည်မှာအကြိမ်များစွာ၊ထိုစဉ်က မဟာစည်ဆရာတော်ဘုရားကြီးသည်ဆိပ်ခွန် ဇာတိရွာ၌ တရားညွှန်ပြဆဲ ဖြစ်၏၊ ရန်ကုန်မြို့သို့ မကြွရောက်ရသေး၊ တနေ့သော် လမ်းထဲ၌ မူးလဲနေသော မောင်မာကို နီးစပ်သူများက ထူတွဲ၍ မဟာစည်ကျောင်းတိုက်ထဲ ခေါ်သွားကြသည်၊ အမူး ပြေပျောက်သောအခါ မဟာစည်ဆရာတော်ထံ အပ်နှံပြီး တရားအားထုတ်စေသည်၊ ဉာဏ်စဉ် တရားတော်ကို နာယူရသည့် တိုင်အောင် ရက်ပေါင်း အတော်ကြာ အားထုတ်ပြီးနောက် မောင်မာ အိမ်ပြန်သွားသည်၊ အိမ်ရောက်လျှင် ထိုင်ရုံမျှပင်မထိုင်၊ အဝတ်အစား လွယ်အိတ် စသည်များကို ချိတ်ထားခဲ့ကာ မောင်မာသည် လယ်ကွင်းပြင်မှ ထန်းပင်အောက်ရောက်နေချေပြီ၊အမြုပ်တစီစီ ဝေထနေသော ထန်းပင်ကျရေတအိုးကိုယူပြီးထိုင်ကာ ရွှေနားမှာ ချထားသည်“သောက်များသောက်ချင်အုံးမလား၊သောက်များ သောက်ချင်အုံးမလား”နဲ့တွေးပြီးမောင်မာက ထန်းရေအနံ့ ကို ရှူရှိုက်ကြည့်နေသည်၊ သောက်လိုစိတ် သောက်ချင်စိတ်က လုံးဝမပေါ်လာပါ၊ ထန်းရေအနံ့ကိုရှူရှိုက်ရင်း “မွှေးတယ်၊နံတယ်”စသည်ဖြစ်ခိုက်နာမ်ရုပ်ကိုရှုမှတ်လျက်သာ ထန်းပင်အောက် ထန်းရေအိုးအနီးမှာ အချိန်အတော်ကြာသွားသည်၊ မောင်မာ ထန်းရေ ပြန်မသောက် ဖြစ်တော့ပါ၊ သောက်ချင်စိတ်ကိုက လုံးဝ ဆိတ်သုဉ်း ကင်းပြတ်သွား၍ မသောက်တော့ခြင်း ဖြစ်ပါသည်။

## ဒေါ်ပုညဝတီခေါ်ဒေါ်ပို

ယခု ပုသိမ်မြို့သဒ္ဓမ္မသိတဂူကျောင်းတိုက် (မဟာစည်သာသနာ့ရိပ်သာ) ၌ သီလရှင်အဝတ်ဖြင့် ရှိနေသောဒေါ်ပိုသည် ယခင်က(အ-မ-က)ကျောင်းအုပ်ဖြစ်သည်၊ အသက်မှန်ကို ထိန်ချန်၍ နှစ်လျှော့ကာ ပြောခဲ့သည်၊ နောက်အကြောင်းညီညွတ်သောအခါ သဒ္ဓမ္မသိတဂူ ဆရာတော် ဦးအာစိဏ္ဏထံ၌ သတိပဋ္ဌာန်ဝိပဿနာတရားကို အားထုတ်သည်၊တရားမှန်ကိုတွေ့သိရသောအခါ မိမိအသက်လျှော့လိမ်လည်ခဲ့သည်ကို ပြန်၍ သတိရလာသည်။

“ငါအသက် လိမ်ပြော ခဲ့တယ်၊ အလုပ်ကို ဆက်လက် လုပ်နေပါက နောက်တက်လာမည့်

ကျောင်းဆရာသစ်များ၏လုပ်အားခကို ငါခိုးယူလုယက်ရာများ ရောက်နေမလား၊ ဒုက္ခပါဘဲ၊ ဒီလိုဆို ခက်ရချေရဲ့ လိမ်မှု၊ ခိုးမှု နှစ်မှုရောက်နေမှဖြင့်"

ယောဂီဒေါ်ပိုသည် ဤသို့တွေးကာ မထွေးနိုင်မအန်သာ မိမိအဖြစ်ကို စိတ်မလုံ ဖြစ်လာသည်၊ ဒေါ်ပိုသည် ရိပ်သာမှ ထွက်ခွါ၍ သက်ဆိုင်ရာ ရုံးတော်သို့သွားပြီး အသက်ကို လျှော့ကာ လိမ်လည်၍ ပြောခဲ့မိကြောင်း ကျမ်းသစ္စာကျိန်ဆိုလျက် ဖြောင့်ချက်ပေးလိုက်သည်၊ နောက်သုံးနှစ် ဆက်လက်လုပ်နိုင်သေးသော ကျောင်းအုပ်အလုပ် (လူမှုအခွင့်အရေး)ကိုလဲ နုတ်ထွက်စွန့်လွှတ်လိုက်တော့သည်၊ လိမ်လည်မှုဒုစရိုက် စသည်တို့၏ ရလပ်သံသရာအပြစ်ကို ဒေါ်ပို ကောင်းကောင်း ကြောက်လန့် သွားသည်၊ ဒါသည် တရားအမြင်မှန်ရရှိခြင်းကြောင့် ဖြစ်သည်။

## ပညာရှိများသိသာနိုင်ပါသည်

ဤအသက်လျှော့ လိမ်လည်ခြင်း၊ သူတပါးလုပ်အားခကို ခိုးယူခြင်းကြောင့် မုသာဝါဒ အဒိန္နာဒါန ဖြစ်မှု ထိုက်သင့်မထိုက်သင့်ကို ပညာရှင်များသာဆုံးဖြတ်နိုင်ရာပါသည်၊ သို့သော် တရားအမြင်မှန် ရလာသော ဒေါ်ပိုမှာ တရားအရှိန်အစော် အာနုဘော်ကြောင့် စိတ်ဓာတ် ဖြောင့်မတ်ကောင်းမွန်လာသည်ကတော့ သူ၏ အတွက်နှင့် ပတ်ဝန်းကျင်တလောကလုံးအတွက် လောလောဆယ် အမြတ်ထွက်ပါသည်။

ဒေါ်ပို၏ ပြုမှုဖြစ်ပျက်ပုံများသည် နီးစပ်ရာဆွေမျိုးသားချင်းများနှင့်ပတ်ဝန်းကျင်တခုလုံးကို အံ့ဩသွားစေသည်၊ တုန်လှုပ်သွားစေသည်၊ သူ့ပတ်ဝန်းကျင်သည် "ဒေါ်ပိုတရားအားထုတ်လို့ ရူးသွားပြီ၊ သနားစရာပါဘဲ"စသည် တွေးကြ ပြောကြသည်၊ 'ကဲတရားအားထုတ်ချင်အုံးကွ'ဟုကရုဏာဒေါသောပြောသူလည်းရှိသည်။

ဤအရာ၌ အမြင်မှန်ရှိသူနှင့် အမြင်မှန်မရှိသူတို့သည် ပြောဆိုမှုလည်းခြားနားသည်၊ ပြုလုပ်မှုလည်းကွဲပြားသည်သာ၊ ဒေါ်ပိုက အရူးပြော၍လည်းမမှု၊ အကောင်းချီးမွမ်းသော်လဲ ဟန်မပျက်၊ သံသရာဆင်းရဲဘေးမှ ကင်းဝေးရန်အတွက် သူ၏ဦးတည်ရည်ရွယ်ချက်အတိုင်း ဆက်လက်ပြီး တရားအားထုတ်နိုင်ရန် သီလရှင် ဒေါ်ပညာဝတီ အဖြစ်သို့ ကူးပြောင်းလိုက်ပါသည်။ ၁၂၆၄-ခုဘွားဖြစ်၍ အသက်ခုနစ်ဆယ်သုံးနှစ်တွင်းသို့ ရောက်နေပြီးဖြစ်သော ဒေါ်ပညာဝတီသည် ပုသိမ်မြို့ သဒ္ဓမ္မသီတဂူကျောင်းတိုက် (မဟာစည်သာသနာ့ရိပ်သာ)၌ယခုအသက်ထင်ရှား ရှိဘုန်းပင်ဖြစ်ပါသည်။

## ဤလိုတွေးမြင်မိသည်

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆောင်ငါးရာကျော်က ရှင်မဟာဥတ္တရာနှင့် ယခုလက်ရှိ ဒေါ်ပိုခေါ် ဒေါ်ပညာဝတီတို့၏ ဇာတ်လမ်းကို သုံးသပ်ကြည့်လျှင် ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် လိမ်ညာလိုစိတ်၊ ခိုးယူလိုစိတ်များနှင့် လိမ်လည်မှု၊ ခိုးမှုများကို မြစ်ချင်းပြီး အပြတ်ရှင်းနိုင်ကြောင်း ပေါ်လွင်လှပါသည်။

မြန်မာ ၁၃၀၀-ပြည့်၊ ခရစ် ၁၉၃၈ ခုနှစ်သည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရွှေဘိုဆိပ်ခွန်ရွာ ရွှေချက်တော် သိုမှီးရာအရပ်၌ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်ကို စတင်၍ ညွှန်ပြဟောပြောသော နှစ်ဖြစ်ပါသည်။

ဆိပ်ခွန်ရွာသား မောင်မာ၏ ဖြစ်ရပ်ကို သုံးသပ်လျှင်လည်း ဗုဒ္ဓမြတ်စွာ၏ တရားတော်သည် သေရည်သေရက်နှင့် ဘိန်း မူးယစ်ဆေး သုံးစွဲလိုစိတ်၊သုံးစွဲခြင်း အမှုယုတ်များကို အမြစ်ပြုတ် သုတ်သင်နိုင်ကြောင်းလည်း ထင်ရှားလှသည်၊ ဆရာကြီး ရွှေဥဒေါင်း၏ သောတာပန် အရိယာ အရက်သောက်သေးကြောင်း အဆိုအမိန့်သည်လည်း လက်တွေ့မရှိ၊ မပြည့်စုံသော ကိုယ်ပိုင် တွေးထင်မြင်ချက်မျှသာဖြစ်နေလေတော့သည်။

သို့ကြောင့်ရှင်မဥတ္တရာ၊ဒေါ်ပုညဝတီ၊မောင်မာတို့၏ ဖြစ်ပုံကို ခြုံကြည့်ပါလျှင် ဗုဒ္ဓမြတ်စွာ၏ သတိပဋ္ဌာန်ဝိပဿနာတရားတော်ကို လက်တွေ့ကျင့်သုံးပြီး အောင်မြင်သူချည်း ဖြစ်သွားပါက အကုန်မအောင်မြင်ဘဲ တချို့အောင်မြင်၍ အောင်မြင်သူများလာပါက ဒုစရိုက်အားလုံးတို့၏ မြစ်ဖျားခံရာမူလအခြေခံဖြစ်သော သေရည်သေရက်နှင့်တကွ မူးယစ်ဆေး ထုတ်လုပ် ရောင်းဝယ်ရာဌာနများ ပျောက်ကွယ်ပြီး သာယာအေးချမ်းသော လောကသစ်ကြီး ဖြစ်ပေါ်လာမည်ဟု စာရေးသူ၏လိုတွေးမြင်မိပါသည်။

## ဗလ-အား ငါးတန်

ဗလ-အား ငါးတန် ငါးမျိုးသည် ကာယဗလ ကိုယ်လက်ကြံ့ခိုင်ခြင်း၊ မိတ္တဗလ- မိတ်ဆွေကောင်း အပေါင်းအသင်းနှင့် ပြည့်စုံခြင်း၊ ဘောဂဗလ-စား ဝတ်နေ ဖူလုံပြည့်စုံခြင်း၊ ဉာဏဗလ-ဗဟုသုတအသိဉာဏ်နှင့် ပြည့်စုံခြင်း၊ စာရိတ္တဗလ- ကိုယ်ကျင့်သီလ စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်ပြည့်စုံခြင်း ဖြစ်သည်ကိုလူတိုင်း လိုလိုသိနားလည်ကြသည်သာ။

ဤဗလ(အား)ငါးမျိုးတို့တွင် စာရိတ္တဗလကိုယ်ကျင့်သီလ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ပြည့်စုံမှ မိတ္တဗလနှင့် ပြည့်စုံမည်၊ ယင်းမိတ်ဆွေ ကောင်းများထံမှ၊ မှန်ကန်သော ညွှန်ကြားနည်းပေးမှုကိုရမှ ဉာဏဗလနှင့်ပြည့်စုံမည်၊ ကာယဗလ နှင့်လည်း ပြည့်စုံမည်- ဘောဂဗလနှင့်လည်းပြည့်စုံမည်သာဖြစ်သည်၊ သို့ဖြစ်လျှင်ဗလငါးတန်တွင် အဓိက ပင်မအခြေခံအားသည် စာရိတ္တဗလဖြစ်ကြောင်း ကောင်းစွာ ထင်ရှားသိသာသည်၊ ဤဗလငါးတန်လုံးပြည့်စုံမှသာ "လူတော် လူကောင်း"ဖြစ်မည်အမှန်ပင်။

## ရဟန်းတော်ရဟန်းကောင်း

သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံစေတီယတောင်ပေါ်၌ နေသော အရှင်မဟာတိဿသည် မနက်စောစော "ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်" စသည် သတိပဋ္ဌာန်ပါဠိတော်နှင့်အညီ ဖြစ်ခိုက် ရုပ်နာမ်များကိုရှုမှတ်လျက်အနုရာဓမြို့တော်ဘက်သို့ဦးတည်ကာ ဆွမ်းခံဘို့ရာမနှေးမမြန် ခပ်မှန်မှန် ကြွလှမ်း၍ လာနေပါသည်၊ အနုရာဓမြို့တွင်းမှ အမျိုးသမီး တဦးကလင်ပွန်းနှင့် စိတ်ဆိုးရန်ဖြစ်ပြီး စောစောထ ဖီးလိမ်းပြုပြင်ကာ လင့်အိမ်မှဆင်းလာခဲ့ပါသည်၊ယင်းအမျိုးသမီးနှင့် အရှင်တိဿတို့ လမ်းခရီး တောကြီးထဲမှာ နှစ်ဦးချင်းဆုံမိကြသည်၊ အရှင်တိဿကို မြင်လျှင် အမျိုးသမီးစိတ်တွင်တမျိုးဖြစ်လာသည်၊ထို့ကြောင့် စက္ခုအိန္ဒြေမျက်လွှာချကာ တရားရှုမှတ် အားထုတ်လျက် လျှောက်လာနေသော အရှင်တိဿ သူ့ကို ကြည့်အောင် ကျယ်လောင်စွာ ရယ်သွမ်းသွေးလိုက်သည်၊ "အလို-ဘာပါလိမ့်"ဟုတွေးကာဖြုန်းကနဲအရှင်တိဿမော်ကြည့်လိုက်မိသည်၊ သနပ်ခါးဖုံဖုံလိမ်းကာ ရွှေသွားပေါ်အောင် ပြုံးသည်ဟူ၏သို့ အမျိုးသမီးက ချစ်စဖွယ် သွားပေါ်ရုံမျှပြုံး၍ပြသည်။

အမျိုးသမီး၏ ဖြူဖွေးသော သွားများကိုမြင်ရသော အရှင်တိဿစိတ်တွင် ချစ်စိတ် မဝင်ပါဘဲ အရိုးတုံးကြီးဟုသာ သိမြင်သွားသည်၊ အမျိုးသမီး တယောက်ပဲဟုမသိလိုက်၊ယင်းအရိုးစုအသုဘသညာကို ပွားစေလျက် အရှင်တိဿ ခဏချင်းပင် ပဌမဈာန်ကို ရသွားသည်၊

ပဌမဈာန် အဓိဂန္တွာတံ၊ ရပြီးသော ထိုပဌမဈာန်ကို။ ပါဒကံ ကတွာ၊ စ၍ မှတ်ရှုအခြေခံပြုလျက်၊ ဝိပဿနံ ဝဍ္ဎေတွာ၊ အသက် ကောင် လိပ်ပြာကောင်၊ ငါကောင်၊ အတ္တကောင် ဆိုဒါ မရှိဘူး၊ ဘုရားသခင်ဖန်ဆင်းလို့ဖြစ်ဘယ်ဆိုဒါလဲ မမှန်ဘူး၊ ကြောင်းကျိုးကွင်းဆက်ဖြစ်နေသော ရုပ်နာမ်အစဉ်မျှသာ ဧကန်အမှန်ရှိသည်၊ ဖြစ်ပေါ်လာပြီး နောက် ကွယ်ပျောက် ပျက်စီးသွားသော သဘောတရားမျှသာ၊ မမြဲဒါချည်း၊ လိုချင် မက်မောဘွယ် မကောင်းဒါချည်း အမှန်ဖြစ်သည် စသည်ဖြင့် သိသော ဝိပဿနာဉာဏ်ကို ရင့်သန်တိုးပွား ပြည့်စုံစေပြီး၍၊ မဂ္ဂပရမ္ပရာယ၊ မဂ်အဆင့်ဆင့်။အာသဝက္ခယံ

ပါပုဏ္ဏာတိ၊ အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်တော်မူသည်ဟု (ဝိသုဒ္ဓိမဂ်မဟာဋီကာ ၁၊၄၉) သိရပါသည်။

ဤအရှင်တိဿသည် ခဏအတွင်းမှာ သောတာပန်ဖြစ်သည်၊ သကဒါဂါမိဖြစ်သည်၊ အနာဂါမိဖြစ်သည်၊ရဟန္တာဖြစ်သည်၊ အသုဘကမ္မဋ္ဌာန်းကြောင့်ဖြစ်လေသလား၊ဝိပဿနာကမ္မဋ္ဌာန်းကြောင့်ဖြစ်လေသလားဟု စိစစ်သင့်ပါသည်၊ အသုဘကမ္မဋ္ဌာန်းကို ရှုပွားသူသည် (ဒသအသုဘာ ကာယဂတာသတိစ ပဋမဈာနိကာ-ဟူသော သင်္ဂဟအဋ္ဌကထာနှင့်အညီ) အမြင့်ဆုံး ပဌမဈာန်မျှကိုသာ ရနိုင်ပါသည်၊ ယင်းဈာန်မပျက်စီးဘဲ တည်မြဲလျက် ကွယ်လွန်လျှင် ပဌမဈာန် ဗြဟ္မာ့ဘုံသို့သာ သွားရောက်နိုင်ပါ၏။

အသုဘ ကမ္မဋ္ဌာန်း မျှဖြင့်တော့ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာလဲ မဖြစ်နိုင်ပါ၊ နိဗ္ဗာန်သို့လဲ မရောက်နိုင်ပါ၊အသုဘကမ္မဋ္ဌာန်းကို သုံးဆယ့်နှစ်ကောဋ္ဌာသကမ္မဋ္ဌာန်းကို ရှုပွား၍ ပဌမဈာန်ကို ရကာမျှဖြင့်လည်း မိမိသူတပါးတို့၏ ရှေးဖြစ်နောက်ဖြစ်များကို မသိနိုင်ပါ၊ ကောင်းကင်ပျံ မြေလျှိုးတန်ခိုးမပြနိုင်ပါ၊ သူတပါး၏ စိတ်အကြံအစည်ကိုလည်း မသိနိုင်ပါ၊ဘယ်သူဘယ်ဝါ လာလိမ့်မည်၊ ဘာဖြစ်လိမ့်မည် ဟုလည်း ကြိုတင် မဟော ပြောနိုင်ပါ။

ဤအသုဘကမ္မဋ္ဌာန်း ဆံပင်၊အမွေး၊လက်သည်း၊ ခြေသည်း၊ သွား၊ အရေပြား စသော ကောဋ္ဌာသကမ္မဋ္ဌာန်းများသည် ကာယာနုပဿနာ သတိပဋ္ဌာန်များဖြစ်ကြသည်၊ ယင်းကမ္မဋ္ဌာန်း များသည် ရာဂစရိုက် လောဘတဏှာအားကြီး၍ ဉာဏ်ထိုင်းသူများနှင့် သင့်လျော်သည်ဟု မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ မိန့်မှာထားတော်မူသည်၊ ထို့ကြောင့်တွေ့ရာ မြင်ရာလူတိုင်းကို အသုဘ ကာယဂတာ သတိကမ္မဋ္ဌာန်းဖြင့် အနာဂါမိ ရဟန္တာလုပ်ပေး၍ မဖြစ်နိုင်ကြောင်းပေါ်လွင်ထင်ရှားလှပါသည်။

အရှင် သာရိပုတ္တာရာသည် သုဝဏ္ဏကာရဆေရ်အား အသုဘကမ္မဋ္ဌာန်းတရားအပေးမှား၍ အကျိုးမထင် ပင်ပန်းရုံမျှ သုံးလေးလ ကြာသွားသည်၊ မြတ်စွာဘုရား ချီးမြှောက်မှ သုဝဏ္ဏကာရထေရ်တည်နေအတွင်းမှာ ရဟန္တာအဖြစ်သို့ရောက်ရသည်၊ ဤဖြစ်စဉ်အရ မြတ်စွာဘုရားမှတပါး အခြားသူများသည် ယောဂီအကြိုက် ကိုက်ညီအောင် ကမ္မဋ္ဌာန်း မပေးနိုင်ဟု ကောက်ချက်ပြုနိုင်ပါသည်။

ထို့ကြောင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သတိပဋ္ဌာနသုတ် စသည်တို့နှင့်အညီ သတိပဋ္ဌာန် လေးမျိုးလုံးကို ရောပြွမ်းလျက် ဒွါရခြောက်ပါးတို့မှ ဖြစ်ပေါ်ရာ ရုပ်နာမ်များကိုသာ ရှုပွားစေပါသည်၊ ယင်းသို့ ရှုပွားစေခြင်းဖြင့် စရိုက်ယောဂီအကြိုက်ကိုရွေး၍ ပေးနေစရာမလိုပါ၊ ယင်းတို့ကြိုက်နှစ်သက်ရာ သတိပဋ္ဌာန်ဖြင့် ဉာဏ်ရင့်ကာအရိယာဝိဇ္ဇာဖြစ်ကြမည်ပင်။

### အစဉ်အလာရှိခဲ့သည်

ဤအဖွဲ့ဂုဏ်ရောင် ထွန်းပြောင်စေသူ တရားတော်စည်းမျဉ်းအရ အဖွဲ့ကြီး လေးဖွဲ့မှာ ပါဝင်သူတိုင်းသည် အဘမြတ်စွာ၏မဂ်ဖိုလ်နိဗ္ဗာန်အမွေတော်ကြီးကို ပိုင်ဆိုင်ရယူ စံစားနိုင်ဘို့ရန် အမွေထိန်း အလုပ်ကိုလဲ စွမ်းနိုင်သမျှပြုလုပ်ရမည်၊ အမွေခံအလုပ်ကိုလဲ မရှောင်မလွဲ ပြုလုပ်ရမည်ကို သိခဲ့ကြရပြီ၊ မြတ်စွာဘုရားသည် အမျိုးသား ရဟန်းတော်များ အဖွဲ့၊ အမျိုးသမီး ရဟန်းတော်များ အဖွဲ့ကြီး အတွက် "ကာလည္ဈ-ဉာဏ်ထက် သူများ ဆယ်နှစ် စာသင်ပါ၊ စာသင်ပြီးလျှင် ဝိပဿနာတရားအားထုတ်ပါ" ဟု ဓမ္မညုသုတ် စသည်တို့မှာ သီးသန့် မိန့်တော်မူထားခဲ့သည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ငါးရာကျော်ခြောက်ရာတဝိုက်ဆီလောက်ဖြစ်သည်၊ သီဟိုဠ်နိုင်ငံမှ အမတ်တဦး၏သားအရွယ်ရောက်သော် သင်္ကန်းဝတ်သည်၊ ဆရာသမားကောင်းတို့၏ စောင်မချီးမြှောက်

မှုကြောင့် ဖိဋကတ်သုံးအုပ် နိကာယ်ငါးရပ် နှံ့စပ်ကျွမ်းကျင် စာချဓမ္မကထိက ဂဏပါမောက္ခ ဂဏာစရိယဂိုဏ်းဆရာကြီးဖြစ်လာသည်၊ဘွဲ့တော်မှာ အရှင်ကာဠုဗုဒ္ဓရက္ခိတဖြစ်သည်၊ တပည့်ပေါင်းများစွာဖြင့် ဥပဇ္ဈာယ်(ငယ်)ဆရာတော်ထံ ဖူးမျှော် ကန်တော့ရန် ရောက်လာသည်၊ သူ့ဆရာတော်က သူ့အား မျက်နှာချင်းဆိုင်စကားမပြောပဲနေသည်"ဘာအပြစ်များရှိပါသလဲ"ဟုသူကလျှောက်သည်၊ "အခုလိုစာတတ်ရုံမျှဖြင့်ရဟန်းကိစ္စပြီးပြေပြီမှတ်နေသလား"ဟု ဆရာတော်ကမေးသည်၊ "ဘုရားတပည့်တော်ဘာကို ပြုလုပ်ရဦးမှာလဲဘုရား"ဟုအရှင်ကာဠုဗုဒ္ဓရက္ခိတ က လျှောက်သည်၊"ဂဏပလိဗောဓများနဲ့ ကြွင်းသောပလိဗောဓများကို ဖြတ်ပယ်ပြီး စေတိယတောင်ထိပ်ကျောင်းသွားပြီး သမဏဓမ္မခေါ် ဝိပဿနာတရားကို အားထုတ်ချေဦး"ဟု မိန့်တော်မူသည်။

အရှင်ကာဠုဗုဒ္ဓရက္ခိတသည်ဆရာတော်ဘုရား၏အမိန့်ဖြင့်တရားအားထုတ်သည်ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ကာ စတုတ္ထဆင့် အထွတ်အထိပ်အရိယာဝိဇ္ဇာအဖြစ် ရောက်တော်မူသွားသည်၊ ဤသည်မှာ မဇ္ဈိမနိကာယ် မဟာသစ္စကသုတ်အဋ္ဌကထာလာဖြစ်သည်၊ အရှင်ကာဠုဗုဒ္ဓရက္ခိတသည် ယခင်က သစ္စကပရိဗိုဇ်ဝင်စားသည်ဟု သိရသည်၊ ဤဖြစ်ရပ်က စာသင်ပြီးလျှင် တရားအားထုတ်ရသောအစဉ်အလာရှိကြောင်း ကောင်းကောင်းကြီး ပေါ်လွင်ထင်ရှားစေသည်။

ဤတရားတော် စည်းမျဉ်းအရ၊ ဗုဒ္ဓမြတ်စွာအလိုတော်မှာ အမွေထိန်းအလုပ်၊ အမွေခံအလုပ်ကိုကျွမ်းကျင်စွာ အားထုတ်ပြီးမှသာ ကျောင်းထိုင်ဘုန်းကြီး၊ စာချဘုန်းကြီး၊ ကမ္မဋ္ဌာန်းနည်းပြဘုန်းကြီး၊ တရားဟော ဓမ္မကထိကဘုန်းကြီး ပြုလုပ် စေတော်မူလိုကြောင်း ပေါ်လွင်ထင်ရှားသည်၊ ထို့ကြောင့်

နှစ်ပါးဓုရ၊ ကျနသေချာ၊
လေ့လာပြွမ်းတီး၊ တတ်ပြီမှသာ။
ကျောင်းထိုင်စာချ၊တရားပြကာ။
သာသနာကျိုး၊သည်ပိုးဆောင်ရွက်ပါ။

ဟူ၍ ဗုဒ္ဓမြတ်စွာအလိုတော်ကို သရုပ်ဖော်လိုက်ရပါသည်၊ ဤဗုဒ္ဓမြတ်စွာအလိုတော်ကျကျင့်ဆောင်ကြမှ သာရဟန်းတော်ရဟန်းကောင်းများ ထွန်းကားပေါ်များလာမည်မဟုတ်ပါလော။

### သာသနာတော်ကို ဖျက်ဆီးသူတွေ

ဤအဖွဲ့ဂိုဏ်းရောင် ထွန်းပြောင်စေသူတရားတော်ကြီး၌ ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် အမွေထိန်းအမွေခံ အမွေစံ စည်းမျဉ်းများ မိန့်မှာ ချမှတ်ထားတော်မူခဲ့သည်ကို ဆောက်ဆသော အားဖြင့် လက်ရှိမျက်မှောက်ခေတ်မှာ "တရားအားထုတ်နေစရာ မလိုပါဘူး"ဟု မျက်နှာပြောင်တိုက်၍ရှက်ကြောက်ကင်းမဲ့စွာ ပြောဟောနေကြသူများကို "ဗုဒ္ဓဆန့်ကျင်ရေး သာသနာဖျက်များ"ဟု ကင်ပွန်းတပ်သင့်မတပ်သင့် စာရှုသူသာ တွေးချင့်စဉ်းစားပါလေတော့။

### အချုပ်ကိုဆိုရပါလျှင်

ဤအဖွဲ့ဂိုဏ်းရောင်ထွန်းပြောင်စေသူ တရားတော်နှင့်ပတ်သက်၍ ရှင်မဥတ္တရာ၊မောင်မာ၊ ဒေါ်ပို၊ အရှင်တိဿ၊ အရှင်ကာဠုဗုဒ္ဓရက္ခိတတို့ကိုထုတ်ပြခြင်းမှာ အမွေကိုစံစားရအောင် အမွေခံအလုပ်ကိုရင်း၊ ယင်းအမွေစံ၊အမွေခံ ကာလရှည်တည်တံ့နေအောင် အမွေထိန်းအလုပ်ကိုရင်း၊ အဖွဲ့ကြီးလေးဖွဲ့မှာပါဝင်သူတိုင်း မပြုလုပ်ချင်မနေရ။

အမွေခံအလုပ်ကိုအားထုတ်ပါလျှင် ပါရမီဉာဏ်အားလျော်စွာ ရှင်မဥတ္တရာ၊မောင်မာ၊ဒေါ်ပို၊အရှင်တိဿ၊ အရှင်ကာဠုဗုဒ္ဓရက္ခိတတို့ကဲ့သို့အရိယာဝိဇ္ဇာဖြစ်သွားနိုင်သည်၊ သို့ဖြစ်သွားလျှင် ကိုယ်ကျင့်သီလမြဲခိုင်၍ စာရိတ္တဗလ-စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကာကျန်ဗလလေးမျိုးပါပြည့်စုံပြီး လူတော်လူကောင်း၊ ဘုန်းကြီးတော် ဘုန်းကြီးကောင်းများ ဖြစ်ကြပါမည်၊ အတော်အကောင်းများဖြစ်ဖို့ရာ ဗလငါးတန်ပြည့်စုံရေးအတွက်ကို ဗုဒ္ဓမြတ်စွာသာသနာတော်ကလုံးဝတာဝန်ယူထားပါသည်၊ ထို့ကြောင့် တရားအားထုတ်ခြင်းစသော ဘာသာရေးများကိုဆောင်ရွက်လုပ်ကိုင်နေကြခြင်းသည် အလုပ်ပိုဖြစ်သည်၊ အချိန်ဖြုန်းခြင်းဖြစ်သည်ဟု ပြောဆိုလာလျှင် ထိုသူ

သည်လောကငြိမ်းချမ်းရေးကို ပျက်ပြုန်းဆိတ်သုဉ်း အောင် ဖျက်ဆီးသူ အဖျက်သမားသာ ဖြစ်မည် အမှန်။

### တိုင်းပြည်တိုးတက်တည်တံ့ရေး

မျက်မှောက်ခေတ်မြန်မာနိုင်ငံသည် အတော်အသင့် အဆင့်မြင့်လာပြီဖြစ်သည်၊ သိပ္ပံ -- ဝိဇ္ဇာပညာများကို ကောင်းစွာသင်ယူနိုင်ကြပြီ၊ ယခင်ကနိုင်ငံခြားသို့သွားရောက်သင်ယူရသော ဘွဲ့ဒီဂရီများကိုပင် ယခုမိမိနိုင်ငံတွင်းမှာ သင်ယူနိုင်ခွင့်ရှိလာပြီးဖြစ်သည်။

ဗုဒ္ဓဘာသာ တရားတော်များကို စာတွေ့လေ့လာနိုင်ရန် ပါဠိတော်မြန်မာပြန် ကျမ်းစာများနှင့် အခြားကျမ်းစာများ မြောက်မြားစွာရှိသည်၊ ကိုယ်တွေ့လေ့လာနိုင်ရန် တရားအားထုတ်ရာ သာသနာ့ရိပ်သာများလည်းအသင့်ရှိသည်သာ။

ထို့ကြောင့် ငါတို့ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးမပြိုကွဲမပျက်စီးဘဲ အရှည်သဖြင့်တိုးတက်ခိုင်မြဲတည်တံ့သွားအောင် လူတော်လူကောင်းများမွေးထုတ်ပေးရမည်၊ ယင်းလူတော်လူကောင်းများထွက်ပေါ်ထွန်းကားပေါများလာရေးအတွက်ကို နိုင်ငံတော်က လူမှုရေးအရ တာဝန်ယူ၍ သာသနာရေးနည်းအရလည်းတာဝန်ယူရမည်ပင်ဖြစ်သည်၊ လူတော်လူကောင်းများတိုးပွားလာလျှင်၊အနာဂတ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အဖက်ဖက်မှ ပြည့်စုံကြွယ်ဝလာမည်၊ ကမ္ဘာ့အလယ်မှာ ခန့်ထယ်လာမည်၊ ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ရှေ့ဆောင်နိုင်ငံကြီးဖြစ်လာမည်ဟု ချွင်းချက်မရှိယုံကြည် မှန်းမြော်မိသည်။

နိုင်ငံတော်လူမှုရေး၊
လူတော်တွေမွေးထုတ်ပေး။
နိုင်ငံတော်သာသနာရေး၊
လူကောင်းတွေမွေးထုတ်ပေး။
လူကောင်းလူတော်၊ရှေ့ဆောင်သော်၊
ကမ္ဘာကျော်ကြားမြန်မာများ။
ဟေ့..ဗိုဒ့်..တိုင်းရင်းသား။
ခေတ်ပညာကိုကြိုးစား။
သာသနာကိုရိုညွတ်တွား။
ကိုယ်တိုင်လေ့လာအားထုတ်ပွား။
သတိပဋ္ဌာန်အမြတ်ထား။
ဝိပဿနာအမှတ်တရား။
သရက်--အောင်မင်္ဂလာဟောညွန်ကြား။
ကိုယ်-စိတ်ကြံ့ခိုင် သည်းခံနိုင်မှ

သာသနာပြုခရီးလှည့်လည်သွားလာရခြင်းသည် ဆင်းရဲပင်ပန်းလှသည်။မိမိနေရာ၌နေရသကဲ့သို့ စိတ်အလိုကျမချမ်းသာပါ၊ မတ်မတ်ထ၍ မရပ်သာ မစောင်းသာ မလှဲ့သာဘဲ တနေကုန် ထိုင်လျက်စီးရသောယာဉ်များဖြင့် သွားရသည်လည်းရှိသည်၊ထိုအခါကိုယ်မကြံ့ခိုင်ပါက ကျန်းမာရေး ပျက်စီးသွားတတ်ပါသည်၊ စိတ်မကြံ့ခိုင် သည်းမခံနိုင်ပါက"ငါလိုကျော်ကြား သော ပုဂ္ဂိုလ်နှင့် လိုက်ဖက်ချမ်းသာအောင် မစီစဉ်ရစကောင်းလား"ဟုစိတ်နှလုံးညှိုးနွမ်းပင်ပန်းဆင်းရဲရတတ်သည်၊ မမျှ သိပ် နိုင် လျှင် ဆောင်ရွက်သူတာဝန်ခံများကို မျက်နှာမရှင်၊ ဖြစ်တင်ကြိမ်းမောင်းမိတတ်သည်လည်းရှိနိုင်ရာသည်။

### သည်းခံခွင့်လွှတ်နိုင်သောထေရ်မြတ်မဟာစည်

ဤစာရေးသူသည် ဖော်ပြပါခရီးမျိုးကိုဖော်ပြပါယာဉ်မျိုးဖြင့် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူ သွားရဘူးပါသည်၊ ဆရာတော်ဘုရားကြီးကျန်းမာရေးချို့တဲ့သည်ကို မတွေ့ခဲ့ရပါ၊ ကိုယ်ကာယကြံ့ခိုင်လှပါသည်၊ ဤလိုခရီးစဉ်ဤလိုယာဉ်မျိုးဖြင့် သွားရခြင်းကြောင့် ဆရာတော်ဘုရားကြီး၏မျက်နှာတော်တွင်မျှ အလိုမကျ စိတ်နှလုံးမချမ်းသာသော အရိပ်အသွင်မပေါ်လွင်၊ ချမ်းမြေ့ကြည်ရွှင်သောမျက်နှာတော်ကိုသာ ဖူးမြင်ကြည်ညိုပီတိစိုခဲ့ရပါသည်၊ဤမျှလောက် လောကဓံကြုံ မဖြုံတမ်းစိတ်ဓာတ်တော် အားအစွမ်း သန်မာခန့်ကျန်းသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမှာ ဆောင်

ရှက်သူတို့အား ခွင့်မလွှတ်နိုင်ဘဲ မလျော်ကန်သော ပြစ်တင်ပြောဆိုကြိမ်းမောင်းခြင်း ဝစီကံမှုစသည်ကို အဘယ်သို့လျှင် တွေ့မြင်နိုင်ပါမည်နည်း။

## ခဏစောင့်နေရသော်လည်း

ဤစာရေးသူရေချိုးခန်း၌ ရေချိုးနေစဉ် ပင်လယ်ရေငန်ချိုးပြီး၍ ရေချိုချိုးဘို့ရာ ဆရာတော်ဘုရားကြီးရောက်လာသည်၊ ကပ္ပိယက ဆရာတော်ဘုရားကြီး ကြွရောက်လာပြီဖြစ်ကြောင်း သတင်းပို့သည်၊ဤစာရေးသူက'ခဏမျှသည်းခံဆိုင်းငံ့ သီတင်းသုံးတော်မူပါဘုရား"ဟု ရေချိုးခန်းတွင်းမှလျှောက်ထားပန်ကြားရသည်၊ဆရာတော်ဘုရားကြီးကို အကဲခပ်ရသည်မှာ"ငါလိုဆရာတော်ကြီးကိုများ ဦးစားမပေးဘဲ စောင့်နေစေရသလား"ဟူသော မနှစ်သက်ခွင့်မလွှတ်နိုင်ဟန် အမူအရာမျိုးကို လုံးဝမတွေ့မမြင်ရပါ၊ ဟန်ဆောင်ခြင်းကင်းစင် တည်ငြိမ်ကြည်လင်သောမျက်နှာတော်ကိုသာ ဖူးတွေ့ရပါသည်၊"ဖြုန်းစားကြီးအခွင့်မသာသဖြင့် ဆရာတော်ဘုရားကြီးကို ခဏစောင့်ဆိုင်းသည်းခံတော်မူပါရန် ခွင့်ပန်ထားရခြင်းကြောင့်အပြစ်များ ဖြစ်နေလေမည်လားဟု"စိုးရွံ့ထိတ်လန့်နေသော စာရေးသူ၏စိတ်ကို အပြစ်မပြုခွင့်လွှတ်မှု ရနံ့ပြည့် ပေါ်လွင်သော ဆရာတော်ဘုရားကြီး၏ မျက်နှာတော်က ဖျောက်ပယ်ကာ မေတ္တာရည်ဆွတ်ဖြန်း ငြိမ်းချမ်းစေတော်မူပါသည်။

## အတူတူလာခဲ့တာဘဲဥစ္စာ

တညသ၌ ဆရာတော်ဘုရားကြီးအား နင်းနှိပ်ဝတ်ပြုဘို့ရာ ဤစာရေးသူကစီစဉ်ပါသည်၊ ဆရာတော်ဘုရားကြီးကလက်မခံပါ၊ "အတူတူလာခဲ့တာဘဲဥစ္စာ၊ အတူတူခရီးပန်းတာပေါ့၊ မလိုပါဘူး"ဟု ဇွတ်ငြင်းပယ်တော်မူနေ၍ စာရေးသူလက်လျှော့ခဲ့ရဘူးသည်။

ဆရာတော်ဘုရားကြီးသည် ဤမျှအစစအရာရာကို သည်းခံစောင့်စည်းတော်မူနိုင်စွမ်းသည်၊ တဖက်သားကို ကိုယ်ချင်းစာနာ ငဲ့ညှာတော်မူတတ်သည်၊ ဦးစီးခေါင်းဆောင် အကြီးအကဲတို့၌ရှိရမည့် ချိန်ဆမြော်မြင်တတ်ခြင်း ဣက္ခဏာဂုဏ်၊ သနားတတ်ခြင်း ဒယာဂုဏ်၊ သည်းခံတတ်ခြင်း ခမာဂုဏ်၊ ကြည်ညိုလေးစားထိုက်သော ပိယဂရုဂုဏ်စသည်တို့နှင့် အကြွင်းမရှိ ပြည့်စုံတော်မူကြောင်းကို မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူနေ ကြာရှည်လေ ့ တွေ့သိရလေဖြစ်ပါသည်။

## မဇင်မှ မထွက်ခွါမီ

၁၉၇၃ ခု၊ မတ်လ(၁၁)ရက်နေ့သည် ၁၃၃၄ ခု၊ တပေါင်းလဆန်း ၈-ရက်၊ တနင်္ဂနွေနေ့ဖြစ်သည်၊ ထိုနေ့မနက်ခင်း သိမ်ကုန်းကျောင်းတိုက်မှာ ဤစာရေးသူသည်၃-ကြိမ်ဥပုသ်သီလပေးရသည်၊ ထိုနေ့ညမှာ လေယာဉ်ဆိပ်တည်ရှိရာ မဇင်ရွာအောင်စကြာကျောင်း၌ တရားပွဲဖြစ်သည်၊ လေယာဉ်အော်ပရေတာဦးအောင်သိန်းနှင့် မဇင်ကျေးရွာဒါယကာ လူကြီး မင်း များ က ကျောင်း ထိုင် ဆ ရာ တော် အား လျှောက်ထားတိုင်ပင်စီစဉ်ကျင်းပကြပါသည်။

## ဗုဒ္ဓမြတ်စွာကြေညာခြင်း

"ရိုးသား ဖြောင့်စင်း ဟန်ဆောင်ကြွားဝါ လိမ်ညာခြင်းကင်းသော အိုးပညာရှိသူတော်ကောင်း၊ငါ့ဘုရားထံလာခဲ့စမ်းပါ၊ ငါဘုရားညွှန်ပြတော်မူသော သတိပဋ္ဌာန်ဒေသနာတော်အတိုင်းသာ စနစ်တကျရှုမှတ်အားထုတ်စမ်းပါ၊ သို့အားထုတ်ပါလျှင်၊ ၇ရက်အတွင်း၊ ၁၅-ရက်အတွင်း၊ တလအတွင်း၊ နှစ်လအတွင်းစသည်၊ တနှစ်အတွင်း၊ နှစ်နှစ်အတွင်းစသည်၊ ၇-နှစ်အတွင်း၌ အနာဂါမ်ရဟန္တာ ဖြစ်စေရမည်၊ မဂ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ဆိုက်ရောက်မျက်မှောက်ပြုနိုင်ရမည်၊ ကိုယ်-စိတ်ဆင်းရဲခြင်းများမှ ကင်းလွတ်သွားစေရမည်၊ စိုးရိမ်ပူဆွေးခြင်း ကင်းပျောက်၍၊ ကျမျက်ရည်ခန်းခြောက်စေရမည်၊ စိတ် အ ညစ် အကြေးများလဲကင်းစင်သွားစေရမည်"ဟု ဗုဒ္ဓမြတ်စွာ၏ကြေညာတော်မူချက်ကို နိဒါန်းချီသွယ်အကျယ်ဖွင့်ကာ ညဦး ၇-နာရီခွဲမှ ၈-နာရီခွဲထိ ဆရာတော်

ဘုရားကြီးက တနာရီကြာ ဟောကြားတော်မူပါသည်၊ ၈--နာရီခွဲမှ ၁၀--နာရီခွဲအထိ နှစ်နာရီကြာ ဤစာရေးသူက "အဖွဲ့ဂုဏ်ရောင်ထွန်းပြောင်စေသူ တရားတော်ကြီး" ကို ချီး၍ ပြီးဆုံးအောင်ဟောပါသည်။

### အန္တရာယ်ကင်းကွာချောမောစွာ

မတ်လ ၁၂--ရက်နေ့ညနေ ၅-နာရီမှာ ရခိုင်ပြည်ဒွါရာဝတီမြို့တော်၏ မဇင်လေဆိပ်မှထွက်ခွါ၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ခေါင်းဆောင်သော ပဋိပတ္တိသာသနာပြုအဖွဲ့ကြီးသည် မင်္ဂလာဒုံလေဆိပ်မှရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ အန္တရာယ်ကင်းကွာ ချောမောစွာ ပြန်လည်ဆိုက်ရောက်ကြပါသည်။

### ဝတီလေးရပ်ပြောစမှတ်

အနောက်ပြေခေါ် ရခိုင်ပြည်၌ ဝတီလေးရပ်ရှိကြောင်းကို ယခုတိုင်ပြောစမှတ်ပြုလျက်ရှိပါသည်၊ ၎င်းတို့မှာယခုစစ်တွေ ယခင်ဓညဝတီ၊ ယခုရမ်းဗြဲ၊ ယခင်ရမ္မာဝတီ၊ ယခုမာန်အောင်၊ ယခင်မေဃဝတီ၊ ယခုသံတွဲ၊ ယခင်ဒွါရာဝတီတို့ဖြစ်သည်၊ ဒွါရာဝတီမြို့တော်မှသည် သံတွဲမြို့ဖြစ်သွားပုံကို သိလိုပါလျှင် ခုဒ္ဒကနိကာယဇာတက အဋ္ဌကထာပါဠိစတုတ္ထဒသကနိပါတ ဃဋပဏ္ဍိတဇာတက (စာ-၇၀)အမရပူရနေပြည်တော် မင်္ဂလာဘုံကျော် ညောင်ကန်ဆရာတော်ရေး ငါးရာငါးဆယ် ဇာတ်တော်ကြီး ဝတ္ထုတတိယတွဲ ဃဋပဏ္ဍိတဇာတ်(စာ-၆၁၇)တို့၌ကြည့်ရှုနိုင်ပါသည်။

### ကျေးဇူးတင်စွာမှတ်တမ်းတင်ပါသည်

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားအား ရခိုင်ပြည်သို့ ပင့်ဆောင်သူသံတွဲမြို့မှဒါယကာကြီး၊ ဦးနု၊ ဦးဘိုးသာ၊ ဦးထွန်းအေး စသောဒါယကာများနှင့် ဆရာတော်များ၊ တရားနာပရိသတ်ကြီးအား၎င်း၊ တောင်ကုတ်မြို့မှ သံတွဲမြို့သို့လာရောက်ပင့်ဆောင်ကြသူ ဦးမောင်ကျော်၊ ဦးဘဟန်ကြီးနှင့်ဦးသာလှ၊ ဦးဆင့်၊ ဦးဘအို၊ ဦးကျော်တင့်၊ ဒေါ်ခင်တင့်၊ သမီးကျောင်းဆရာမ မခင်ဝင်းပါဝင်သော တောင်ကုတ်မြို့ဒကာဒကာမများ၊ တရားနာပရိသတ်များ၊ ဝိသုဒ္ဓါရုံကျောင်းဆရာတော်နှင့်တကွ မြို့ပေါ်ရှိ ဆရာတော် သံဃာတော်များအား၎င်း၊ ကင်းမော်ရွာမှ ကျောင်းဆရာဦးဘသိန်းနှင့် တရားပွဲဆောင်ရွက်သူဒကာဒကာမများ၊ တရားနာပရိသတ်များ ကျောင်းကြီးကျောင်းဆရာတော်နှင့် ကင်းမော်ရွာရှိ ဆရာတော် သံဃာတော်များအား၎င်း၊ မဇင်ကျေးရွာမှ ဦးမောင်မောင်ကြီး၊ ဦးဖိုးချစ်၊ ဦးယက်သဲ့၊ လေယာဉ်အော်ပရေတာ ဦးအောင်သိန်း စသောဒကာဒကာမများ၊ တရားနာပရိသတ်များ၊အောင်စကြာကျောင်းဆရာတော်တို့အား၎င်း၊ အစစအဆင်ပြေ ချောမောအောင် ကူညီဝိုင်းဝန်းဆောင်ရွက်ကြကုန်သော စစ်ဘက်နယ်ဘက်ဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဘက်ဆိုင်ရာဝန်ထမ်းများအား၎င်း၊ အရိယာဝိဇ္ဇာ ဖြစ်အောင် မဟာသတိပဋ္ဌာန်ဝိပဿနာတရားအလုပ် အားထုတ်နိုင်ကြပါစေကြောင်း ပတ္တနာပန်ဆင် မှတ်တမ်းတင်လိုက်ပါသည်။

ကိုယ်စိတ်ချမ်းသာ၊ ဘေးရန်ကွာ၊ ကောင်းစွာ ကိုယ့်တွက်ဆောင်ရွက်နိုင်ပါစေ။

သရက်–အောင်မင်္ဂလာ အချုပ်စ၁၀ရ

မဟာစည် ရွှေလမင်း၏

ငွေကြယ်တပည့်တသင်းတို့ ဒေသနာခရီး ကဏ္ဍ

# မိုးထိတောင်ကိုကျော်၍ သာသနာပြုခြင်း

## ဆရာတော်အရှင်ဇဋိလ သိရိပဝရဓမ္မာစရိယ

## ပါဠိပါရဂူ-တင်ပြသည်

ကမ္ဘာ၌ အမြင့်ဆုံးဖြစ်သော ဝေရက်တောင်၊ မြန်မာပြည်၌ အမြင့်ဆုံးဖြစ်သော "ခါကာဘိုရာဇီ" တောင်တို့ကိုသိသူများပေလိမ့်မည်၊ "မိုးထိ"တောင်ကိုကား သိသူနည်းမည်ဖြစ်၏၊ အကြောင်းမှာ မိုးထိတောင်ကို ရခိုင်ဘက်သို့ တောင်ကုတ် တောင်ကြားလမ်းမှ သွားဘူးသူများသာ တွေ့နိုင် သောကြောင့် ဖြစ်ပါ၏။ တချိန်က စာရေးသူသည် မိုးထိတောင်ကို ဖြတ်ကျော်ကာ သာသနာပြုခဲ့ရဘူးလေသည်။

### မှတ်မိပါသေးသည်

နေ့ကား ၁၃၃၅-ခု တန်ခူးလဆန်း ၅-ရက်နေ့က ဖြစ်ပါ၏၊စာရေးသူသည် ရခိုင်ပြည်တောင်ကုတ်မြို့နယ် ရွာမရွာမှ ယောဂီဟောင်းဖြစ်သော ဦးသာထီး-ဒေါ်ညို သမီး မညွန့်တင်တို့၏ တရားဟောတရားပွဲ ပင့်ဆောင်ချက်အရ ပျဉ်းမနားမြို့မှရခိုင်သီလရှင် ဒေါ်ကေသီ၊ သစ်လေးလုံး ရွာမှ သမားတော်ကြီး ဦးဖိုးရင်၊ ပြန်ကပြေးရွာမှ ဦးအေး၊ ဦးကြင်ရှိန်၊ ကျောင်းအမ ဒေါ်မြကြည်နှင့်ယောဂီပုံစုံသူအမျိုးသမီးများ၊ ကျောင်းသားလေး မောင်သိန်းနိုင်ပါ ၁၀-ဦးသော် အဖွဲ့ဝင်တို့နှင့်အတူ ရခိုင်ဘက်သို့ ခရီးထွက်ခဲ့လေသည်။

ပျဉ်းမနားမှ ရထားဖြင့် တောင်တွင်း၊ တောင်တွင်းမှကားဖြင့် ပြည်၊ပြည်မှမော်တော်ဖြင့်ဆင်တဲ၊ ဆင်တဲမှ ကားဖြင့် ပန်းတောင်းသို့ ရောက်ကြ၏၊ ပန်းတောင်းအစိုးရ ကားဂိတ်၌မူ ရခိုင်ဘက်သို့ သွားမည့် ခရီးသည်တွေပြည့်နေ၍ ကြိုတင်စာရင်းပေးကာ ၂-ညအိပ်စောင့်ရ၏။

### အသွားအလာခရီး ကားပြဿနာ

နံနက်လင်းသည်ဆိုလျှင်ပင် ကားဂိတ်၌ ဟီးနိုးကားပြာကြီးများအဆင်သင့်ရောက်နေလေပြီ။လက်မှတ်ယူ ပစ္စည်းများကို ရှေးဦးစွာတင်၊ လူတွေကို စာရင်းနှင့်ခေါ်ကာ ကားပေါ်တက်စေပြီး အဆင်သင့် ဖြစ်သောအခါ ကားလေးစီးတွင် နောက်ဆုံးအလံပြာတပ်ထားသောကားမှ အုပ်ချုပ်သူက "ထွက်ဟေ့"ဟု အော်လိုက်ရာ ရှေ့ဆုံးမှအလံနီနှင့် ကား

သည် စက်နိုးပြီး စတင်ထွက်တော့၏၊ နောက်ကကား များလည်း ထက်ကြပ်မကွာ လိုက်ကြ၏၊ တဖြေး ဖြေးနှင့် တောင်တန်းရှည်ကြီးကို တက်စပြုပါပြီ။

ထိုတောင်တက်အစ၌ မှတ်ပုံတင်များကို ရဲများ က စောင့်၍ စစ်ဆေး၏၊ ရဟန်းတော်နှင့် သီလရှင် များမှတပါး မှတ်ပုံတင်မပါက ခရီးသွားခွင့်မပြုပေ၊ မှတ်ပုံတင်များကိုစစ်ဆေးပြီးနောက် အားလုံး ကား ပေါ်ပြန်တက်ပြီး ဆက်လက် ထွက်ခွာလာကြ၏၊ တောင်ပေါ် ကားလမ်းမှာ မြင့်၍ မြင့်၍ လာ၏၊ အကွေ့အကောက်ကလည်းများလှပေသည်၊အကွေ့ တထောင်၊ အကောက်တထောင် ဝင်္ကဘာတောင်ကဲ့ သို့ပင်၊ ဤ တောင် ကုတ် တောင် ကြား လမ်းမှာ အကွေ့အကောက်ပေါင်းတထောင်ခန့်ရှိသည်ဆို၏။

(က-လ-သ-ဖ)မှ ကားပြာကြီးများမှာစက်ကောင်း ဘရိတ်ကောင်းရုံမက မောင်းသူများကလည်း ကျင် လည်လှသဖြင့် ထိုတောင်တက် အကွေ့ အကောက် များကို မြေပြင်မှာကဲ့သို့လျင်မြန်စွာ ပြေးနိုင်ကြ၏၊ "ရခိုင်ပြည်အသွားအလာခရီးမှာ ကားပြာစီးပါ"ဟု ဆိုချင်တော့သည်။တဖြေးဖြေးနှင့် ညောင်ကျိုးစခန်း သို့ရောက်ရာ ခေတ္တနားကြ၏၊ ဆက်လက်၍ ထွက်ခွာ ပြန်ရာ လမ်းမှာ မြင့်သည်ထက် မြင့်လာတော့သည်၊ မကြာမီ အလွန်မြင့်သောနေရာတခုသို့ ဖြတ်ကျော် လာခဲ့၏။

"ဟိုမှာ မိုးထိတောင်"အနီးရှိ ကားအတူစီးလာ သော ရမ်းဗြဲမှ ရဟန်းတော် တပါးကပြ၍ မော့ ကြည့်လိုက်ရာ ဖြတ်ကျော် လာခဲ့သည့် မိုးထိမတတ် တိမ်ထဲသို့ ထိုးဝင်ကာ အမြင့်ပေ ၃၂၇၃ ရှိ မိုးထိ တောင်ကို တွေ့ရလေသည်။

**တောင်ကြီး-ကားအောက်၊ လှိုင်းကြီး-လှေအောက်**

"တောင်ကြီး ဖဝါးအောက်၊ လှိုင်းကြီး လှေ အောက်"ဟု ရှေးဆိုစကား ရှိသည်ကို စာရေးသူ ငယ်စဉ်က မှတ်သားခဲ့ဘူး၏၊ ယခုခေတ်ကား စက်မှု ခေတ် ဖြစ်၍ မိုးထိတောင်ကဲ့သို့သော တောင်ကြီး များသည် ကားအောက်သို့ရောက်ရ၍ ပင်လယ်လှိုင်း လုံးကြီးများသည်လည်း စက်တပ်မော်တော် သင်း ဘောများအောက်သို့ ရောက်ရချေပြီ။ တောင်ပေါ် ကားလမ်းမှာ မြင့်ရာမှ နိမ့်ဆင်းလာ၏၊ နံနက် ၁၁ နာရီခန့်တွင် ရေပေါ်ကြီးစခန်းသို့ရောက်ရာ စားကြ သောက်ကြ၏၊ ရခိုင်ဆိုင်မှ ရခိုင်ငရုပ်သီးချက်မှာ ခံ တွင်းလိုက်လှသည်၊အချို့မှာကား မူးပြီးအန်မှာ စိုး ၍ ထမင်းမစားဝံ့ကြ၊ စားသောက်ပြီးနောက် ဆက် လက်ထွက်ခွါလာရာ သရက်၊ပိန္နဲ၊နဂ္ဂါ၊ကနစို၊ ကတွတ် စသော အသီးနှင့် တက္ကသော အပင်များ ကိုရှင်း၊ မျောက်များ၊ တောဆိတ် များနှင့် ငှက်မျိုးစုံ တို့ကို ၎င်း၊ ညို့ညို့မှိုင်းမှိုင်းရှုမဆုံးသည့် ကောင်ပြင်ကျယ် ကြီးကို၎င်း၊ ကြည့်ရင်းရှုရင်းပင် တောင်အောက်သို့ ရောက်လာပါ၏၊ ၎င်းနေရာတွင်တခါ မှတ်ပုံတင် များကို စစ်တပ်က စစ်ပြန်ပြီး တဖန်ဆက်၍ ထွက်ခဲ့ ပြန်ရာ ညနေ ၃ နာရီခန့်၌ တောင်ကုတ်မြို့သို့ ဆိုက် ရောက်ကြ၏။

နောက်တနေ့တွင် တောင်ကုတ်မှ မော်တော်ဖြင့် တန်းလွဲချောင်း ရွာမသို့ ရောက်ရာ ဦးသာထီးတို့ မိ သားစုက ဝမ်းပန်းတသာ ကြိုဆိုကြလေသည်။

## တရားဟော တရားနာ တက်ကြွစွာ

ရောက်သည့်ညမှ စ၍ ရွာမကျောင်း၌ တရား ဟော၏၊ရှေးဦးစွာ ဒကာ ကြီး ဦးအောင်ထီးကတရား တောင်း၏၊စာရေးသူက မိရိုးဖလာ ဗုဒ္ဓဘာသာ အ ဆင့်မှ ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ရေး အတွက် မကောင်းမှုမှရှောင်ကြဉ်၍ ကောင်းမှုနှင့်ယှဉ်ပြီး စိတ် ကို ကိလေသာတို့မှ စင်ကြယ်အောင် ထားရမည် ဖြစ်ကြောင်းကို "သဗ္ဗပါပဿ အကရဏံ" ဂါထာ ဖြင့် အကြောင်းအကျိုးပြကာ ဟောရသည်။

နောက်ညများ၌ စိတ်ကို စင်ကြယ်အောင် ထား နိုင်ရန် "မဟာသတိပဋ္ဌာနသုတ်-ဣရိယာပထပဗ္ဗ"ကို ဟောပြီး လက်တွေ့ရှုမှတ်ပုံကိုပါ ပြ၍ နည်းပေး လျက် တရားအားထုတ်ခြင်းကြောင့် ရနိုင်သော အ

ကျိုးထူးများကို အားတက်သရော ဟောပြရာ ပရိသတ်အားလုံးမှာ စိတ်ဓာတ်အထူးတက်ကြွပြီး တရားကိုကြိုးစားရှုမှတ်နေသည်၊ တရားကို ကြိုးစားရှုမှတ်နေသည်ကို တွေ့ရသဖြင့် စာရေးသူမှာ လာရကျိုးနပ်ပေပြီဟု ဝမ်းသာမိ၏။

စိတ်ထဲ၌လည်း ရှင်တော်ဘုရား လက်ထက်တော်က တရားဓမ္မ ထွန်းကားရာ ကုရုတိုင်းမှ ကမ္မာသဓမ္မ ရွာကြီးကဲ့သို့ ဤရွာမကြီး၌လည်း သတိပဋ္ဌာန်တရားများ ထွန်းကားပါစေဟု ဆုမွန်ကောင်း တောင်းမိပါတော့သတည်း။

---

ဤဆောင်းပါးသည် ဗုဒ္ဓဓမ္မလောကစာစောင် အတွဲ(    )အမှတ်(    )၌ ဖော်ပြပါရှိပြီးဖြစ်သည်။

---

မြတ်သတိဝါဒီ မဟာစည် စာမွန်ဦး

အမှတ်(၂) ထွက်ဦးမည်မို့

ဤစာအုပ်နိဒါန်းပါ "ပန်ကြားလွှာ" နှင့်အညီ စာမူများကို ပေးပို့နိုင်ပါသည်။

ညောင်ကန်အရှင်ဣန္ဒက(စာတည်း။)

မဟာစည်ဆရာတော့်ထံ သို့ သမိုင်းဝင် သာသနာရေး

ပေးစာ - ပြန်စာများကဏ္ဍ

# မဟာစည်နှင့် အင်းလေး

## သမိုင်းဝင် သာသနာရေး စာချွန်တော်များ

[ညောင်ကန် အရှင်ဣန္ဒက-တင်ပြသည်]

မဟာစည်ဆရာတော့်ထံ
သမိုင်းဝင် သာသနာရေး - စာချွန်တော်များ
အမှတ် (၁)

ညောင်ရွှေမြို့နယ်၊ အင်းလေး
သလဲဦးကျေးရွာအုပ်စု၊
ဓမ္မပီတိကာရာမကျောင်း။

မှ—

ထံတော်သို့—

မဟာစည်ဆရာတော်ဘုရား၊
(အဂ္ဂမဟာပဏ္ဍိတ)
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

နေ့စွဲ - ၁၃၃၇-ခုနှစ်၊ နယုန် လပြည့်ကျော် (၅)ရက်နေ့။

လေးစားစွာ စိတ်ဝယ်ထား၍ ပန်ကြားအပ်ပါသည် မဟာစည်ဆရာတော်၊ အကြောင်းမှာ လွန်ခဲ့သောနှစ် နယုန်လကတကြိမ်၊ ယခုနှစ် ကဆုန်လအတွင်းက တကြိမ်၊ ပေါင်း နှစ်ကြိမ်ခင် မဟာစည် နယ်လှည့် ဓမ္မကထိကအဖွဲ့ ဆရာတော်များ ကြွရောက်၍ ဝိပဿနာ့တရားများ ဟောပြောတော်မူကြရာ နားကြားရသူတိုင်း နှစ်သက် အားရသဘောပေါက်၍ ဝမ်းမြောက်ကြပါသည်။

အချို့သော ဒါယကာ ဒါယိကာမတို့မှာ တရား နာရပြီးနောက် ရက်ရှည် တရားခွင် ဝင်၍ ဝိပဿနာ အလုပ်တရားကို အားထုတ်လိုကြပါသော်လည်း အမြဲတရားပြပေး၊ စစ်ဆေးပြုပြင်ပေးမည့် ကလျာဏမိတ္တ ကမ္မဋ္ဌာနာစရိယ မရှိသေးသည့်အတွက် အားမလိုအားမရ ဖြစ်နေကြပါသည်။

သို့ပါ၍ တပည့်တော်နေရာ အထက်ပါကျောင်းသို့ မဟာစည်ဆရာတော်ဘုရား၏ တပည့်များထည်းမှ အကူးသင့်လျော်မည့် ယခုနှစ် ဝါဦးမှစတင်၍ တရားဟော တရားပြ ဝိပဿနာ ဓမ္မကထိက ပုဂ္ဂိုလ် တပါးပါးကို ချီးမြှောက် ပေးသနားတော်မူပါမည့် အကြောင်း ပန်ကြား လျှောက်ထားအပ်ပါသည် မဟာစည်ဆရာတော်ဘုရား။

ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာစွာဖြင့် သာသနာတော် စည်ပင်ပြန့်ပွားရေးကို အားပေးတော် မူနိုင်ပါစေ။

ဦးသောဘိတ
၂၈-၆-၇၅

ဗုဒ္ဓ တက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

မှတ်ချက်။ ။ဤပေးစာ၌ပါရှိသော "လွန်ခဲ့သော နယုန်လကတကြိမ်၊ ယခုနှစ် ကဆုန်လက တကြိမ်၊ ပေါင်း နှစ်ကြိမ်ပင် မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ ဆရာတော်များကြွရောက်၍ ဝိပဿနာတရားများ ဟောကြားတော်မူကြရာ" ဟူသည်—

(က) ၁၃၃၆-ခုနှစ် နယုန်လက

၁။ ရွှေရေးဆောင် ဆရာတော် ဦးပညာသာမိ၊ ယခု ရန်ကုန် သာသနာ့ရိပ်သာ၊ နာယက အဖွဲ့ဝင် ကမ္မဋ္ဌာနာစရိယ။

၂။ သလ္လာဝတီဆရာတော်- ဦးသူရိယ (မဟာစည် ဓမ္မကထိကအဖွဲ့ဥက္ကဋ္ဌ)။

၃။ ဆရာတော်ဦးဝိစာရ၊ ယခု ပုသိမ်မြို့၊ အောင်မြေဘုံကျော် မဟာစည်ရိပ်သာ၊ နာယက ကမ္မဋ္ဌာနာစရိယ။

၄။ အငြိမ်းစား တိုင်းမင်းကြီး စည်သူ ဦးညီပု၊ (မဟာစည် ဓမ္မကထိကအဖွဲ့-ဘဏ္ဍာရေးမှူး)တို့ သွားရောက် ဟောကြားခဲ့ကြသည်ကိုရင်း၊

(ခ) ၁၃၃၇-ခုနှစ်၊ ကဆုန်လက—

၁။ မြန်အောင်မြို့ မင်းကန်ကြီး - မဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက ဆရာတော် ဦးထေရဝံသ။

၂။ ပေါင်းတည်မြို့၊ ဝက်ပုပ်ကျေးရွာ၊ မဟာစည်ရိပ်သာ ဆရာတော် ဦးပညာဒီပ။

၃။ ရန်ကုန် - သာသနာ့ရိပ်သာ၊ မဟာစည် ဓမ္မကထိက ညောင်ကန် အရှင်ဣန္ဒက။

၄။ ပျဉ်းမနားမြို့၊မဟာစည်ယောဂီကပ္ပိယ ဦးစီလုံးတို့သည် ရှမ်းပြည် တောင်ပိုင်းတခွင် တရားဟော လှည့်လည်ရာ အင်းလေးကိုလည်း ရောက်ခဲ့သည်ကိုရင်း၊ ရည်ညွှန်း ဖော်ပြခြင်း ဖြစ်ပါသည်။

ဤဖော်ပြပါ အမှတ်(၁)စာသည် အင်းလေးဒေသ ဂဏဝိသ သံဃသမ္မုတိ ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးက အင်းလေးဒေသ၌ မဟာစည် သာသနာ့ရိပ်သာဖွင့်ရန် ကမ္မဋ္ဌာနာစရိယတပါး ပေးဖို့ ဘောင်းခံသော စာဖြစ်ကြောင်း ဤစာကပင် ထင်ရှား ဖော်ပြထားပါသည်၊ ဤစာနှင့် ပတ်သက်၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက ဤသို့ စာပြန်ကြားခဲ့ပေသည်၊ ယင်းစာကို အမှတ်(၂)စာအဖြစ် ဖော်ပြပါဦးမည်။

အမှတ် (၂)

ဂဏဝိသ သံဃသမ္မုတိ ဂိုဏ်းချုပ် ဆရာတော်ဘုရားထံသို့—

ညောင်ရွှေမြို့နယ်၊
ဟဲယာရွာမ, ကျောင်းနီကျောင်း၊
အင်းလေး။

နေ့စွဲ-ဝါဆိုလဆန်း ၁၃-ရက်၊ ၃၇-ခု။

ရှိသေစွာ ပြန်ကြား လျှောက်ထား လိုက်ပါသည် ဂိုဏ်းချုပ်ဆရာတော်အရှင်သူမြတ် ဘုရား။

ဆရာတော်ဘုရားထံမှ စာကို နယုန် လဆုတ် (၇) ရက်က ရရှိပါသည်၊ ထိုစာကို ဖတ်ရှုကြည့်သောအခါ ဆရာတော်ဘုရားက ပဋိပတ္တိ တရားကို စိတ်ပါ ဝင်စားစွာဖြင့် အားပေးကြောင်း၊ ယခုနှစ် ဝါဆိုမှစ၍ကမ္မဋ္ဌာန်းဌာနဖွင့်လိုကြောင်း၊သင့်လျော်သော ကမ္မဋ္ဌာနာစရိယတပါးကိုလည်း ရလိုကြောင်း သိရ၍ ဘုရားတပည့်တော်မှာ အတိုင်းမသိ ဝမ်းမြောက်ပါသည်။

ဆရာတော်ဘုရားဌာနနှင့် သင့်လျော်မည့် ကမ္မဋ္ဌာနာစရိယကို စုံစမ်းကြည့်သောအခါ ဓမ္မကထိက ညောင်ကန် အရှင်ဣန္ဒကပင် အသင့်လျော်ဆုံး ဖြစ်ကြောင်း တွေ့ရပါ၍၊ ၎င်းညောင်ကန် အရှင်ဣန္ဒကကိုပင် ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဆောင်ရွက်ရန် ဆရာတော်ဘုရားထံသို့ စေလွှတ်လိုက်ပါသည်၊ ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် စေလွှတ် လိုက်သော်လည်း ဆရာတော်ဘုရား၏ အဆုံးအမ ဩဝါဒကို ခံယူ၍ ဆောင်ရွက်ရန်လည်း ညွှန်ကြားလိုက်ပါသည်၊ ဆရာတော်ဘုရားကလည်း မိမိ၏တပည့်ရင်းကဲ့သို့ သဘောထား၍ ဆုံးမညွှန်ကြားရန် ဘုရားတပည့်တော်က အထူးတောင်းပန်လိုက်ပါ၏။

ထို့ပြင် ထိုဌာန၌ အစဉ်ထာဝရ ကမ္မဋ္ဌာနာစရိယ အဖြစ်ဖြင့် ဆောင်ရွက်ရေးအတွက် ဆရာတော်ဘုရား

၏ တပည့်ထဲမှ သင့်လျော်သော ရဟန်းတပါးကို ရန်ကုန်သာသနာ့ရိပ်သာသို့ စေလွှတ်နိုင်လျှင် အလွန် သင့်လျော်မည် ထင်ပါသည်။

ထို့ပြင် ဆရာတော်ဘုရားကိုယ်တိုင်လည်း ဝိပဿနာဘာဝနာအလုပ်ကို အားထုတ်လိုသော စိတ်ဆန္ဒ ထက်သန်စွာ ရှိနေကြောင်း သိရသောကြောင့်လည်း အထူးပင် ဝမ်းမြောက်လျက် ရှိပါ၏၊ အကယ်၍ ရန်ကုန် သာသနာ့ရိပ်သာသို့ ကြွရောက် လာနိုင်ပါမူ ဘုရား့တပည့်တော်တို့က အစွမ်းကုန်ချီးမြှောက် အားပေးရန်အသင့်ရှိကြောင်းကိုလည်း ရိုသေစွာလျှောက်ထားလိုက်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား၊

နောက်ထပ်လျှောက်ထားချက်။ ။ဆရာတော်ဘုရားကြည့်ရှုသုံးသပ်ရန် ဝိသုဒ္ဓိမဂ်မဟာဋီကာ နိဿယ ၄-အုပ်ကို လှူဒါန်းလိုက်ပါ၏၊အားလပ်သော အချိန်၌ အကုန် မဟုတ်သော်လည်း အောက်ခြေ မှတ်ချက်များကို သုံးသပ် နိုင်လိမ့်မည်ဟု မြော်လင့် ပါသည် အရှင်ဘုရား။

(သောဘန)
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်။

ဤကား ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ပြန်ကြားစာဖြစ်ပါသည်၊ ဤပြန်ကြားစာပါ အတိုင်း စာရေးသူသည်ဆရာတော်ဘုရားကြီး ၂-ပါး၏ အမိန့်တော်များကို ဦးထိပ်ရွက်ပန်ဆင်လျက်အင်းသူအင်းသားတို့၏ မဟာသတိပဋ္ဌာန် ဝိပဿနာတရားများကို နာကြား၊ အားထုတ်နိုင်ခြင်း အကျိုးငှာ အင်းလေးသို့ ဝါဆိုမှီ ကြွရောက်ရပါတော့သည်။

ထိုသို့ ကြွရောက်ရာ၌ အကူအညီအလို့ငှာ ရန်ကုန် သာသနာ့ရိပ်သာ ယောဂီဟောင်း ၄-ဝါရ ဦးဝိရောစနကိုလည်း ဆရာတော်ဘုရားကြီးထံ ခွင့်ပန်လျက် ခေါ်ဆောင်ခဲ့ရပါသေးသည်။

အင်းလေး ရောက်သောအခါ သာသနာပြုခရီးစတင်ဆောင်ရွက်ရပုံကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးထံတော်သို့ ဤသို့ လျှောက်ထားလွှာရေး၍ ဆက်ကပ်ခဲ့ပါသည်၊ ယင်းစာကို အမှတ် (၃) စာအဖြစ် ဖော်ပြပါဦးမည်။

အမှတ် (၃)

ကျေးဇူးရှင်မဟာစည်ဆရာတော်
ဘုရားကြီးထံတော်သို့-
သာသနာ့ရိပ်သာ၊ရန်ကုန်မြို့။

နေ့စွဲ၊ ဝါဆိုလဆုတ် ၂-ရက်၊ ၃၇-၃။
(၂၄-၇-၇၅)

တပည့်တော် ညောင်ကန် ဇာနက လေးမြတ်စွာ စာရေးလျှောက်ထားပါသည်ဘုရား။

အကြောင်းမှာ တပည့်များသည် ၂၁-၇-၇၅ နေ့ နံနက် ၆-၃၀ နာရီ၌ ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှထွက်ခွါ၍ လွိုင်ကော်မြို့လေဆိပ်၌ ခေတ္တဆင်းကာဟဲဟိုးလေဆိပ်သို့နံနက် ၈-၃၀ နာရီ၌ ရောက်ကြပါသည်ဘုရား၊ နံနက် ၉-နာရီ၌ တောင်ကြီးမြို့ သန်းသန်းဆေးလိပ်ခုံပိုင်ရှင် ဦးထွန်းဝအိမ်မှ လာကြိုသောကားဖြင့် ဟဲဟိုးမှ ထွက်ခဲ့ကြရာ နံနက် ၁၀-နာရီ၌ တောင်ကြီးမြို့ မူလမင်းကွန်းမာရ်အောင် သာသနာ့ရိပ်သာသို့ ရောက်ကြပါသည်ဘုရား။

ထိုရိပ်သာ၌ နေ့ဆွမ်းဘုဉ်းပေးပြီးသော် ညနေ၌ တောင်ကြီးမြို့ စဝ်စံထွန်း ဆေး ရုံ ကြီး ဝယ် ဘုရားတပည့်တော်၏ ပဲ့နေသော အံဆုံး သွားတချောင်းကို ခက်ခဲစွာ နုတ်ပစ်နေရသဖြင့် အင်းလေးသို့ မကူးသေးဘဲ တောင်ကြီးမြို့ ရိပ်သာ၌ပင် တည ကျိန်းနေကြရပါသေးသည်ဘုရား။

၂၂-၇-၇၅ နေ့ နံနက် ၈ နာရီ၌ တောင်ကြီးမှ ဦးထွန်းဝ ကားဖြင့်ပင် ထွက်ခဲ့၍ ညောင်ရွှေ ရောက်သော် ၎င်းမှတဆင့် မော်ဘော်ဘုတ်ဖြင့် အင်းလေးကန်ကို ကူးခဲ့ကြပြန်ရာ နံနက် ၉-နာရီခွဲ၌ အင်းလေးကန်၏အရှေ့ဘက်ထိပ် သလဲဦးကျေးရွာအုပ်စု အင်ကြင်းကုန်းရွာအနီး ကျောင်းနိကျောင်းထင်းခြံ၊ ဓမ္မပီတိကာရာမကျောင်းတိုက်သို့ ကောင်းမွန်ချောမောစွာ ရောက်ကြပါသည်ဘုရား။

ထိုဓမ္မပီတိကာရာမတောရ ကျောင်းတိုက်၌ သိမ် သမုတ်လျက်ရှိရာ သိမ်နိမိတ် ကြားပြီးစ ရောက်သွား ကြ၍ ထိုသိမ်သမုတ် ကံဆောင်ရာတွင် ဝင်ရောက် ဆောင်ရွက်ခွင့်ကြုံပါသေးသည်ဘုရား။

ထိုသိမ်သမုတ်ပွဲ၌ အင်းလေး ဒေသလုံးဆိုင်ရာ ဆရာတော် သံဃာတော်များနှင့်လည်း ကြုံကြိုက်နေ ၍ တခါတည်း မိတ်ဆက်ပြီး ဖြစ်သွားပါသည် ဘုရား။

ထိုနေ့ ၂-နာရီ၌ သိမ်အောင်ပွဲ၊ ထိုသိမ်သစ်၌ တခါတည်း ရဟန်းဘက်သဖြင့် ရဟန်းခံပဗ္ဗဇ္ဇမင်္ဂလာ အောင်ပွဲ၊ထိုသိမ်၌ အင်းလေးဒေသလုံးဆိုင်ရာသံဃာ တော်များစုပေါင်း၍ သံဃဥပုသ်ပြုကြသဖြင့် သံဃ ဥပုသ်ကံအောင်ပွဲ ဟူသော အောင်ပွဲများနှင့် အတူ ထိုကျောင်းတိုက်၌ အသစ်စက်စက် ဖွင့်သစ်စ ဖြစ် သော သာသနာ့ရိပ်သာ ဖွင့်ပွဲအနုမောဒနာ တရား တော်ကို ဘုရားတပည့်တော်ကပင် ဟောကြားရပါ သည်ဘုရား။

တရားနာ ပရိသတ်မှာ ၃၀၀-ခန့် ရှိပါမည် ဘုရား၊ သိမ်သမုတ်ပွဲပြီးစ ပစ္စည်းများ သိမ်းဆည်း ဆဲမို့ ယောဂီလက်ခံ တရားပြသရေးကို မစနိုင် သေးဘဲ ခေတ္တ စောင့်နေရပါသေးသည်ဘုရား၊ ထို နေ့သည် ဝါဆိုလပြည့် ဓမ္မစကြာ အခါတော် နေ့လည်း ဖြစ်ပါသည်ဘုရား။

ထို့နောက်တရက် ဝါဆိုလဆုတ် ၁-ရက်နေ့မှ စ၍ ယောဂီများကို လက်ခံလျက် အလုပ်စကြပါ သည် ဘုရား၊ သိမ်သမုတ်စဉ်က သံဃာတော်များ ၏ တည်းခိုကျောင်းကို မဖျက်ဘဲ ယာယီ ယောဂီ ကမ္မဋ္ဌာန်းကျောင်းအဖြစ် အသုံးပြုရ၍ အဆင်ပြေ ပါသည် ဘုရား၊ မိုးများစွာ ရွာသွန်းတတ်သော် လည်း ရိပ်သာမြေက ဆင်ခြေလျှောမို့ ရွှံ့ရေတင် ခြင်းမရှိသဖြင့် အဆင်ပြေပါသည်ဘုရား၊ နေ့တရား ထိုင် တရားနာ အတော်အတန် များသော်လည်း အားထုတ်သူ ယောဂီမှာ (၈)ယောက်မျှဖြင့်သာ အစပြုရပါသေးသည်ဘုရား။

တပည့်တော်များ ၂-ပါးနှင့် ကျောင်းခံ မူလ ၄-ပါး၊ ပေါင်း ၆-ပါး ဝါဆိုကြပါသည် ဘုရား၊ ထိုဝါဆိုသံဃာတော် ၆-ပါးတို့တွင် ကျောင်းနီ ကျောင်း ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးလည်း ပါ ဝင်ပါသည်ဘုရား။

ဆရာတော်ဘုရားကြီး များ၏ မေတ္တာတော် ကြောင့် ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာစွာ ရောက်ရှိကြ၍ သာသနာပြုအလုပ်ကို စတင်နေကြ ပါပြီဘုရား။

တပည့်များ-ညောင်ကန် ဣန္ဒက၊ ဝိရောစန၊
ဓမ္မပီတိကာရာမကျောင်းတိုက်၊ သာသနာ့
ရိပ်သာ၊ အင်ကြင်းကုန်းရွာအနီး၊ သလဲဦး
ကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်၊ အင်း
လေး ဒေသ၊ တောင်ပိုင်းရှမ်းပြည်။

ဤကား စာရေးသူ၏ တရားဟော တရားပြ အလုပ် စတင်ကြောင်း ပထမ လျှောက်ထားလွှာ ဖြစ်၏၊ ထို့နောက် ဆက်လက်၍ ဆောင်ရွက် အောင်မြင်ပုံကိုလည်း တော်သလင်းလရောက်သော် ဒုတိယအကြိမ် လျှောက်ထားလွှာအဖြစ် ဤသို့ ရေးသား၍ ဆရာတော်ဘုရားကြီးထံ ဆက်ကပ် လိုက်ပါသည်၊ ယင်းစာကို အမှတ်(၄) စာအဖြစ် ဖော်ပြပါဦးမည်။

အမှတ် (၄)

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာ၊
ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး
ထံတော်သို့။

နေ့စွဲ တော်သလင်းလဆန်း ၁၁-ရက်၊
(၁၅-၉-၇၅)။

တပည့်ဣန္ဒက လေးမြတ်စွာ စာရေး လျှောက် ထားပါသည် ဘုရား၊ အင်းလေး ဂိုဏ်းချုပ် ဆရာ တော် ဘုရားကြီး၏ ဓမ္မပီတိကာရာမ သာသနာ့ ရိပ်သာ၌ တပည့်များ မဟာသတိပဋ္ဌာန် ဝိပဿနာ သာသနာပြု ရောက်သည့် ဝါဆိုလပြည့်နေ့မှ စ၍

ယနေ့ အထိ တရားအားထုတ်သူ ယောဂီပေါင်းမှာ ၂၅-ယောက် ရှိပါသေးသည်ဘုရား။

အားထုတ်သူအရေအတွက်မှာ ထင်သလောက် မများလှသော်လည်း ကြိုးကြိုးစားစား အားထုတ်သဖြင့် အားရကျေနပ်ရပါသည်ဘုရား၊ ၅၅-ရက် အကြာ၌ ဉာဏ်စဉ်တရား နာကြားရသူ ယောဂီများမှာ (၉)ယောက် ဖြစ်ပါသည်ဘုရား။

ယင်းတို့တွင် ၃-ယောက်မှာ အမျိုးသားဖြစ်၍ ၆-ယောက်မှာ အမျိုးသမီး ဖြစ်ကြပါသည်ဘုရား၊ တရားအားထုတ်သူ ယောဂီတို့၏ အသက်အရွယ်မှာ အသက် ၃၀-မှ ၇၇-နှစ် အရွယ်ပိုင်းများသာ ဖြစ်ကြပါသည်ဘုရား၊ အားထုတ်သူတို့တွင် စာပေ ဗဟုသုတ နည်းပါးသူနှင့် စာ လုံးဝ မဖတ်တတ်သူများလည်း ပါဝင်ပါသည်ဘုရား၊ တရားစာပေ အကြည့်များသူ ဒါယကာကြီး ၂-ယောက်နှင့် ကျောင်းဆရာ ၂-ယောက်လည်း ပါဝင်ပါသည်ဘုရား။

ဝိပဿနာဉာဏ်အတွေ့များကို ပြောကြားရာ၌ ရိုးရိုးရှင်းရှင်းနှင့် ပွင့်ပွင့်လင်းလင်းရှိလှသဖြင့် အားရ ကျေနပ်ဖွယ် ကောင်းပါသည်ဘုရား၊ တချို့မှာ ဉာဏ်စဉ်တရားတို့တွင် အချို့နေရာကို ကောက်နုတ်ကျက်မှတ်၍ လျှောက်ထားနေသလားဟု ထင်ရလောက်အောင် ရှင်းလင်းပါသည်ဘုရား။

ဦးမော် အမည်ရှိ ၇၃-နှစ်အရွယ် ဒါယကာကြီးက ဉာဏ်စဉ်တရားနာပြီးသောအခါ "မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ တရားက ကကြီးခကွေး သင်ပုန်းကြီးမှစ၍ စာပေကျမ်းဂန် တတ်မြောက်သည်အထိ သင်ကြားပြသသော စာသင်ကျောင်းမှာ စာသင်ရသလိုပါဘဲဘုရား" ဟူ၍ ၎င်း၊ "ဉာဏ်စဉ်တရား နာပြီးတော့ မိမိမှာရထားတဲ့ ရွှေအစစ်ကို မှတ်ကျောက်မှာ တင်ကြည့်တဲ့ အခါ ကေန် ရွှေအစစ်ပဲလို့ သိမြင် ဝမ်းမြောက်ရသလို ဝမ်းသာမဆုံး ဖြစ်မိပါတယ်ဘုရား" ဟူ၍ ၎င်း လျှောက်ထားပါသည်ဘုရား။

၈-ရက်ဥပုသ်ထက် လပြည့်လကွယ် ဥပုသ်နေ့ တရားနာများကတော့ ၂၀၀-ဝန်းကျင် ရှိကြပါသည် ဘုရား၊ လပြည့်လကွယ်ဆိုလျှင် အနီးအနား ရွာတချို့မှ ကား ၂-စီး ၃-စီးဖြင့် တရားနာလည်း လာကြပါသည် ဘုရား။

ဆွမ်းကိစ္စမှာ ကျောင်းတိုက်အနီး အင်ကြင်းကုန်း၊ ကန်ဘဲ့၊ ဝက်သားကင်ရွာများသို့ ကျောင်းရှိ ဦးဇင်းများနှင့် ကျောင်းသားများက တရွာလျှင် ၇-ရက်ကျ ဆွမ်းခံကြပါသည်ဘုရား၊ အင်ကြင်းကုန်းရွာက တနေ့လျှင် ၂-အိမ်ပေါင်း၍ ဆွမ်းပို့ ဆွမ်းချက်ကို အလှည့်ကျ တာဝန်ယူကြပါသည်ဘုရား။

ဝက်သားကင်၊ ကန်ဘဲ့၊ သလဲဦး၊ ခွဲခြမ်း၊ အလယ်မြောင်း စသော အနီးအဝေး ရွာများမှလည်း သီးခြား ဆွမ်းဒါယကာများ ပေါ်ပေါက်၍ ရိပ်သာယောဂီကုန်၊ သံဃာကုန်အပြင် ပတ်ဝန်းကျင်ရှိ ကျောင်းသံဃာများကိုပင် အခါ အား လျော်စွာ ပင့်ဘိတ်ကျွေးမွေး ဆက်ကပ်ရပါသေးသည်ဘုရား။

အထူးအားဖြင့် အစားအစာများမှာ "ဆန်နီထမင်း၊ ပဲလုံးဟင်းနှင့်၊ မုံညင်းရေတ်၊ ပဲပုပ် မျှစ်ချဉ်၊ ခရမ်းချဉ်ဆေးခါးဟင်း"စသော အင်းဒေသ သုံးအတိုင်း စားသောက် ဘုဉ်းပေးကြရပါသည် ဘုရား၊ ဝက်သား၊ ကြက်သား စသည်များလည်း အခါအားလျော်စွာ ဘုဉ်းပေးကြရပါသည်ဘုရား၊ စားပြစ် သောက်ပြစ်သော ချက်ပြုတ်နည်းများဖြင့် ချက်ပြုတ်ဆက်ကပ်၍ အဆင်ပြေပါသည် ဘုရား။

တပည့်များ ရောက်သည့်နောက်၌ သက်ယဲမိုး ထရံကာ၊ ဝါးခင်း၊ ဆွမ်းစားကျောင်းနှင့် သက်ယဲမိုး၊ထရံကာ၊သိမ်ကျောင်းတလုံး တည်ဆောက်ပြီး နေပါပြီဘုရား၊ ကျောင်းနီကျောင်း ဆရာတော် ဘုရားကြီး ကိုယ်တိုင်လည်း တပည့်များနှင့် အတူ ဝါဆို၍ ကိုယ်ဘိရင်ဘိ စောင့်ရှောက် ချီးမြောက်ပါသည် ဘုရား။

တပည့်များ၊ ညောင်ကန်ဣန္ဒက၊ ဝိရော
စန၊ အင်းလေး။

ဤကား စာရေးသူ၏ ဒုတိယမှ အင်းလေး ပဋ္ဌပတ္တိ သာသနာပြု လျှောက်ထားလွှာ ဖြစ်ပါသည်၊ ထို့နောက် မကြာမီတွင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံမှ ဝမ်းမြောက်အားပေးသော ပြန်စာတစောင် ရောက်လာပါသည်၊ ယင်းစာမှာ လိုရင်း တိုတိုတုတ်တုတ် ဖြစ်ပါသည်၊ ယင်းစာကိုလည်း အမှတ် (၅) အဖြစ် ဖော်ပြပါဦးမည်။

## အမှတ် (၅)

ဦးဣန္ဒကသို့— ၂၅-၉-၇၅

ဦးဣန္ဒကထံမှ (၁၅-၉-၇၅) ရက်စွဲပါသော စာကို (၂၂-၉-၇၅)ရက်က ရသည်။

ထိုစာ၌ တရားအားထုတ်သူများ အကြောင်းနှင့် ထူးထူးခြားခြား သိမြင် ပေါက်ရောက်သူများ အကြောင်းကို သိရ၍ ဝမ်းမြောက်ရ၏၊ ကျောင်းနီကျောင်း ဆရာတော်ကြီးက အထူး ကြောင့်ကြပြု၍ စောင့်ရှောက်သည်ကို သိရသဖြင့်လည်း ဝမ်းမြောက်ရပေသည်၊ အထူးအားဖြင့် ဦးဣန္ဒက၏ ဆောင်ရွက် မှုကြောင့် ထမြောက်အောင်မြင် နေကြောင်း သိရ၍လည်း ဝမ်းမြောက်ရပေသည်။

ကျန်းမာ ချမ်းသာစွာနှင့် ဆက်လက် ဆောင်ရွက်ခြင်း တိုးတက်အောင်မြင်ပါစေဟု ဆုတောင်း မေတ္တာပို့လျက်ရှိ၏။

(အရှင်သောဘန)
မဟာစည် ဆရာတော်

ဤကား ဆရာတော်ဘုရားကြီးဆီက ဝမ်းမြောက်အားပေး ပြန်ကြားစာ ဖြစ်ပါသည်၊ ထို့နောက် ဆရာတော် ဦးသုဇာတထံမှ ပြန်စာတစောင်ကိုလည်း ရရှိပါသည်၊ စာရေးသူသည် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ လျှောက်ထားလွှာ ပေးတိုင်းလိုလိုပင် သိသင့် သိထိုက်သော ရန်ကုန် သာသနာ့ရိပ်သာ • နာယက အဖွဲ့ဝင် ဆရာတော်များထံသို့လည်း မိတ္တူ ပေးပို့ ဆက်ကပ်လေ့ ရှိပါသည်၊ နာယကဆရာတော်များ တွင် ထေရ်ကြီး ဝါကြီး ဖြစ်သော ဆရာတော် ဦးသုဇာတထံမှ ပြန်စာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်၊ ယင်းစာကို အမှတ်(၆) စာအဖြစ် ဖော်ပြပါဦးမည်။

## အမှတ် (၆)

၂၃-၉-၇၅၊ တော်-ဆုတ်-၃-ရက်
အရှင်သုဇာတထံမှ
ဦးဣန္ဒကသို့

ဦးဣန္ဒကထံမှ နောက်ပေးသော ၁၅-၉-၇၅ နေ့စွဲပါ စာကို ၂၂-၉-၇၅ နေ့ကရသည်။

၂၅-ယောက် တရား အားထုတ်သည့် အထဲက ၉-ယောက် ဉာဏ်စဉ် ရတာသည် သူ့နေရာနှင့် သူ အလွန်ဝမ်းမြောက်စရာ ကောင်းလှပါသည်၊ သာသနာပြုရာမှာ ရှားမီးကျီးလို တဖြေးဖြေး တိုးတက်လာသည်က ပိုကောင်းပါသည်၊ ဆွမ်းကိစ္စမှစ၍ အစစ အဆင်ပြေနေသည်ဆိုတော့ ဝမ်းသာစရာပါဘဲ။

ဦးဣန္ဒက ဝါဆိုဦးက ပေးလိုက်သော စာကိုလည်း ရသည်၊ ပဲပုပ်လှော်လည်း ရသည်၊ ထပ်ပြီး လှော်ထားလို့ ရွှကြွပ်နေသည့်အတွက် စားလို့ သိပ်ကောင်းပေသည်၊ ပဲပုပ်သည် အသားဓာတ်မျိုးဖြစ်၍ သက်သတ်လွတ် စားသူများနှင့်လည်း အလွန်သင့်လျော်ပေသည်၊ ခု ၃-ပုံ တပုံလောက် ကျန်သေးသည်။

ဘုန်းကြီးရောဂါလည်း အတော်သက်သာလာပြီ၊ ဘာမျှမလုပ်သေးဘဲ အနားယူနေသည်။

သည်နှစ် ဝါဆိုသံဃာ ၇၀-ရှိသည်၊ ခု-ဒုကာက

၃၀ ခန့်ရှိ၍ ဒကာမအသစ် ၁၀၀-ခန့်နှင့်အဟောင်း ၉၀-ခန့်ရှိသည်။

ဦးဣန္ဒက ဦးဝိရောစန တို့နှင့် တကွ ယောဂီအပေါင်းတို့ ကျန်းမာ၊ ချမ်းသာစွာနဲ့ သာသနာ ပြုနိုင်ကြပါစေ။

အရှင်သုဇာတ၊

၁၆-သာသနာ့ရိပ်သာ၊ရန်ကုန်။

ဤကား ဆရာတော်ဦးသုဇာတထံမှ ပြန်ကြားစာဖြစ်ပေသည်၊ စာရေးသူသည် ဆရာတော်ဦးသုဇာတနှင့်အတူ မန္တလေး ရတနာပုံရိပ်သာ၌လည်း ၃-နှစ် သာသနာပြုခဲ့ရသည်၊ထိုစဉ်က စာရေးသူသည် ဆရာတော် ဦးသုဇာတ၏ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ဆောင်ရွက်ခဲ့ရသည်၊ ဆရာတော် ဦးသုဇာတသည် ရန်ကုန် သာသနာ့ ရိပ်သာ၌၎င်း၊ သီဟိုဠ်၌၎င်း၊ မန်း-ရတနာပုံ ရိပ်သာ၌၎င်း၊ မော်လမြိုင်ရိပ်သာ၌၎င်း နာယကဝန်ဆောင်ဆရာတော် အဖြစ်ဆောင်ရွက်ခဲ့၍ ရန်ကုန် ရိပ်သာ၌လည်း မဟာစည် ဆရာတော်ဘုရားကြီး အောက်နာယက တို့တွင် အကြီးဆုံးနာယက ဝန်ဆောင်အဖြစ် တရားဟောပြ သာသနာပြုရပေသည်၊လွန်ခဲ့သည့် ပြာသိုလကမှပင် မျက်နှာတခြမ်း လေဖြတ် ခံရ၍ ကျန်းမာရေး မကောင်းပေ၊ယခင်ကလည်း ဆီးချို၊ သွေးတိုးရောဂါ အခံများ ရှိခဲ့သည်၊ ထိုသို့ ဂိလာနအသွင် ရောက်ခဲ့သော်လည်း တရားပြခြင်း အလုပ်ကို နားခဲ့ပေမဲ့ တရားဟောခြင်းအလုပ်ကိုမူ တခါတခါ ဘယ်တပည့်က လျှောက်ထား၍ ဟု ငဲ့ညှာကာ နေမကောင်းလျက်က ထ,၍ ထ,၍ ဟောကြား တတ်ပေသေးသည်။

ထို့ကြောင့် စာရေးသူက အင်းလေး သွားခါနီးတွင် တရားဟောခြင်းမှ လုံးဝ အနားယူသင့်ကြောင်းနှင့် ရန်ကုန်ရိပ်သာ၌ ဥတုသပ္ပါယနှင့် အစစအရာရာ မျှတသောကြောင့် ဟိုဟို သည်သည်လည်း မကြွဘဲ ရန်ကုန်၌သာ သီတင်းသုံးရန် သင့်ကြောင်း လျှောက်ထားခဲ့ဘူးသည်၊ရှမ်းပြည်၌ လိုအပ်တာ ရှိလျှင်လည်း မှာကြားရန်လျှောက်ထားခဲ့သည်၊ ထို့ကြောင့် ဆရာတော့်စာ၌ ပဲပုပ်လှော်အကြောင်းနှင့်ရောဂါ သက်သာကြောင်း၊အနားယူနေကြောင်းများကိုပါ ထည့်သွင်းရေးသားထားပေသည်။

စာရေးသူနှင့်အတူ နေဘူးသော ဆရာတော်ဖြစ်၍လည်းစာရေးသူ၏ အလုပ်'လော'ကြီးကြောင်း သိသဖြင့် ''သာသနာပြုရာမှာ ရှားမီးကျီးလို တဖြေးဖြေး တိုးတက်လာသည်က ပိုကောင်းပါသည်''ဟုလည်း သတိပေးညွှန်ကြားခြင်း ဖြစ်သည်။

ဆရာတော်၏ စာတွင်ပါသော ရန်ကုန်ရိပ်သာ ယောဂီ ဦးရေမှာလည်း စုစုပေါင်း ၂၉၀-ဖြစ်ကြောင်း သိရသည်၊ ထို့ကြောင့် ထိုစာပါအတိုင်း သီတင်းနေ့တရားဟောယင်း အင်းလေး ယောဂီများအားကျစေရန် ထည့်သွင်း ဟောကြားရပေသည်။

ထို့နောက် အင်းလေး သာသနာပြု ခရီးသည် တဝါကင်းလွတ် သီတင်းကျွတ်သို့ပင် ရောက်ခဲ့ပေသည်၊ ထိုအခါ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံသို့ အင်းလေး သာသနာပြု တခန်းရပ် လျှောက်ထားလွှာကို ဤသို့ ဆက်ကပ် ရပါသည်၊ ယင်းစာကို အမှတ်(၇)အဖြစ် တင်ပြပါဦးမည်။

အမှတ် (၇)

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ထံတော်သို့-

နေ့စွဲ ၂-၁၁-၇၅။

လေးမြတ်စွာ စာရေး လျှောက်ထားပါသည် ဘုရား၊ အကြောင်းမှာ တပည့်တော်များ အင်းလေး ဒေသ သလဲဦး ကျေးရွာအုပ်စု ဓမ္မပီတိကာရာမ မဟာစည်သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် ကျောင်းနီကျောင်း ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးကို ဦးထိပ်ထားလျက် ၁၃၃၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂-ရက်နေ့က ဝါတွင်းသုံးလ တရားပတ် အားထုတ်ပွဲနှင့်စပ်၍ ပဋိပတ္တိသာသနာ နုဂ္ဂဟ

သဟပုညကာရီ အနုမောဒနာပွဲကို ကျင်းပကြပါသည် ဘုရား။

ပင့်သံဃာ ၄၀-ကျော်တို့အား ဆွမ်းစသည်များ ကျွေးမွေးပြုစု၍ ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ် လှူဒါန်းကြပါသည်ဘုရား၊ လူပရိသတ်များအားလည်း ကျွေးမွေး ဧည့်ခံကြပါသည်ဘုရား။

ဝါတွင်းသုံးလပတ်လုံး ရိပ်သာ ကျွေးမွေး လှူဒါန်း စရိတ် စာရင်းပေါက် (၁၀၀၀၀) တသောင်းကျော်ခန့် ကုန်ကျပါသည်ဘုရား၊ အားလုံး တန်ဘိုးသင့်လျှင်မူ ၂-သောင်းကျော်ခန့် ကုန်ကျ ပါမည်ဘုရား၊ ယခု စာရင်းပိတ်ချိန်အထိ တရားအားထုတ်သူယောဂီပေါင်း(၆၃)ယောက် ဖြစ်ပါသည်ဘုရား၊ သတိပဋ္ဌာန်တရားနာကြားရသူပေါင်းမှာခန့်မှန်းခြေ ငါးထောင်ခန့်ရှိပါမည် ဘုရား။

ကျောင်းနီကျောင်း ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီး၏ ချီးမြှောက် စောင့်ရှောက်မှုကြောင့် ရဟန်းရှင်လူ အားလုံး၏ အားပေးကူညီမှုကိုလည်း ရရှိပါသည် ဘုရား။

ဥတုသပ္ပါယကို ငဲ့၍ အေးလွန်းသော ဆောင်းအခါ၌ ခေတ္တနား၍ နွေဦးရောက်လျှင် တရားအားထုတ်မှုပွဲကို ပြန်လည် ဖွင့်လှစ်ရန် အစီအစဉ် ရှိကြောင်း ပရိသတ်အားလည်း အသိပေး ကျေငြာလိုက်ပါသည်ဘုရား၊ ကျောင်းနီကျောင်း ဆရာတော်ဘုရားကြီးက အနုမောဒနာ ဩဝါဒကထာကို မိန့်ကြား၍ ဘုရားတပည့်တော်က အနုမောဒနာတရားကို "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဖြင့် ဟောကြားပါသည် ဘုရား။

ဝါဆိုမှီ အင်းလေးဇာတိ ပရိယတ်ကျွမ်းကျင်၍ ပဋိပတ္တိဝါသနာပါသော မထေရ်တပါး အားထုတ်သင်တန်းယူရန် ရန်ကုန်ရိပ်သာကို လာရောက်ဖို့ အစီအစဉ်လည်း ရှိပါပြီဘုရား၊ ကြားကာလနှင့် ရှေ့ဝါဆိုရန်အတွက် တရားဟောပြတပါးကို ရှာပေးရန် ကိုယ်တိုင် အခါအားလျော်စွာ ဆောင်ရွက်ပေးရန်ကို ဘုရားတပည့်တော်က တာဝန်ယူကြောင်း ကျောင်းနီကျောင်း ဂိုဏ်းချုပ် ဆရာတော်ဘုရားကြီးအား လျှောက်ထားခဲ့ပါသည် ဘုရား။

အထူးအားဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ကျောင်းနီကျောင်း ဂိုဏ်းချုပ်ဆရာတော်ဘုရားကြီးများ၏ မေတ္တာတော်ကြောင့် ယခုနှစ် ဝါတွင်း ၃-လ အင်းလေး သာသနာပြု အလုပ်သည်၊ ဘေးမသီ ရန်မခဘဲအောင်မြင်ပါသည် ဘုရား။

ဘုရားတပည့်တော်သည် သီတင်းကျွတ်လဆုတ် ၁၃-၁၄-ရက်များ၌ ကလောမြို့၊ တန်ဆောင်မုန်းလဆန်း ၁-၂-ရက်များ၌ ဟဲဟိုးမြို့၌ တရား ဟောကြားခဲ့၍ ၎င်းနောက် အကြောင်းညီညွတ်လျှင် မြောက်ပိုင်းရှမ်းပြည်ဘက် ဆက်လက် တရား ဟောကြားပြီးမှ ရန်ကုန် သာသနာ့ရိပ်သာသို့ ပြန်ရောက်ပါမည် ဘုရား။

တောင်တွင်းကြီးမြို့ မင်းရွာ၌ တပို့တွဲ တလစခန်းနှင့် တန်ခူးလ ကလောမြို့တွင် တလစခန်းဖွင့်၍ တရားပြရန်လည်း အစီအစဉ်ရှိပါသည်ဘုရား။

တပည့် ဣန္ဒက
အင်းလေး။

ဤကား စာရေးသူ၏ အင်းလေး ပဋိပတ္တိ သာသနာပြု တခန်းရပ် လျှောက်ထားလွှာ ဖြစ်ပါသည်၊ ဤမျှဖြင့် "မဟာစည်နှင့် အင်းလေး သာသနာရေး စာချွန်တော်များ"ကို ရပ်နားပါရစေ၊ အင်းလေး အကြောင်း တော်တော်စုံစုံကိုမူ ထွက်ပေါ်လာလတ့်သော စာရေးသူ၏ "အင်းလေးတခွင်"၌ စောင့်မြှော် ဖတ်ရှုကြပါရန် မေတ္တာရပ်ခံရပါသည်၊ မြောက်ပိုင်းနှင့် တောင်ပိုင်းရှမ်းပြည် တရားဟောခရီးကိုလည်း မကြာမီ ထွက်ဖြစ်အောင် ကြိုးစားလျက် ရှိပါကြောင်း သတင်းကောင်း ပါးပါရစေ။

စာရှုသူအပေါင်း ကုသိုလ်တရား ပွားများနိုင်ကြပါစေသော်။

ညောင်ကန် - အရှင်ဣန္ဒက

မဟာစည် ရွှေလမင်း၏- ကန်သာယာရိပ်သာတွင်းဆီက ပွင့်သင်းသော
ကုမုဒ္ဒရာ ယောဂီများ ကဏ္ဍ

# နံရိုးကွေးထောက် ရောဂါပျောက်

ဆရာတော်အရှင်ဇဋိလ သာသနဓဇသိရိပဝရ ဓမ္မာစရိယ-ပါဠိပါရဂူ တင်ပြသည်

## မှတ်မှတ်ရရ

မှတ်မှတ်ရရ၊ ၁၃၃၂-ခု၊ ဝါဆိုလဆန်း ၆-ရက်နေ့ ညနေပိုင်းက ဖြစ်ပါ၏၊ အသက် တော်တော်ကြီးပုံရသည့် အသားညိုညိုနှင့် ထောင်ထောင်မောင်းမောင်း အမျိုးသားကြီးတယောက်သည် စာရေးသူ တရားပြနေသော ပြန်ကပြေးရှာ မဟာစည်ရိပ်သာခွဲသို့ ရောက်လာလေသည်။

၎င်းနှင့် ပတ်သက်သည့် အကြောင်းများနှင့် တကယ် တရားလိုလားသူ ဟုတ် မဟုတ်တို့ကို စုံစမ်းမေးမြန်းပြီးနောက် စာရေးသူက ယောဂီ စာရင်းရေး ယူလိုက်ပါသည်။

## ပဋ္ဌမကမ္ဘာစစ်ပြန်

စာရင်း ယူပြီးသောအခါမှပင် ပျဉ်းမနားမြို့မှ ပဋ္ဌမကမ္ဘာစစ်အတွင်းက နိုင်ငံခြား တိုင်းပြည်များအထိ လိုက်ပါ၍ စစ်မှုထမ်းခဲ့သော ပဋ္ဌမကမ္ဘာစစ်ပြန် အသက် ၇၃-နှစ်ရှိ ဦးဘိုးထွန်း ဖြစ်ကြောင်း သိရလေသည်။

အဘိုးကြီးမှာ အသက်ကလည်းကြီး၊ အသက်ရှူမဝသည့်ရောဂါကလည်း ရှိနေသည် ဆိုသဖြင့် တရားကို အားထုတ်နိုင်သလောက်သာ အားထုတ်ရန် ညွှန်ကြားပြီး စာရေးသူက မဟာစည် သတိပဋ္ဌာန်ဝိပဿနာ ရှုနည်း မှတ်နည်း အလုပ်တရားများကို ပေးလိုက်၏။

ဦးဘိုးထွန်းကား စစ်မှုထမ်းဟောင်းပီပီ လုပ်မည်ဆိုသော အလုပ်ကို မလျှော့တမ်း လုပ်သူဖြစ်၏၊ "နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်" ဆိုသော စကားပုံကဲ့သို့ လူငယ်များနှင့် နင်လား ငါလား ရင်ဘောင်တန်း၍ ကြိုးစား အားထုတ်နိုင်လေသည်၊ ထို့ကြောင့်ရုပ်နာမ်ကွဲလျက် အကြောင်းအကျိုးကိုလည်း သိလာကာ ထိုဉာဏ်တို့မှ တက်၍ အထက်ဉာဏ်များ၏ သဘောကိုပင် မကြာမီ ပြောလာနိုင်လေသည်။

## ရောဂါကင်းပျောက် လွန်ဝမ်းမြောက်

တရား အားထုတ်ရက်ပေါင်း ၂၀-လောက် ရသော တနေ့၌ကား တရားစစ်ချိန် မဟုတ်သော နေ့ပိုင်းတွင် ဦးဘိုးထွန်းသည် စာရေးသူထံသို့ ဝမ်းမြောက် ဝမ်းသာ ရွှင်ပြသော မျက်နှာဖြင့် ရောက်လာကာ-

"တပည့်တော် ဝမ်းသာလွန်းလို့ပါ ဘုရား၊ အရှင်ဘုရားကိုကျေးဇူးလဲတင် လျှောက်လဲ လျှောက်ချင်လို့လာပါတယ် ဘုရား၊ တပည့်တော်ကို လျှောက်ထားခွင့်ပြုပါဘုရား" ဟု ဆိုလှာ၏။

စာရေးသူက "လျှောက်ချင်တာရှိယင် လျှောက်နိုင်ပါတယ်" ဟု ခွင့်ပြုသောအခါ--

"တပည့်တော်မှာ အသက်ရှူမဝတဲ့ရောဂါရှိပါတယ်၊ ကြာပါပြီဘုရား၊ အဲဒီရောဂါဟာ တခါက ကလေးငယ်တယောက်ကို ပက်လက်လှန် အနင်းခိုင်းရင်း ကလေးက ရင်ဘတ်တက်နင်းလို့ ဖြစ်ခဲ့တာပါ၊ ဓာတ်မှန်ရိုက်ကြည့်တော့ 'နံရိုးက ကွေးပြီး အဆုပ်ကို ထောက်နေတယ်' လို့ ဆရာဝန်များက ပြောပါတယ်၊ ဒါနဲ့ တပည့်တော် ဆေးရုံတက်ပြီး ကုသတာ ခွဲကုမှရမယ်ဆိုတာနဲ့ အသက်လဲကြီးပြီမို့

ခွဲယင် သေမှာပဲထင်ပြီး မခွဲရဲပဲ ဆေးရုံက ဆင်းခဲ့ပါတယ်၊ နောက် တခြားဆေးရုံတွေ သွားပြကြည့်လဲ ဆရာဝန်တွေက ခွဲရမယ်ချည့် ပြောကြပါတယ်၊ ဒါနဲ့ တပည့်တော်ဟာ သေခြင်းကမဦးခင် တရားကဦးအောင် အားထုတ်မယ်လို့ ဆုံးဖြတ်ချက်ချပြီး ဒီကိုလာ တရားအားထုတ်တာပါ၊ အခုတော့ ခွဲဖို့မလိုတော့ပါဘူးဘုရား၊ ဘာပြုလို့လဲဆိုတော့ တပည့်တော် 'ဖောင်းတယ်, ပိန်တယ်'နဲ့ မှန်မှန် ရှုမှတ်နေတုန်းမှာ ရင်ထဲက 'ဒုတ်' ကနဲ အသံတခု ကြားရပြီး အသက်ရှူ ချောင်သွားပါတယ်၊ အယင်က အသက်ရှူလို့ မဝပေမဲ့ အခုတော့ အသက်ရှူလို့ ဝနေပါတယ်၊ လက်နဲ့စမ်းကြည့်တော့ နံရိုးဟာ အယင်ကလို အဆုပ်ကို ကွေးထောက်မနေပဲ ဖြောင့်သွားတာကို တွေ့ရပါတယ်။

"ဒါ့ကြောင့် တရားအားထုတ်ယင် ထူးထူးခြားခြား ရောဂါများ ပျောက်ကင်းနိုင်ကြောင်း စာရွက်ရိုက်ပြီး ဝေငှပါရစေ"ဟု လျှောက်တော့၏။

စာရေးသူက "စာရွက်တွေဘာတွေရိုက်ဝေမနေပါနဲ့ ဒကာကြီးရယ်၊ အဘ်ဩဘ်သောင်းတင်း (အုတ်အုတ်ကျက်ကျက်) ဖြစ်နေပါ့မယ်"ဟု တားမြစ်လိုက်ရ၏။

ထိုသို့ပင် စာရွက်ဝေခွင့်မရသော်လည်း ဦးဘိုးထွန်းကားတရားအားထုတ်လျှင် ရောဂါပါ ပျောက်ကင်းနိုင်ကြောင်း ပါးစပ်မောင်းခတ်လျက် ရှိပါတော့သတည်း။

အရှင်ဇဋိလ၊

---

## မဟာစည် ဩဝါဒခံပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့ သာသနာ့ရိပ်သာ မဟာစည် ဩဝါဒခံ ပူဇော်ပွဲကို ၁၃၃၇-ခုနှစ်၊ နတ်တော်လပြည့်နေ့၌ ၂၇-ကြိမ်မြောက်အဖြစ် ကျင်းပမည်။

အကြိုပူဇော်ပွဲဖြစ်သော ညစဉ်တရားပွဲနှင့် နေ့စဉ် သုတ္တန်ပဋ္ဌာန်းဩဝါဒ - ရွတ်ဖတ်ပူဇော်ပွဲများကို ၁၃၃၇-ခုနှစ်၊ နတ်တော်လဆန်း ၁၂-ရက်နေ့မှစ၍ ကျင်းပမည်။

ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ တရားစစ်မှတ်တမ်းဘင် ဆွေးနွေးပွဲကိုလည်း နတ်တော်လဆန်း ၁၂-ရက်နေ့မှစ၍ပင် နေ့စဉ် ညနေ ၄-နာရီ ၃၀-မိနစ်မှ ၆-နာရီ အထိ ကျင်းပမည်။

# သံဃဥပုသ်ပြုပုံနှင့်ဥပုသ်ပြုပြီးခ မဟာစည်သြဝါဒ

## ညှောင့်ကန်–အရှင်ဇာနကတင်ပြသည်

လပြည့် လကွယ် ဥပုသ်သီတင်း နေ့တိုင်းသည် ရန်ကုန်သာသနာ့ရိပ်သာ၌ သံဃဥပုသ်ပြုခြင်းကိစ္စကို ဆောင်ရွက်မြဲနေ့ဖြစ်ပါသည်။

၎ာနမှာ ရိပ်သာတွင်းရှိ သာသနမလဝိသော ခနီသိမ်တော်ကြီးပေါ်၌ ဖြစ်ပါသည်၊ ဥပုသ်မပြုမီ ကြိုတင်၍ ရဟန်းဝိနည်း ပါတိမောက် နိဒါန်းနှင့် အညီ ယောဂီဟောင်း ရဟန်းတော်များက တံမြက် လှည်းခြင်း၊ ~နရာခင်းခြင်း၊ သောက်ရေသုံးရေတည် ခြင်းကိစ္စများကို ဆောင်ရွက်ကြရပါသည်၊ အားလုံး သံသယ ကင်းရန်အလို့ငှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အရ သိမ်နှင့် ဆက်သွယ်နေသော လျှပ်စစ်မီးကြိုးကိုလည်း ပလပ် ပေါက်မှ ဆွဲနုတ်ဖြုတ်ထားရပါသည်။

ညနေ ၄·နာရီ ၃၀·မိနစ်၌ ဦးကောဝိဒက အ ချက်ပေးသံချောင်းကို ခေါက်လိုက်ပါသည်၊ထိုအခါ ရိပ်သာတွင်းရှိ ရဟန်းတော်အားလုံးတို့သည်“ဥဘော အံ့သေ သမံ ကတွာ” အရ လက်ဝဲတဖက် ပုခုံးထက် ဝယ် ကိုယ်ဝတ်ကေသီသင်္ကန်းကို လက်ကန်တော့ရစ် သိုင်းလျက် အမှတ်တရား ကိုယ်စီပွား၍ နေရာထိုင် အခင်း ကိုယ်စီယူကာ သိမ်ပေါ်သို့ ရှေးရှုကြွလာ တော်မူကြပါသည်။

သိမ်ပေါ်ရောက်လျှင် နာယကအဖွဲ့ဝင် နေရာချ ထားရေး ဆရာတော် ဦးဇဝနက ထေရ်စဉ် ဝါစဉ် ခေါ်၍ တန်းစီထိုင်ရန် နေရာညွှန်ကြားတော် မူပါ သည်၊ ဟတ္ထပါသ်ချင်းဆက်စပ်လျက် ထိုင်နေတော်မူ ကြသော သံဃာတော်များကို ပါတိမောက် ပြမည့် ရဟန်းတော်က ရေတွက်မှတ်သား ထားရပါသည်၊ ထို့နောက် မကြာမီ ၅·နာရီအချိန်ခန့်ရောက်သော် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးသည် ကြွရောက်လာပြီးလျှင် ထေရာသန ခင်းထားသော နေရာ၌ သီတင်း သုံးတော်မူပါသည်။ ထို့နောက် မထေရ်ကြီးတပါးနှင့်ဒေသနာကြားတော်မူပါသည်၊ အခြားရဟန်းတော်များကား အချင်းချင်း ကြိုတင် ၍ ဒေသနာကြား (အာပတ်ဖြေ) ထားနှင့်ပြီး ဖြစ် ကြပါသည်။

“ဒီနေ့ ဘယ်သူ့အလှည့်လဲ၊ ကိုင်း·မှန်မှန်နှင့် မြန် မြန် ပြတ်ပြတ်သားသား ရွတ်ပို့ ပြပေတော့” ဟု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အချက်ပေး စကားမိန့်ကြားတော်မူ၏၊ထိုအသံနှင့်ပရှေးမနှောင်း ၌ ပါတိမောက် ပြနိုင်သော ဗျတ္တိဗလ အလှည့် ကျ ယောဂီဟောင်း ရဟန်းတော်တပါးက “သဏာ

တုမေ ဘန္တေသံဃော” စသည်ဖြင့် ဉာတ်ထားလျက် စိစစ်ပြီးလျှင် ပါတိမောက်ကို ရွတ်ဆိုပြပါသည်။

ဆိုသံဃဥပုသ်ပြုရာ၌ တပါးတည်း ဉတ်ထား၍ စိစစ်ပုံ၊ ပါတိမောက်ပြပုံ များကို ဟေမဝတသုတ္တန်တရားတော် နောက်ဆက်တွဲမှ ထုတ်၍ နောက်နား၌ ဖော်ပြပါဦးမည်၊ ပါတိမောက်ပြပြီးသော် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး အမှူး ရှိသော သံဃာတော် အားလုံးတို့သည် “ကောယနော အယံ ဘိက္ခဝေ”မှစ၍ဥဒ္ဒေသအဆုံးအထိမဟာသတိပဋ္ဌာနသုတ်တော်ကိုရင်း၊ “ဣမာယ ဓမ္မာနု(ပ)သံဃံ ပူဇေမိ”ပဋ္ဌိပတ္တိပူဇနာကာရကိုရင်း၊ “ဣဒံမေပုညံ အာသဝက္ခယာဝဟံ ဟောတု၊ ဣဒံမေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု”ကိုရင်း၊ ရွတ်ဘတ် ပူဇော်တော်မူကြပါသည်။

ထို့နောက် ဒူးချ၍ ငြိမ်သက်စွာ ထိုင်နေတော်မူကြပါသည်၊ ထိုအခါ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်အမြဲတန်းလိုလိုရှိနေတတ်သော ထေရ်ကြီး ဝါကြီး တရားအားထုတ်ဆဲ ဆရာတော်ကြီးများအား “ဆရာတော် တရား အားထုတ်လို့ ကောင်းပါရဲ့လား ဘုရား၊ သပ္ပါယအားလုံးလဲ မျှတတော်မူပါရဲ့လား ဘုရား” ဟု နှုတ်ခွန်းဆက်လျှောက်ထားလေ့ရှိတော်မူပါသည်။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးသည် ထိုသို့ ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများအား တရားရေးနှင့် ပတ်သက်၍ ဆွေးနွေးလျှောက်ထားပြီးနောက်၌ ရိပ်သာတွင်း သံဃကိစ္စ၊ တရားဓမ္မအားထုတ်ခြင်းကိစ္စများနှင့် ပတ်သက်သော ဩဝါဒများကို မိန့်ကြားတော်မူမြဲ ဖြစ်ပါသည်၊ ထိုဩဝါဒများကိုလည်း တပည့်များက အသံဖမ်းယူ၍ စာဖြင့် ရေးသားထားလေ့ ရှိကြပါသည်၊ စာရေးသူ စိတ်ဖြင့် မှတ်၍ စာဖြင့် ရေးထားသော ဤလို သံဃဥပုသ် ပြုယင်း မိန့်ကြားသော ဩဝါဒကို သာသနာတော်ခရီးတလျှောက်တွင် ရေးသား ထည့်သွင်းခဲ့ပါသည်၊ ဤစာစောင်၌လည်း မဖတ်ဘူးသူများဖတ်၍ ကုသိုလ်ပွားရန်အလို့ငှာ နောက်နား၌ ထည့်သွင်းဖော်ပြပါဦးမည်။

ထိုသို့ မိန့်ခွန်းဩဝါဒမိန့်ကြားပြီးနောက် သံဃာတော်များ၏ ဟတ္ထပါသ်လွတ်ရာသိမ်ပေါ်သို့ အဆင်သင့် ရောက်ရှိနေကြသော အလှူရှင်များက ဝိကာလ၌ သံဃာတော်တို့နှင့် အပ်စပ်သော အဖျော်ရည်များကို သံဃာတော်များအား ဆက်ကပ် လှူဒါန်းကြပါသည်။

ထိုဘုဉ်းပေးခြင်းကိစ္စပြီးသောအခါသံဃာတော်တို့သည် ထေရ်စဉ်ဝါလိုက်ပင် သိမ်ပေါ်မှ ဆင်းကြ၍ ကိုယ့်နေရာကိုယ် ရောက်သော် ကိုယ်စီကိုယ်ငှသက်ဆိုင်ရာ ပဋိပတ္တိကိစ္စများကို ဆောင်ရွက်တော် မူကြပါသည်၊ “ဩော်-ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိတော်မူစဉ်ကလည်း ဤသို့ပင် ဩဝါဒခံယူ ကျင့်သုံးကြပေမည် တကား” ဟု ရွှေလက်ထက်တော် ကိုပင် မှန်းမြော်မိပါသည်။

ဤကား ရန်ကုန်သာသနာ့ရိပ်သာ၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဦးစီးသော ဗုဒ္ဓဝိနည်းကံတို့တွင် သံဃဥပုသ်ကံ ပြုပုံဖြစ်ပါသတည်း။

---

**သံဃဥပုသ်ပြုရာ၌ တပါးတည်း ဉာတ်ထား၍ စိစစ်ပုံ**

သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇုပေါသထော ပန္နရသော၊

ယဒိ သံဃဿ ပတ္တကလ္လံ သံဃော ဥပေါသထံ ကရေယျ၊ ပါတိမောက္ခံ ဥဒ္ဒိသေယျ။

ယခုအခါ“ကိံ သံဃဿ ပုဗ္ဗကိစ္စံ ”ဟူသောနိဒါန်းပါဠိ၊ “ယဒိ သံဃဿ ပတ္တကလ္လံ” ဟူသော ဉာတ်ပါဠိတော်တို့နှင့်အညီ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စ တို့ကိုစိစစ်လျှောက်ကြားပြီးလျှင် ပတ္တကလ္လ အင်္ဂါတို့ကိုလည်း စိစစ်လျှောက်ကြားပါမည်အရှင်မြတ်တို့ဘုရား။

သမ္မဇ္ဇနီ ပဒီပေါ စ၊ ဥဒကံ အာသနေန စ။

ဥပေါသထဿ ဧတာနိ၊ ပုဗ္ဗကရဏန္တိ ဝုစ္စတိ-ဟူ၍ အဋ္ဌကထာဆရာမဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ—

၁။ ဥပုသ်ပြုရာ သိမ်အတွင်း၌ တံမြက်လှည်းခြင်းကိစ္စ ပြီးပါပြီ(အရှင်ဘုရား)။

၂။ ယခုအခါနေ၏အရောင်အလင်းကိုရဆဲဖြစ်သောကြောင့် မီးထွန်းဖွယ်ကိစ္စမရှိ ပြည့်စုံပါပြီ(အရှင်ဘုရား)။

၃။ သောက်ရေ သုံးရေ တည်ထားခြင်းကိစ္စ ပြီးပါပြီ(အရှင်ဘုရား)။

၄။ နေရာခင်းခြင်းကိစ္စ ပြီးပါပြီ(အရှင်ဘုရား)။

ဤ ၄-ပါးသော အမှုကိစ္စတို့ကို သံဃာ မစည်းဝေးမီ ရှေးအဖို့က ကြိုတင်၍ ပြုအပ်သောကြောင့် ပုဗ္ဗကရဏ ဟု ခေါ်ဆိုအပ်ပါသည် (အရှင်မြတ်တို့ဘုရား)။

ဆန္ဒပါရိသုဒ္ဓိ ဥတုက္ခာနံ၊ ဘိက္ခုဂဏနာ စ ဩဝါဒေါ။

ဥပေါသထဿတောနိ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ ဟူ၍ အဋ္ဌကထာ ဆရာ မဟာထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့်အညီ-

၁။ ယခု ဥပုသ်ပြုရာ ဤသိမ်အတွင်း၌ သံဃ အစည်းအဝေးသို့ မလာရောက်နိုင်သော ရဟန်းများ မရှိသောကြောင့် ဆန္ဒကို ဆောင်ဖွယ် လျှောက်ကြားဖွယ် မရှိ ပြည့်စုံပါပြီ(အရှင်ဘုရား)။

၂။ ပါရိသုဒ္ဓိကိုလည်း ဆောင်ဖွယ် လျှောက်ကြားဖွယ်မရှိ ပြည့်စုံပါပြီ (အရှင်ဘုရား)။

၃။ ဥတု သည် ဟေမန္တဥတု၊ ဂိမှ ဥတု၊ ဝဿာန ဥတု ဟူ၍ ၃-ပါးအပြားရှိပါသည်၊ ထို ၃-ပါးတို့တွင် ယခု ရောက်ဆဲ ဥတုသည် (ဝဿာနမိုးဥတု ဖြစ်ပါသည်)၊ ဤဥတု၌ ၈-ပက္ခရှိသည်တို့တွင် ယခု ရောက်ဆဲ ပက္ခသည် (အစဆုံး ပဌမ ပက္ခ ဖြစ်၍ လွန်ပြီးမရှိ၊ ၇-ပက္ခ ကြွင်းကျန်ပါသေးသည်) (၂-ခုမြောက် ဒုတိယ ပက္ခ ဖြစ်၍ တပက္ခ လွန်ခဲ့ပါပြီ၊ ၆-ပက္ခ ကြွင်းကျန်ပါသေးသည်၊ နောက်ဆုံး အဋ္ဌမ ပက္ခဖြစ်၍ ၇-ပက္ခ လွန်ခဲ့ပါပြီ၊ ကြွင်းပက္ခ မရှိတော့ပါ) (အရှင်ဘုရား)။

[ဝါထပ်မည့်နှစ် နွေဥတုဖြစ်လျှင် "၈-ပက္ခ ရှိသည်တို့တွင်" ဟူရာ၌(ဝါထပ်၍ ၁၀-ပက္ခ ရှိသည်တို့တွင်)ဟု ပြင်၍ ရောက်ဆဲ ပက္ခ အားလျော်စွာ ပြောဆိုရာ၏]။

၄။ ယခုအခါ ဤသိမ်အတွင်း၌ ဥပုသ်ပြုရန် စည်းဝေး တည်နေလျက်ရှိသော ရဟန်းတော် အရေအတွက်မှာ ငါးကျိပ်ကိုးပါး ရှိပါသည် (အရှင်ဘုရား)။

၅။ ယခုအခါ သာသနာတော်၌ ဘိက္ခုနီမတို့ ထင်ရှား မရှိသောကြောင့် ဘိက္ခုနီမ တို့၏ ဩဝါဒ ခံရန် တောင်းပန်သောစကားကို သံဃာတော်အား လျှောက်ကြားဖွယ်မရှိ ပြည့်စုံပါပြီ(အရှင်ဘုရား)။

ဤငါးပါးသောအမှုကိစ္စတို့ကို သံဃာ စည်းဝေးပြီးနောက် ဥပုသ်မပြုမီ (ပါတိမောက် ရွတ်ဆို မပြမီ) ရှေ့အဖို့၌ ပြုအပ်သောကြောင့် ပုဗ္ဗကိစ္စ ဟု ခေါ်ဆိုအပ်ပါသည် (အရှင်ဘုရား)။

ဥပေါသထော ယာဝတိကာစ ဘိက္ခုကမ္မပတ္တာ သဘာဂါပတ္တိယောစ နဝိဇ္ဇန္တိ ဝဇ္ဇနီယာစ ပုဂ္ဂလာ တသ္မိံ နဟောန္တိ ပတ္တကလ္လန္တိ ဝုစ္စတိ ဟူ၍ အဋ္ဌကထာ ဆရာမထေရ်မြတ်တို့ မိန့်ဆိုတော်မူအပ်သည်နှင့် အညီ-

၁။ ဥပုသ်သည် သာမည လက္ခဏာ အားဖြင့် တပါးတည်းသာ ဖြစ်ပါသည်၊ ဝိသေသလက္ခဏာ အားဖြင့်သော်ကား စာတုဒ္ဒသီဥပုသ်, ပန္နရသီဥပုသ်, သာမဂ္ဂီဥပုသ် ဟူ၍ နေ့၏ အစွမ်းအားဖြင့် ၃-ပါး၊ သံဃဥပုသ်,ဂဏဥပုသ်,ပုဂ္ဂလဥပုသ် ဟူ၍ ပြုတတ်သော ကာရကပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ၃-ပါး၊ သုတ္တုဒ္ဒေသဥပုသ်, ပါရိသုဒ္ဓိဥပုသ်, အဓိဋ္ဌာန်ဥပုသ် ဟူ၍ ပြုအပ်သော အခြင်းအရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် ၃-ပါး၊ ဤသို့အားဖြင့် ကိုးပါး

အပြားရှိပါသည်၊ ထိုကိုးပါးတို့တွင် ယခု ပြုလတ်သော ဥပုသ်သည် နေ့၏အစွမ်းအားဖြင့် (ပန္နရသီ ဥပုသ်) (စာတုဒ္ဒသီ ဥပုသ်) ဖြစ်ပါသည်၊ ပြုတတ်သော ကာရက ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် သံဃ ဥပုသ် ဖြစ်ပါသည်၊ ပြုအပ်သော အခြင်းရာ ကာတဗ္ဗာကာရ၏ အစွမ်းအားဖြင့် သုတ္တုဒ္ဒေသဥပုသ် ဖြစ်ပါသည် (အရှင်ဘုရား)။

၂။ ဤ သုတ္တုဒ္ဒေသ သံဃ ဥပုသ်ကို ပြုရာဝယ် လေးပါး၊ လေးပါးထက် အလွန်ဖြစ်သော ရဟန်းတော်တို့သည် တခုတည်းသော သိမ် အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေးတည်နေကြလျှင် ဤ သံဃဥပုသ်ကံအား လျောက်ပတ်ပါသည်၊ ယခုအခါ (၄-ပါးသော) (၄-ပါးထက်အလွန် ငါး ကျိပ် ကိုးပါးသော)ရဟန်းတော်တို့သည် တခုတည်းသော သိမ်အတွင်း၌ အချင်းချင်း ၂-တောင့်ထွာ ဟတ္ထပါသ် ဆက်စပ်လျက် ကာယသာမဂ္ဂီပေး၍ စည်းဝေး တည်နေကြပါကုန်ပြီ (အရှင်ဘုရား)။

၃။ စည်းဝေး တည်နေကြသော ထိုရဟန်းတို့သည် ဒေသနာ ပြောကြားကြပြီးဖြစ်၍ သဘောတူ ဝတ္ထုကြောင့် သင့်သော အာပတ်မှ ကင်းစင်ကြပါကုန်ပြီ(အရှင်ဘုရား)။

၄။ လူ့ဘိက္ခုနီ အစရှိသော နှစ်ကျိပ် တယောက်သော ဝဇ္ဇနီယပုဂ္ဂိုလ်တို့ကို သံဃာတော်၏ ၂တောင့်ထွာ ဟတ္ထပါသ်မှ အပပြုသောအားဖြင့် ကြဉ်အပ်ပါကုန်ပြီ (အရှင်ဘုရား)။

ဤ ၄-ပါးသောအင်္ဂါတို့ဖြင့် ရေတွက်အပ်သော ဥပုသ်ကံကို လျောက်ပတ်သော အခါရှိသော ပတ္တကလ္လကံ-ဟု ခေါ်ဆိုအပ်ပါသည် အရှင်ဘုရား။

ပုဗ္ဗကရဏ ပုဗ္ဗကိစ္စာနိ သမာပေတွာ ဒေသိတာပတ္တိကဿ သမဂ္ဂဿ ဘိက္ခုသံဃဿ အနုမတိယာ ပါတိမောက္ခံ ဥဒ္ဒိသိတုံ အာရာဓနံ ကရောမ။

သာဓု....သာဓု....သာဓု....။

### ပါတိမောက်ပြပုံ အကျဉ်း

ပါရိသုဒ္ဓိံ အာယသ္မန္တော အာရောစေထ ။ပ။ ဝေမေတံ ဓာရယာမိ။ တတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ ။ပ။ ဝေမေတံ ဓာရယာမိ။ ဣမေခေါ ပနာယသ္မန္တော တေရသ သံဃာဒိသေသာ ။ပ။ ဓာရယာမိ။ ဣမေခေါ ပနာယသ္မန္တော ဒွေအနိယတာ ဓမ္မာ ။ပ။ ဓာရယာမိ။

### အကြွင်းကို သုတဖြင့် သိမ်းပုံ

ဥဒ္ဒိဋ္ဌံခေါ အာယသ္မန္တော နိဒါနံ ။ပ။ ဥဒ္ဒိဋ္ဌာ ဒွေအနိယတာဓမ္မာ။သုတာခေါ ပနာယသ္မန္တေတိံ တိံ. သနိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ၊ သုတာ ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ၊ သုတာ စတ္တာရော ပါဋိဒေသနိယာ ဓမ္မာ၊ သုတာ သေခိယာ ဓမ္မာ၊ သုတာ သတ္တ အဓိကရဏသမထာ ဓမ္မာ၊ တ္တောကံ တဿ ဘဂဝတော ။ပ။ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗံန္တိ။

အနိယတုဒ္ဒေသော စတုတ္ထော။
သာဓု-သာဓု-သာဓု။

ဥပုသ်ပြုပြီးစ မဟာစည် ဩဝါဒ
ယောဂီထိုကျင့်ဖွယ်
တာ ၆-တာ

၁၃၂၉-ခု၊ ပြာသိုလပြည့် တနင်္ဂနွေနေ့၊ ဤနေ့ကို ဤလိုပင် မှတ်စုစာအုပ်ထဲ၌ ထည့်သွင်းပြီး ရေးသား ထားလိုက်ပါသည်၊ အကြောင်းမူကား ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး မိန့်ကြားသော ဩဝါဒကို မမေ့နိုင်ရန် မှတ်သား နိုင်သမျှ မှတ်သား ထားလိုသောကြောင့် ဖြစ်ပါသည်၊ ထိုလပြည့်နေ့၌ ဆရာတော်ဘုရားကြီးနှင့်တကွ ရဟန်း သံဃာတော် ၃၀-ကျော်တို့သည် ရန်ကုန်သာသနာ့ရိပ်သာအတွင်းရှိ သိမ်ကျောင်း၌ စည်းဝေးတော်မူကြ၍ ပြုမြဲဖြစ်သော သံဃဥပုသ်ကို ပြုပြီးတော်မူကြလေပြီ။

**အချိန်မှာ ညနေ ၅-နာရီဖြစ်၏၊ အခွင့်သင့်၍ အချိန်ရသလောက်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ဥပုသ်ပြုယောဂီ ရဟန်းတော်တို့အား ဩဝါဒပေးမြဲဖြစ်သည့်အတိုင်း ထိုနေ့၌လည်း ဥပုသ်ပြုအပြီး၌ "ယောဂီတို့ကျင့်ဖွယ်" ဩဝါဒကိုပေးတော်မူပါသည်၊ ထိုဩဝါဒမိန့်ခွန်းမှာ—**

၁။ ကမ္မာရာမတာ-အမှုကြီးငယ်၌ မွေ့လျော်ခြင်း။

၂။ ဘဿာရာမတာ-စကားပြောခြင်း၌ မွေ့လျော်ခြင်း။

၃။ နိဒ္ဒါရာမတာ-အိပ်ခြင်း၌ မွေ့လျော်ခြင်း။

၄။ သင်္ဂဏိကာရာမတာ-အပေါင်းအဖော်၌ မွေ့လျော်ခြင်း။

၅။ သံသဂ္ဂါရာမတာ-ရောနှောခြင်း၌ မွေ့လျော်ခြင်း။

၆။ ပပဉ္စာရာမတာ-ချဲ့ခြင်း၌ မွေ့လျော်ခြင်း။

ဤမွေ့လျော်ခြင်း ၆-ပါးဆိုတာ ရှိတယ်၊ တရားအားထုတ်တဲ့ ယောဂီတွေဟာ အဲဒီ မွေ့လျော်ခြင်း ၆-ပါးကိုကြဉ်ရှောင်ကြရမယ်၊ ဒီမွေ့လျော်ခြင်း ၆-ပါးထဲက တပါးဖြစ်စေ၊ နှစ်ပါး၊ သုံးပါးဖြစ်စေ မွေ့လျော်နေမယ် ဆိုယင် ပဓာနဖြစ်တဲ့ ပြုလုပ်ရမည့်အလုပ်ဟာ မတွင်ကျယ်တော့ဘူး၊ မတွင်ကျယ်ရုံသာမကဘူး၊ အပြီးသို့မရောက်ဘဲလဲ နေချင်နေမယ်။

ဒီရိပ်သာရောက်နေကြတဲ့ ယောဂီတွေဟာ ဒီမွေ့လျော်ဖွယ်တွေနဲ့ မွေ့လျော်မယ် ဆိုပြီး ရောက်လာကြတာမဟုတ်ဘူး၊ တရားနဲ့ မွေ့လျော်မယ် ဆိုပြီး ရောက်လာကြတာဖြစ်တယ်၊ တရားနဲ့ မွေ့လျော်ရတာဟာ အင်မတန်ကောင်းပါတယ်၊ ဘယ်သူ့ကိုမှ ထိခိုက်တဲ့အလုပ်လဲ မဟုတ်ဘူး။

လောဘ, ဒေါသ, မောဟတို့ကြောင့် မငြိမ်၊ မသက်ဖြစ်နေတဲ့ကိုယ်, မငြိမ်မသက်ဖြစ်နေတဲ့နှုတ်, မငြိမ်မသက်ဖြစ်နေတဲ့ စိတ်၊ ဒီလိုမငြိမ်မသက်ဖြစ်နေတတ်တဲ့ မိမိတို့ကိုယ် နှုတ် စိတ်တွေလဲ ငြိမ်သက်အေးချမ်းသွားစေနိုင်ပါတယ်၊ ဒါကြောင့် တရားနဲ့မွေ့လျော်ရတာဟာအင်မတန်ကောင်းပါတယ်၊ တခြားမွေ့လျော်ဖွယ်တွေ ဆိုတာက ဒီလို ငြိမ်သက်အေးချမ်းနိုင်တာမဟုတ်ဘူး။

၁။ ကမ္မာရာမတာ-

ကမ္မာရာမတာ-ဆိုတာ အမှုကြီးငယ်ပြုလုပ်တဲ့နေရာမှာ မွေ့လျော် ပျော်ပိုက်တတ်တဲ့ သဘောဘဲ၊ တနှစ်နဲ့လဲမပြီး၊ တလနဲ့လဲမပြီးတဲ့ အမှုကိစ္စကြီးမျိုး၊ တနာရီလောက်နဲ့၊ တရက်လောက်နဲ့ ပြီးစေနိုင်တဲ့ အမှုကိစ္စငယ်ကလေးတွေမျိုး၊ ဒီလိုကြီးတဲ့အမှုကိစ္စ၊ ငယ်တဲ့အမှုကိစ္စတွေဆိုတာ ရှိကြပါတယ်၊ တချို့က ဒီလိုအမှုကိစ္စမျိုးတွေကို ပြုလုပ်ဆောင်ရွက်ဖို့ ဝါသနာပါတတ်ပါတယ်။

ဝါသနာပါတဲ့အတိုင်း သူ့နေရာနဲ့သူ ဆောင်ရွက်သင့်လို့ ဆောင်ရွက်တာကို ဆိုစရာမလိုပါဘူး၊ ဆောင်ရွက်သင့်ယင်ဒီလိုဆောင်ရွက်နေကြရတာပါဘဲ၊ ဒီနေရာမှာတော့ မဆောင်ရွက်သင့်ဘဲ ဆောင်ရွက်နေတာမျိုးကို ပြောလိုပါတယ်။

အထူးအားဖြင့် ယောဂီသစ်တွေအနေနဲ့ တရားအားထုတ်မယ်ဆိုပြီး တရားအားထုတ်နေတဲ့ အခါမှာ ဝါသနာပါခဲ့တဲ့ အမှုကြီးငယ်ဆောင်ရွက် မွေ့လျော်မှုတွေကို မဆောင်ရွက်မမွေ့လျော်ဘဲအချိန်ရတိုင်း တရားကိုသာ အားထုတ်သင့်ပါတယ်၊ တရားနှင့်သာ မွေ့လျော်သင့်ပါတယ်၊ ဒါမှလဲ သာသနာ့ရိပ်သာကိုလာရောက်စဉ်က မိမိတို့ရည်ရွယ်ယင်းဖြစ်တဲ့တရား ရချင်မှု အလိုဆန္ဒ ပြည့်ဝကြမှာ ဖြစ်ပါတယ်။

၂။ ဘဿာရာမတာ-

ဘဿာရာမတာ-ဆိုတာဟာ စကားပြောဖော်ပြောဖက်ရှိယင် မထတန်း ပြောနေတတ်တဲ့သဘောပါဘဲ၊ စကားပြောဖော်ပြောဖက်ရှိယင် ဘယ်လောက်အချိန်ကုန်ကုန် ပြောနေတတ်တယ်၊ ပြော

ဖော်ပြောဖက်မရှိယင် လိုက်ရှာပြီးတောင်ပြောတတ်သေးတယ်၊လုပ်သင့်တဲ့အလုပ်ကို ပစ်ထားတတ်တယ်၊ မေ့ထားတတ်တယ်၊ နား ထောင် မည့် လူ ရှိ ယင် တယောက်ထဲလဲ ဒိုင်ခံပြောတာဘဲ၊ စုဝေးနေရာမှာလဲ ပြောတာဘဲ၊ တခါတရံ သူပြောတာကိုနားမထောင်ချင်ဘဲ အားနာလို့ နားထောင်နေရတာတွေလဲရှိတယ်။

အယင်တုန်းကပုဏ္ဏားကြီးတယောက်ဟာစကားများလွန်းလို့ နားထောင်ရတဲ့ လူတွေက မုန်းလာတယ်၊ ဒီတော့ ဗိန္ဒုပစ်တတ်တဲ့ လူတယောက်ကို ကုလားကာ (ကန့်လန့်ကာ) အကွယ်က နေစေပြီး သူစကား ပြောတဲ့အခါ ပါးစပ်ဟတိုင်း ဆိတ်ချေး (ချီး)နဲ့သူ့ပါးစပ်ထဲဝင်အောင် အပစ်ခိုင်းကြတယ်၊ ဆိတ်ချေး တနွက်သား တပြီသားဝင်အောင် ပစ်သွင်းတာတောင် အပြောမရပ်ဘူးလို့ ဆိုတယ်၊ ဒီလောက်တောင်ပြောတော့ မုန်းကြမှာဘဲ။

ဒီလောက်မပြောတောင်အလုပ်ပျက်အကိုင်ပျက်နားထောင်နေရယင် မုန်းကြမှာပါဘဲ၊တဖက်သားရဲ့အလိုက်ကိုမသိတတ်ရာလဲရောက်တယ်၊ စကားဆိုတာပြောစရာရှိသလောက်ထက် ပိုပြောယင် စကားများတယ် ဆိုပြီး မုန်းတတ်ကြတယ်၊ တရား အားထုတ်နေကြတဲ့ ယောဂီတွေဆိုယင် တဦးနဲ့တဦး သိပ်ပြီး ပြောစရာ လိုကြမယ် မဟုတ်ပါဘူး၊ အချိန်ရှိသမျှ ကိုယ့်တရားကို ကိုယ်အားထုတ်နေကြဖို့ဘဲ ရှိပါတယ်။

## ၃။ နိဒ္ဒါရာမတာ-

နိဒ္ဒါရာမတာ ဆိုတာ အအိပ်မက်တာ အအိပ်ကြီးတာပါဘဲ၊ တချို့က အင်မတန် အအိပ်ကြီးတယ်၊ အအိပ်ကြီးတာဟာ သူတပါးကို ထိပါးတာ မဟုတ်ပေမဲ့ ကိုယ့်အတွက် အကျိုးမရှိဘဲ အကျိုးယုတ်တတ်တယ်၊ အကျိုးရှိမဲ့အလုပ်တွေဟာ အိပ်နေလို့ မလုပ်လိုက်ရတာနဲ့ အကျိုးမဲ့ ဖြစ်ကုန်နိုင်တယ်။

ဒီလောက်သာ မကသေးဘူး၊ အအိပ် မက်ပြီး မအိပ်သင့်တဲ့နေရာမှာ သွားအိပ်မိယင် အသက်ကိုတောင် ထိခိုက်တတ်သေးတယ်၊ မီးရထားသံလမ်းကိုခေါင်းအုံးပြီး အိပ်ကြလို့မီးရထားနင်းပြီး သေကြရတာတွေတောင် ရှိကြတယ် မဟုတ်လား၊ မဆင်မခြင်အအိပ်မက်တဲ့ လူတွေအတွက် မီးရထားသံလမ်းကလဲ ခေါင်းအုံးအိပ်လို့ မနိမ့်မမြင့် သင့်တော်ရုံ ဖြစ်နေတယ်၊ တဝုန်းဝုန်းမြည်လာတဲ့ ရထားကြီး အနီးရောက်လာတာလဲ မနိုးဘူး၊ ခေါင်းတွဲက ဥသြဆွဲတာလဲ မနိုးဘူးဆိုတော့ ရထားကြီးက နင်းသွားမှာပါဘဲ။

ဒီသာသနာ့ရိပ်သာမှာ ရောက်နေကြတဲ့ ယောဂီတွေထဲမှာ ဒီလောက် အအိပ်မက်တတ်တဲ့ ယောဂီပါနေယင် ဒီလောက် အိပ်လို့တော့ မဖြစ်ဘူး၊ ဘာပြုလို့လဲဆိုတော့ ယောဂီပရိသတ်တွေနဲ့ သင့်လျော်တဲ့ စည်းမျဉ်းတွေက ရှိနေတယ်၊ နံနက် ၄-နာရီမှာ ထပြီး ဘုရားဝတ်တက် ဝတ်ကပ်ပြုရမည့် ယောဂီဟောင်း ပုဂ္ဂိုလ်တွေလဲ ပါတယ်၊အားထုတ်ဆဲ ဖြစ်တဲ့ ယောဂီသစ်တွေဆိုယင် သတ်မှတ်ထားတဲ့အချိန်တိုင်း ကမ္မဋ္ဌာန်း စစ်မေးရာဌာန ကမ္မဋ္ဌာနာစရိယထံ သွားရောက် အစစ်ခံရတယ်၊ ဒီလိုစည်းမျဉ်းတွေက ရှိနေတယ်၊ ဒါကြောင့် ဒီရိပ်သာမှာ လာပြီး အိပ်ချင်တိုင်း အိပ်နေလို့ မဖြစ်ဘူး။

## ၄။ သင်္ဂဏိကာရာမတာ-

သင်္ဂဏိကာရာမတာ ဆိုတဲ့ အပေါင်းအဖော်၌ မွေ့လျော်တတ်တာဟာလဲ အလုပ်ပျက်ခြင်းရဲ့ အကြောင်းတခုပါဘဲ၊ အပေါင်းအဖော်နှင့်သာ နေရမယ် ဆိုယင် ပျော်နေတတ်ကြတယ်၊ သွားလဲ အပေါင်းအဖော်နဲ့မှ သွားချင်တယ်၊ တယောက်ထဲ နေရ ထိုင်ရယင် သူက ပျင်းရိငြီးငွေ့တတ်တယ်။

ဒီလို အပေါင်းအဖော်နှင့် မွေ့လျော်တတ်တာဟာလဲ ဝိပဿနာအလုပ်ကို လုပ်နေတဲ့ ယောဂီတွေနှင့် ဆန့်ကျင်နေတယ်၊ တချို့ တရားစကြံလျှောက်တာတောင် နှစ်ယောက်တွဲပြီး စကားတပြောပြောနဲ့

လျှောက်တတ်ကြတယ်၊ ဘယ်မှာ အမှတ်တရား ပါတော့မလဲ၊ အမှတ်မပါယင် တရားလဲကြာပြီး မရနိုင်ဘူး။

ဒါကြောင့် အယင်က အပေါင်းအဖော်နှင့် မေ့လျော့လေ့ရှိတောင်မှ တရားအားထုတ်ဖို့ ရိပ်သာရောက်နေတဲ့အခါမှာ အပေါင်းအဖော်တွေကို ဥဒ္ဒရှောင်ထားကြရမယ်၊ ဒါမှလဲ တရားရအောင် အားထုတ်နိုင်မှာဘဲ။

## ၅။ သံသဂ္ဂါရာမတာ-

သံသဂ္ဂါရာမတာ ရောနှောခြင်း၌ မေ့လျော့တတ်တာဟာလဲ နေရာကျတဲ့ကိစ္စမဟုတ်ဘူး၊ ရဟန်းဆိုတာ ရဟန်းနေရာ နေတာဘဲ ကောင်းတယ်၊ လူဆိုတာ လူ့နေရာ နေတာဘဲ ကောင်းတယ်၊ လူမှာလဲ ယောကျ်ားဟာ ယောကျ်ားနေရာမှာ နေတာဘဲ ကောင်းတယ်၊ မိန်းမဆိုတာ မိန်းမနေရာမှာ နေတာဘဲ ကောင်းတယ်။

ဒီလိုကိုယ့်နေရာမှာ ကိုယ်မနေကြဘဲရောနှောနေမယ် ဆိုယင် တဦးနှင့်တဦး အရှိအသေ တန်တတ်ကြတယ်၊ ဒီလို အရှိအသေ တန်ယင် သူတော်ကောင်း ပညာရှိတို့မြင်တဲ့အခါ ကဲ့ရဲ့စရာ ဖြစ်မယ်၊ သူတော်ကောင်း ပညာရှိတို့ ကဲ့ရဲ့တဲ့ အလုပ်ဆိုတာ လောကပြစ် ဓမ္မပြစ် နှစ်မျိုးတို့တွင် တမျိုးမျိုး ဖြစ်နေလို့ယင်လဲ ဖြစ်မယ်၊ နှစ်မျိုးစလုံး ဖြစ်နေလို့ယင်လဲ ဖြစ်မယ်၊ အကြောင်းမဲ့ ကဲ့ရဲ့တာတော့မဟုတ်ဘူး၊ ဒါကြောင့် ဒီမှာအားထုတ်နေကြတဲ့ ယောဂီတွေဟာ ဒီလို ရောနှောခြင်းမျိုးကိုလဲ ရှောင်ကြဉ်ကြရမယ်၊ ဒီရိပ်သာမှာတော့ ပင်ကိုယ်ကပင် ရဟန်းရှင်လူ ကျား မ ယောဂီများအား သူ့နေရာနှင့်သူ နေရာချထားပြီးသားပါဘဲ၊ ကိုယ့်နေရာကိုယ်မနေဘဲ ရောနှောခြင်း မရှိရအောင် ကြဉ်ရှောင်ကြဖို့ပါဘဲ၊ ဒါမှလဲ အပြစ်ကင်းပြီး ကောင်းခြင်းနှင့် ပြည့်စုံမယ်၊ တရားများလဲ မြန်မြန် ရနိုင်ကြမယ်။

## ၆။ ပပဉ္စာရာမတာ-

ပပဉ္စာရာမတာ အကျယ် ချဲ့တတ်တယ် ဆိုတဲ့ သဘောကလဲ ရှိသေးတယ်၊ စားဝတ်နေရေးတွေမှာပေါ့၊ သင့်တင့်သလောက်နှင့်မပြီး၊ အပိုတွေ ချဲ့ထွင်ချင်ဘတ်ကဲ့ သဘောမျိုးပါဘဲ။

စားတဲ့နေရာမှာဆိုယင် ဒကာ ဒကာမ ကပ်လှူတာလောက်နဲ့ အားမရဘူး၊ ဆားယူခဲ့ပါအုံး၊ ဆီယူခဲ့ပါအုံး၊ ဒီဟင်းကို နွှေးလိုက်ပါအုံး၊ ဟိုဟင်းကို နွှေးလိုက်ပါအုံး စတဲ့ ချဲ့ထွင်မှုမျိုး တွေ ဖြစ်ပါတယ်။

ဝတ်ရေးဆိုယင်လဲ ဝတ်လောက်ရုံရှိယင် ပြီးတာဘဲ၊ ဒါပေမဲ့ မပြီးသေးဘဲ တထည်က နှစ်ထည်၊ နှစ်ထည်က သုံးထည်ရှိအောင် ချဲ့ချင်တတ်ကြတယ်၊ ပိတ်သက်န်းရှိလျက်နဲ့ တက်ထွန်သင်္ကန်း၊ တက်ထွန်သင်္ကန်း ရှိပြန်တော့ ဖော့ခရစ်သင်္ကန်း စသည်ဖြင့် ရှိတာနဲ့မပြီးဘဲ အဝတ်မှာလဲ ချဲ့ထွင်လေ့ရှိကြတယ်။

နေတဲ့နေရာမှာလဲ ဒီအတိုင်းဘဲ၊ နေလောက် အိပ်လောက် သင့်တင့်ရုံ ရှိယင် မပြီးသေးဘူး၊ နေရာချထားရေးဌာနက ချထားတဲ့ နေရာတွင် မနေချင်သေးဘူး၊ ဒီနေရာမှ ဟိုနေရာမှ ဆိုပြီး နေရာအတွက်နဲ့လဲ ချဲ့ထွင်တတ်ကြသေးတယ်၊ ဒါက ပုဂ္ဂိုလ်တိုင်းတော့ မဟုတ်ပါဘူး၊ ဒီအထဲ ဒီလို ချဲ့ထွင်တတ်တာကလဲ ရှိသေးတယ်လို့ ပြောသံကြားဘူးတာဘဲ။

ဒီလိုချဲ့ထွင်တတ်တာမျိုးကိုလဲ ယောဂီဘဦးအနေနဲ့ ကြဉ်ရှောင်ကြရမယ်၊ ဘာကြောင့်လဲဆိုတော့ ဝိပဿနာ ရှုမှတ်တဲ့ ယောဂီတဦးအနေနဲ့ မလျော်ဘဲ သန္တုဋ္ဌိ, သလ္လေခ,တရား မဖြစ်သောကြောင့်ပါဘဲ၊ ယောဂီရဟန်းဆိုတာ သန္တုဋ္ဌိ, သလ္လေခ တရားနှင့် ပြည့်စုံရတယ်။

## နေကောင်း သေကောင်း

အချုပ်ကတော့ ယောဂီ ရဟန်း ရှင် လူဆိုတာ မေ့လျော့ခြင်း ခြောက်ပါးကို ကြဉ်ရှောင်ကြရတယ်၊ ဒီမေ့လျော့ခြင်း ၆-ပါးဟာ ယောဂီတို့အား

ထုတ်နေတဲ့ ဝိပဿနာတရားရဲ့ အန္တရာယ်တွေ ဖြစ်တယ်။

ယောဂီပုဂ္ဂိုလ်တွေ မျှသာ မဟုတ်သေးပါဘူး၊ ယောဂီမဟုတ်တဲ့ ပုဂ္ဂိုလ်တွေလဲ ဒီ မွေ့လျော်မှု ၆-ပါးကို ကြဉ်ရှောင်ကြရန်အတွက် အင်္ဂုတ္တရပါဠိ ဆက္ကနိပါတ် ဘဒ္ဒကသုတ်မှာ မြတ်စွာဘုရားက ဟောကြားထားတော်မူပါတယ်၊ မြတ်စွာဘုရားက ဒီမွေ့လျော်မှု တွေနှင့် မွေ့လျော်နေသူဟာ နေကောင်း သေကောင်း မဖြစ်ဘူးတဲ့၊ ဒီ မွေ့လျော်မှု တွေကို ကြဉ်ရှောင်မှ နေကောင်း သေကောင်း ဖြစ်တယ်လို့ ဟောကြားထားတော်မူပါတယ်၊ ဒီတော့ နေကောင်း သေကောင်းဖြစ်ရုံသာမက မိမိတို့ လိုလားနေကြတဲ့ တရားထူး တရားမြတ်ကိုပါ အသီး အသီး ရရှိခံစားနိုင်ကြစေရန် မွေ့လျော်မှု ၆-ပါးကို ကြဉ်ရှောင်၍ ဝိပဿနာတရားတို့ကို ကြိုးစား အားထုတ်နိုင်ကြပါစေ။

သာဓု...သာဓု....သာဓု....

**ဆောင်ပုဒ်**

ကိစ္စမများ စကားနည်းစေ။
အအိပ်မကြီး ကိုယ်ထည်းပျော်နေ။
ရောနှောမှုကင်း ချဲ့ခြင်း ရှောင်လေ။
အနေ ကောင်း အကြောင်း ဂုဏ် ခြောက်ထွေ။
အသေ ကောင်း အကြောင်း ဂုဏ် ခြောက်ထွေ။

ညောင်ကန်-အရှင်ဣန္ဒက

မဟာစည်

ပုစ္ဆာအဖြေရတနာများကဏ္ဍ

# မောင်သုခ၏-အမေး ၆ ဖြာ

# မဟာစည်၏ အဖြေရတနာ

## ညောင်ကန် အရှင်ဇာန္ဒက-တင်ပြသည်

### မောင်သုခ၏ အမေး ၆ မျိုး

လင်္ကာပေသလ၊ သိက္ခာကာမ၊ ပရိယတ္တိဝိသာရဒ၊ ပဋိပတ္တိမာမက၊ သီလဝန္တ၊ ဂုဏဝန္တ၊ ပညာဝန္တ၊ အဂ္ဂမဟာပဏ္ဍိတ-ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်အသျှင်သူမြတ်ကြီးဘုရား။

အောက်ပါအကြောင်းအရာများကိုတပည့်တော်တို့မှာ အမှားအမှန် ဝေဘန်ခွဲခြမ်းနိုင်သော ဉာဏ်ပညာမရှိကြပါ၍ဘုရားတပည့်တော်တို့အား မေတ္တာကရုဏာရှေ့ထားပြီး ဖြေကြားအမိန့်ရှိတော်မူပါမည့်အကြောင်း စာအားဖြင့်ရိုသေစွာလျှောက်ထားအပ်ပါသည် ဆရာတော် အသျှင် သူမြတ် ကြီး ဘုရား၊ လျှောက်ထားလိုသော အကြောင်းအရာများမှာ-

၁။ ယခုအခါ တပည့်တော်တို့ မြို့ရွာဒေသမှစ၍ တနိုင်ငံလုံးတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး ချို့ငဲ့လျက်ရှိကြကုန်သော အချို့သောသူတို့သည် ဗေဒင်ဆရာတို့ကိုရင်း၊ ဂိုဏ်းအမျိုးမျိုးတို့မှ ဆရာတို့ကိုရင်း ချဉ်းကပ်ပြီးလျှင် စီးပွားရေး ပညာရေး၊ကျန်းမာရေးများ တိုးတက် ကောင်းမွန်လာစေရန်အတွက် အဆိုပါဆရာများက ညွှန်ကြားသည့်အတိုင်း ဓာတ် ရိုက် ဓာတ် ဆင် ပြု လုပ် ခြင်း၊ ယတြာချေခြင်း၊ ဘုရားကိုးဆူပူဇော်ခြင်း၊ ပရိတ်ရွတ်ခြင်းစသော နည်းအမျိုးမျိုးတို့ဖြင့် ကုစားပြုပြင်ကြပါသည်၊ ထိုကဲ့သို့ပြုလုပ်ကြ၍ အတိတ်က ပြုခဲ့သော အ ကု သိုလ် ကံ က အ ကျိုး ပေး လာ သော မကောင်းမှုကျိုးများကို အထက်ပါကုစားကာကွယ်မှု နည်းအမျိုးမျိုးတို့ဖြင့် တားဆီးကာကွယ်၍ ရနိုင်မရနိုင် အကျိုးရှိမရှိ စသည်ကို မိန့်တော်မူပါရန်။

၂။ မင်းကွန်း တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ရေးသားတော်မူအပ်သော မဟာဗုဒ္ဓဝင်စတုတ္ထတွဲစာမျက်နှာ(၂၃၈) တွင်ပါရှိသောသုစိလောမနှင့် ခရလောမဘီလူးနှစ်ဦးမှာတိရစ္ဆာန်များဖြစ်ပါလျက်အဘယ့်ကြောင့် သောတာပန် တည်ကြကြောင်းကိုအမိန့်ရှိတော်မူပါဘုရား။

၃။ ယခုအခါမြန်မာပြည်အရပ်ရပ်တွင် အချို့သော ဆရာတော်များက အန္တရာယ်ကင်း ပရိတ်ရွတ်ကမ္မဝါစာ ဘတ်ရာတွင် မြတ်စွာဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော ဗုဒ္ဓဘာသိတ အစစ်ဖြစ်သည့်ဥတ္တိစတုတ္ထ ဥပသမ္ပဒကမ္မဝါစာတော်ကို ရွတ်ဘတ် ချီးမြှင့်တော်မူကြ၍ အချို့ ဆရာတော်များမှာမူ မကောင်းဆိုးဝါးများကို နှင်ထုတ်သည့် ပဗ္ဗာဇနီယ ကမ္မဝါစာကို ရွတ်ဘတ် ချီးမြှင့်ကြသည်ကို တွေ့ရှိရပါသည်၊ ၎င်းကမ္မဝါစာ နှစ်မျိုးတို့တွင်

မည်သည့် ကမ္မဝါစာတော်က တန်ခိုး ထက်မြက်၍ မည်သည့်ကမ္မဝါစာကိုသာ အသုံးပြုရန် သင့်လျော်ကြောင်းအမိန့်ရှိတော်မူပါဘုရား။

၄။ တရားဟောဓမ္မကထိကဆရာတဦးကဝိပဿနာ တရားအားထုတ်ရာတွင် သုခဝေဒနာ၊ ဒုက္ခဝေဒနာဖြစ်ပေါ်လာလျှင် ၎င်းသုခ ဒုက္ခဝေဒနာတို့ကို မရှုရ၊ ချမ်းသာဆင်းရဲကို ကိုလေသာ့ဘဲရယ်လို့ သိတာနဲ့ သူ့ကို နှလုံးမသွင်းတော့ယင် ဥပေက္ခာဟာ အလိုလိုဖြစ်လာတာဘဲ ဟူ၍၎င်း၊ ၎င်းပြင် တွေ့နေတဲ့သဘောတခုကို ချမ်းသာဘဲ၊ ဆင်းရဲဘဲ၊ မမှတ်ဘဲ ဖောက်ပြန်ဖြစ်ပျက်လို့ ရှုလိုက်သိလိုက်တာနဲ့ အဲဒီလိုရှုနေတာဟာ ဥပေက္ခာ ဖြစ်တဲ့သဘောဘဲ၊ ဒါကပါဠိတော်နည်း ဟူ၍၎င်း ရေးသားချက်ကို ဘတ်ရှုရပါသည်၊ ၎င်းရေးသားချက်သည် သတိပဋ္ဌာန်ပါဠိတော်လာ ဝေဒနာနုပဿနာရှုနည်းနှင့်ညီမညီ၊ ၎င်းရေးသားချက်မှာ ဓမ္မဓိဋ္ဌာန်ကျမကျ မှန်မမှန် အမိန့်ရှိတော်မူပါဘုရား။

၅။ ပုထုဇဉ် ဖြစ်သော လူသတ္တဝါ တဦးသည် ယခုဘဝတွင် ဝိပဿနာတရားကို ရှုမှတ် ပွားများအားထုတ်ပါသော်လည်း တမဂ်တဖိုလ်ကိုမျှမရလျှင် ဘဝတပါးသို့ ပြောင်းသွား ကွယ်လွန်သောအခါ အပါယ် လေးပါးသို့ ကိန်းသေ မကျရောက်နိုင်ရန် အတွက် မည်သည့် ကုသိုလ်တရားကို အားထား၍ ကြိုးစား အားထုတ် ရမည်ကို အမိန့် ရှိတော်မူပါဘုရား။

၆။ ယခုအခါ ဗုဒ္ဓဘာသာ လောကတွင် ရွှေ, ငွေ, ကြေး, သံ, သစ်သား စသည်တို့ဖြင့် ထုလုပ်ကိုးကွယ်ကြသော ဗုဒ္ဓ၏ကိုယ်စား ရုပ်ပွားဆင်းတုတော်များမှာ အနေကဇာတင်မှသာ အသက် ဝင်သည်ဟု အချို့သောသူများက ယူဆဟောပြောကြပါသည်၊ အနေကဇာမတင်ဘဲ ၎င်းဆင်းတုတော်များကို ကိုးကွယ်ပူဇော်ပါက အကျိုးရှိမရှိနှင့် မရှိမသေ ပြုလုပ်ပါက အပြစ်ရှိမရှိကို အမိန့်ရှိတော်မူပါဘုရား။

အထက်ပါ အကြောင်းအရာများကို "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" ဟူသော ဒေသနာတော်ကို နှလုံးသွင်းထား၍ ဖြေကြား အမိန့် ရှိတော်မူပါမည့် အကြောင်း စာအားဖြင့် ရိုသေလေးစားစွာ လျှောက်ထား အသနား ခံအပ်ပါသည် ဆရာတော်သခင် အသျှင်သူမြတ်ကြီးဘုရား။

(မောင်သုခ)
လျှောက်ထားသူ
အမှတ် ၁၇၁၊ သရဖီလမ်း၊
ပန်းတိမ်ရပ်မြောက်ပိုင်း၊သိပေါမြို့။

## မဟာစည်အဖြေ ရတနာ(၆)ပါး

မဟာစည်ဆရာတော် သာသနာ့ရိပ်သာ
အဂ္ဂမဟာပဏ္ဍိတ ၁၆-ဟာမစ်တိတ်လမ်း
ရွှေဂုံတိုင် စာတိုက်၊ ရန်ကုန်မြို့။

နေ့စွဲ၊ တော်သလင်းလဆုတ် ၁၂၊ ၃၇-ခု။

တပည့်ဒါယကာ မောင်သုခသို့—
ဆရာတော် ပြန်ကြား သိစေလိုက်သည်။

မောင်သုခထံမှ (၂၀-၈-၇၅) ရက်စွဲပါ စာကို ရခဲ့သည်မှာ တလခန့်ရှိသွားပြီ၊ အရေးကြီးသော တရားစာအတွက် ကြောင့်ကြစိုက်နေရသောကြောင့်၎င်း၊ မောင်သုခ၏ မေးခွန်းများမှာ အမြန်သိရန်လိုမည်မဟုတ်သောကြောင့်၎င်း ယနေ့မှ ပြန်ကြားစာ ရေးလိုက်ရပေသည်။

မေးခွန်း(၁)အဖြေ။ ။ခတ်ရိုက်ခြင်း စသော လောကီနည်းဖြင့် ပြုပြင်ကြခြင်းသည် ရှေးရှေးကမင်းများပင် ပြုလာခဲ့သော နည်းဖြစ်၏၊ စိတ်ချမ်းသာမှုကိုတော့ ရနိုင်ဘွယ် ရှိပါ၏၊ ပရိတ်ရွတ်ခြင်းသည် ယင်းပရိတ်အရာဖြစ်ခဲ့လျှင်၊ ရွတ်ပုံလည်း ကျနခဲ့လျှင်၊ အကုသိုလ်ကံကလည်း ကော် အကျိုးပေးမည့် ကံမဟုတ်ခဲ့လျှင် အကျိုးရဘွယ်ရှိ၏၊ ဘုရားကိုးဆူ ပူဇော်ခြင်းမှာ လောကီ လောကုတ် ရောပြွမ်း

လျက် ရှိ၏၊ ဘုရားရဟန္တာတို့အား ရိုသေလေးစားမှု ထက်သန်လျှင် ထိုအကျိုးဖြစ်နိုင်ပါလိမ့်မည်။

မေးခွန်း(၂)အဖြေ။ ။သုစိ လောမ နှင့် ခရ လောမတို့သည် တိရစ္ဆာန်လည်းမဟုတ်၊ ပြိတ္တာလည်း မဟုတ်၊ စတုမဟာရာဇ် နတ်ဘီလူးများ ဖြစ်ကြ သည်၊ တိဟိတ်ပုဂ္ဂိုလ်များ ဖြစ်သည်၊ ထို့ကြောင့် သောတာပန် ဖြစ်ကြလေသည်။

မေးခွန်း(၃)အဖြေ။ ။ဥပသမ္ပဒ ကမ္မဝါစာ သည် ဘေးရန်ကင်းစေရန်ရွတ်ဖို့မဟုတ်ပေ၊ သို့သော် ရှေးအစဉ်အလာ အတိုင်း ရွတ်ဘတ် နေကြသည်၊ ပဗ္ဗာဇနိယ ကမ္မဝါစာသည်ကား စံနစ်တကျ စီမံ ထားသော ကမ္မဝါစာ ဖြစ်ပေသည်၊ ထိုကမ္မဝါစာ ၂-မျိုးလုံးမှာပင် ရွတ်ဘတ်ကြရာ၌အကျိုးရှိကြောင်း သက်သေ အထောက်အထားများရှိပေ၏၊ ဘုန်းကြီး တို့ကတော့ လျှောက်တောင်းပန်သူတို့ စိတ်ကျေနပ်မှု ရှိအောင် မန္တလေးမြို့ အဘယာရာမ ဆရာတော်၏ ဘေးကင်း ကမ္မဝါကို ရွတ်ဘတ်လေ့ရှိပါသည်။

မေးခွန်း(၄)အဖြေ။ ။သုခ ဒုက္ခကို မရှုရ၊ ဥပေက္ခာကိုသာ ရှုရမည် စသည်ဖြင့် ရေးသား ဟော ပြောနေသူမှာ (ဦးကြည်)ဆိုသူ ဖြစ်သည်၊ သူထင်ရာ ဉာဏ်ကွန့်၍ ရေးသား ဟောပြောချက်များသာ ဖြစ် သည်၊ ဘုရား စကားတော်နှင့် ဆန့်ကျင်သော နည်း လမ်းမှား ဖြစ်သည်။

မေးခွန်း(၅)အဖြေ။ ။ဝိပဿနာကို နိုင်နင်း အောင် အားထုတ်ထားသောသူ ဖြစ်လျှင် မိမိ ရှုနေ ကျ ရှုခြင်း၊ သိဘူးသည်ကို ပြန်၍ ဆင်ခြင်ခြင်း၊ ဘုရားဂုဏ် စသည်ကိုဆင်ခြင်ခြင်း၊ မိမိ ပြုဘူးသော ဒါန,သီလ စသည်ကို ဆင်ခြင်ခြင်း၊ မေတ္တာကို ပွား ခြင်းများကို ပြုသင့်၏၊ အကောင်းဆုံးမှာမူ ထိုဏာဉ် ထင်ရှားပေါ်နေသော ရုပ်နာမ်တို့ကို ရှုခြင်းသည် အကောင်းဆုံး ဖြစ်သည်၊ ထိုသို့ ရှုဆင်ခြင်ခြင်းဖြင့် ဉာဏ်ထူး တရားထူးများကိုလည်း ရနိုင်၏၊ အပါယ် ဒုဂ္ဂတိမှလည်း လွတ်နိုင်၏။

မေးခွန်း(၆)အဖြေ။ ။ဘုရားဆင်းတုတော်များ ကို အနေကဇာ တင်သည်ဖြစ်စေ၊ မတင်သည် ဖြစ် စေ၊ ကိုးကွယ်ပူဇော်ကောင်းပါ၏၊ မြန်မာပြည်မှ တပါး အခြားဗုဒ္ဓဘာသာဝင် နိုင်ငံများ၌ အနေ ကဇာတင်သော အလေ့အထ မရှိပါ။

(အရှင်သောဘန)

မဟာစည် ဆရာတော်

## အင်းလေးသို့ မဟာစည် ကမ္မဋ္ဌာန်း ကြွခြင်း

၁၃၃၇-ခုနှစ်၊ ... ညောင်ကန်-အရှင်ဥက္ကဋ္ဌက ဝါဆို၍ တရားဟောပြီး ... သာသနာတော်ထွန်း ရှမ်းပြည်၊ညောင်ရွှေမြို့နယ်၊သလဲဦးကျေးရွာအုပ်စု၊ဆင်ကျုံးကုန်းတောရ မဟာဝိတက္ကာ ရာမသို့ ၁၃၃၈-ခု၊ ဝါဆိုဦးမှစ၍ ဆက်လက် သာသနာပြုရန်၊ တောင်တွင်းကြီး ဆရာ တော် ဦးသံဝရသည် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်အရ ကြွရောက် ဝါဆို၍ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များကို ဟောကြားလျက်ရှိပါ သည်၊လက်ထောက်အဖြစ် တောင်တွင်းကြီး ဦးပဏ္ဍိတလည်း လိုက်ပါသွားပါသည်။

# အာနာပါနနှင့် သမထ ဝိပဿနာ

## အာသဝက္ခယံ ဝဟံနှင့် အာသဝက္ခယာဝဟံပြဿနာ

# မဟာစည် အဖြေရတနာ

## ညောင်ကန်—အရှင်ဇာနကတင်ပြသည်

### ဦးဝိမလ၏ မေးလျှောက်ချက်

မဟာစည်ဆရာတော်ဘုရားထံတော်သို့

နေ့စွဲ

ရိုသေစွာ စာရေး လျှောက်ထားပါသည်ဘုရား၊ အာနာပါနကိုရှုလျှင် သမထသာ ဖြစ်သည်၊ ဝိပဿနာ မဖြစ် ဟု ပြောကြပါသည်၊ သို့အတွက် အာနာပါနကို ဝိပဿနာအဖြစ် ရှုပုံကို သိလိုပါသည်။

ဆရာတော်ရေးသော ဝိပဿနာ ရှုနည်းကျမ်း၌ "ဖောင်းတယ်, ပိန်တယ်"က စ၍ ရှုရန် ပြထားတာကို တွေ့ရပါသည်၊ အကြားအကြား၌ ပေါ်လာသောအာရုံများကိုလည်း ရှုမှတ်သွားရန် ပြထားသည်ကို တွေ့ရပါသည်၊ ထို့အတူဘဲ အာနာပါနကို ရှုယင်း အကြားအကြား၌ ပေါ်လာသော အာရုံများကိုရှုပါက မှားသည် မှန်သည်ကို သိလိုပါသည် ဘုရား။

"ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"နှင့် "ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု"ဘယ်ပါဠိက မှန်ကြောင်းကိုလည်း သိလိုပါသည်ဘုရား။

ဝိမလ

ကံသာကြီးရွာ၊ မကွေးမြို့နယ်။

### မဟာစည်ဆရာတော်ဘုရားကြီး၏အဖြေ

မဟာစည်ဆရာတော်
အဂ္ဂမဟာပဏ္ဍိတ

သာသနာ့ရိပ်သာ
၁၆-ဟာမစ်တိတ် လမ်း
ရန်ကုန်မြို့

၁၃၃၅-ခု တပို့တွဲလဆုတ်(၁)ရက်။

မကွေးမြို့နယ်
ကံသာကြီးရွာ ဦးဝိမလ သို့

၁။ ပြန်ကြားလိုက်ပါသည်။

ပါဠိ အဋ္ဌကထာတို့၌ အာနာပါနသက်သက်ကို ရှုခြင်းဖြင့် သမထဖြစ်ပုံကိုသာ ပြထားသည်၊ အာနာပါန၌ စျာန်ရပြီးမှ ထိုစျာန်ကို ဝင်စားပြီးလျှင် ထိုစျာန်ကို ဖြစ်စေ၊ အာနာပါနနိမိတ်ကိုဖြစ်စေ ရှုခြင်းဖြင့် ဝိပဿနာဖြစ်ပုံကို အဋ္ဌကထာတို့၌ပြထားသည်။ သို့သော်လည်း မိမိ၏ အယူအဆအားဖြင့် ရှုရှိုက်လေ၏ တွေ့ထိလှုပ်ရှားမှုကိုသာ ပဓာနပြု၍ ရှုလျှင် အာနာပါန၌လည်း ဝိပဿနာ ဖြစ်နိုင်ကြောင်း ဝိပဿနာ ရှုနည်းကျမ်း ပဌမတွဲ အခန်း(၃) နည်းယူဘွယ် စာမျက်နှာ ၂၀၉-၂၁၀ တို့၌ ပြထားသည်။

၂။ "အာသဝက္ခယာ ဝဟံ"ဟု ရှိမှ အာသဝက္ခယကို (အာဝဟံ) ဆောင်လာသည် ဆောင်ပေးသည်

# အဆင်းနှင့်မျက်စိ တိုက်ဆိုင်ရာဘုရားတရုပ်ပေါ်

## ပါ+မပါ မဟာစည်အဖြေ

ညောင်ကန်-အရှင် ဥက္ကဋ္ဌ-တင်ပြသည်

ထောက်ကြံ့ ဦးဇဝန၏ မေးလျှောက်ချက်

သို

နယုန်လဆုတ် (၁၂) ရက်

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားအား တပည့်တော် ရှိသေစွာ ရှိခိုးကန်တော့လိုက်ပါ၏ ဘုရား။

ကိစ္စ-အကြောင်းအရာ။ ။လျှောက်ထား ရန်မှာ အဆင်းနှင့် မျက်စိ တိုက်ဆိုလို့ ပေါ်လာတဲ့ မြင်စိတ်ထဲမှ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ ဆိုတဲ့ ဘူတရုပ် လေးပါး ပါသလား ဆရာတော်ဘုရား၊ ယခု တော်တော်လေး ကျော်ကြားနေတဲ့ တရားဟော ပုဂ္ဂိုလ်တပါးက ပါတယ်လို့ ပြောနေပါသည် ဘုရား။

တပည့်တော်က မပါတဲ့ဖက်က ဖြစ်ပါသည် ဘုရား၊ ဒီ ဟောတဲ့ပုဂ္ဂိုလ်ကတော့ ဥပုသ် မပြုဘူး ဘုရား၊ သို့အတွက် တပည့်တော်အား သနားသဖြင့် အကြောင်းရှုံ့မှု၍ ဖြစ်သော စိတ်ထဲမှာ ဘူတရုပ် ၄-ပါး မပါတဲ့ ပါဠိတော် အကိုးအကားနှင့်လျှင် သနားတော်မူပါရန် ရိုသေစွာ မကြား လျှောက်ထားအပ်ပါသည် ကျေးဇူးရှင် ဆရာတော် အရှင်မြတ် ဘုရား။

ကျန်းမာတော်မူပါစေ။

တပည့် - ဇဝန

ဦးဇဝန၊ ဒလ - ပေါင်ကျောင်း၊

ထောက်ကြံ့ စာတိုက်-ရန်ကုန်။

---

ဟူသော အနက်ကိုရသဖြင့် ယုတ္တတရ ဖြစ်ပေသည်၊ အာ-မပါဘဲ ဝဟံ-ဟု ဆိုလျှင် ဆောင်သည်-ဆောင် သွားသည် ဟူသော အနက်သာ ဖြစ်သင့်သည်၊ ဆောင်လာသည်-ဆောင်ပေးသည်ဟူသော အနက်ကိုကား မရနိုင်။

ဤအရာ၌ အာဟရတိ-ဟု ဆိုလျှင် ဆောင်လာ၏-ဟု အနက်ရ၍၊ ဟရတိ-ဟု ဆိုလျှင် ဆောင်ယူသွားသည်-ပယ်ဖျောက်သည်-ဟု အနက်ရသည်နှင့်လည်း နှိုင်းယှဉ်ကြည့်နိုင်၏။

စိတ္တံ ဒန္တံ သုခါဝဟံ၊ ဉာတော အတ္တော သုခါဝဟော- စသည်တို့နှင့်လည်း နှိုးနှောကြည့်သင့်၏၊ , အခိုင်လုံးအုံး သာဓကမှာ အင်္ဂုတ္တရ အဋ္ဌကထာ ပဌမအုပ် စာမျက်နှာ ၄၃-၌ "ဣဒံမေ ဒါနံ အာသဝက္ခယာ ဝဟံ ပေယာတု" ဟု ရှိသော ပါဠိမှန်ပင် ဖြစ်သည်။

အရှင်ဘုရားထံမှ ပေးလိုက်သော စာအိတ်၌ တံဆိပ်ခေါင်း မပြည့်စုံသောကြောင့် ဒဏ် တံဆိပ်ရိုက်လိုက်ပုံ၊ အပြား(၂၀)ဖြင့် ရွေးယူရပုံကို သိ၍ သတိပြုစေရန် ၎င်းစာအိတ်ခွံကိုပါ ထည့်ပေးလိုက်သည်။

(မဟာစည် ဆရာတော်)

**မဟာစည် ဆရာတော်ဘုရားကြီး၏ အဖြေ**

ဦးဇဝန သို့

ဒလ - ပေါင်ကျောင်း၊ ထောက်ကြံ့။

မဟာစည်ဆရာတော်ထံမှ

နေ့စွဲ - (၂၃-၇-၇၃)

ပြန်ကြားလိုက်ပါသည်။

ဦးဇဝန ထံမှ နယုန်လဆုတ် ၁၂-ရက် နေ့စွဲ ပါသောစာကို ဝါဆိုလဆန်း ၇-ရက် မော်လမြိုင်မှ ပြန်လာသောအခါ တွေ့ရသည်၊ ဝါဆိုဦး၌ ကိစ္စများနေသောကြောင့်၎င်း၊ ပြဿနာမှာအရေးမကြီးလှသောကြောင့်၎င်း၊ ယခုမှဘဲ ပြန်ကြားလိုက်ရပေသည်၊ ဦးဇဝန၏ မေးခွန်းမှာ—

အဆင်းနှင့် မျက်စိ တိုက်ဆိုင်လို့ ပေါ်လာတဲ့ မြင်စိတ်ထဲမှာ ဘူတရုပ် လေးပါး ပါပါသလား၊ အကြောင်းကို စွဲမှီ၍ဖြစ်သော စိတ်ထဲမှာ ဘူတရုပ် လေးပါး မပါကြောင်း ပြတဲ့ ပါဠိတော် အကိုးအကားရှိလျှင် သနားတော်မူပါရန်-ဟူ၍ ဖြစ်သည်။

ထိုမေးခွန်း၌ စက္ခုပသာဒမှာ ထင်လာသော အဆင်း စက္ခုဝိညာဏ်စိတ်ဖြင့် မြင်သိရသော အဆင်း ဟူသော ရူပါရုံသည် ဘူတရုပ် လေးပါးကိုမှီ၍ ဖြစ်ပါသလား၊ သို့မဟုတ် ဘူတရုပ် လေးပါးနှင့်ကင်း၍ဖြစ်ပါသလားဟု မေးခဲ့လျှင် ဘူတရုပ် လေးပါးကို မှီ၍သာ ဖြစ်သည်-ဟု ဖြေရပေမည်၊ အဘယ့်ကြောင့် ဆိုသော် အဆင်း ရူပါရုံ ဟူသမျှသည် ဥပါဒါရုပ် ဖြစ်သောကြောင့်၎င်း၊ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ရူပံ- ဟူ၍သာ ဟောသော ပါဠိတော် ရှိသောကြောင့်၎င်း၊ ဖြစ်ပေသည်။

သို့မဟုတ် - စက္ခုဝိညာဏ်ဖြင့် မြင်သိရသော အဆင်းမှာ ဘူတရုပ်များပါ ပါဝင်ပါသလား၊ ဘူတရုပ်များကိုပါ သိရပါသလား-ဟု မေးခဲ့လျှင် မြင်သိရာ၌ ဘူတရုပ်များ မပါ၊ ဘူတရုပ်များကို မသိရဟူ၍သာ ဖြေရပေမည်၊ အဘယ့်ကြောင့် ဆိုသော် စက္ခုဝိညာဏ် စိတ်ဖြင့် အဆင်း ရူပါရုံကိုသာ မြင်သိနိုင်-အာရုံပြုနိုင်သောကြောင့်၎င်း၊ ကတမံ တံ ရူပံ စက္ခုဝိညာဏဿ အာရမ္မဏံ၊ ရူပါယတနံ၊ ဣဒံ တံ ရူပံ စက္ခုဝိညာဏဿ အာရမ္မဏံ။ ကတမံ တံ ရူပံ စက္ခုဝိညာဏဿ န အာရမ္မဏံ၊ စက္ခာယတနံ။ပ။ ကဗဠီကာရော အာဟာရော၊ ဣဒံ တံ ရူပံ စက္ခုဝိညာဏဿ န အာရမ္မဏံဟု—

ဓမ္မသင်္ဂဏီ ပါဠိတော် (နှာ—၁၇၄)၌ ဟောတော်မူသောကြောင့်၎င်း ဖြစ်ပေသည်။

အဋ္ဌသာလိနီ အဋ္ဌကထာ စသည်တို့၌ အဆင်း အသံများ ဘုတ်-အဆက်ဆက်ဖြင့်လာသည် ဟူသော ဝါဒကို ပယ်ထား၏၊ သို့သော် ယခုခေတ်၌ ကြေးနန်း၊ တယ်လီဖုန်းတို့ဖြင့် ပြောကြားရာတွင် ဝါယောကြိုးတွင်းရှိ ဘုတ်-အဆက်ဆက်ဖြင့် အသံ လာသည်ကို ထင်ရှား တွေ့ရ၏၊ ဝါယောလက်(စ်)ဖြင့် ပြောရာတွင် လေလှိုင်း ဘုတ်-အဆက်ဆက်ဖြင့် အသံ လာသည်ကို ထင်ရှား တွေ့ရ၏၊ တယ်လီဗီးရှင်းခေါ် ရုပ်မြင်သံကြားဖြင့် လွှင့်ရာတွင် အဆင်းရော အသံပါ လေလှိုင်း ဘုတ်-အဆက်ဆက်ဖြင့် လာသည်ကို တွေ့ရ၏၊ ယိုးဒယား၊ ဂျပန် နိုင်ငံများသို့ရောက်စဉ်က ထိုရုပ်မြင်သံကြားကို ကိုယ်တိုင်ပင် တွေ့မြင်ရဘူး၏။

လေလုံသော သံသေတ္တာထဲ၌ ဂလိုင်ထည့်ထားပြီးလျှင် လျှပ်စစ်ဓာတ်ဖြင့်တီးနေယင်း သေတ္တာထဲမှ လေကို စုတ်ထုတ်လိုက်သောအခါ တဖြေးဖြေးအသံ အားနည်း၍အားနည်း၍လေများကို အကုန်ထုတ်ပြီးသောအခါ အသံကို မကြားရဘဲရှိသည်ဟု ဆို၏။

ထိုသို့ဖြစ်ရာ၌ လေလှိုင်း ဘုတ်-အဆက်ပြတ်သွားသောကြောင့် သေတ္တာထဲမှ ဂလိုင်သံ အပြင်သို့ မရောက်လာနိုင်ခြင်းဖြစ်သည်ဟု သိရ၏၊ သို့ဖြစ်၍ အဆင်း ရုပ်၊ အသံရုပ်တို့သည် ဘုတ်-အဆက်ဆက်ကို မှီး၍ ပြန့်သွားကြသည် ဟူသော ဝါဒကို ပယ်ရန် ခဲယဉ်း၏။

(အရှင်သောဘန)

မဟာစည်ဆရာတော်

သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

မဟာစည်ဩဝါဒ အနုမောဒနာများ ကဏ္ဍ

# မဟာရံတန်တိုင်းလူ့ ဆွမ်းကပ်ရေစက်ချ

## မဟာစည် အနုမောဒနာ တရားတော်

ညောင်ကန် အရှင်ဣန္ဒက တင်ပြသည်

ဟောကြားရာဌာန။ ဆရာဝန်ကြီး ဦးဘသွင်-ဒေါ်စိန်စိန်၊ အမှတ် (၃၀)၊ မနောဟရီလမ်း၊ ရန်ကုန်မြို့။

နေ့စွဲ။ ။၂၀-၄-၆၈။

ဆုပေးတော်မူပုံ။ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော အရဟံ-အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ၊ သွာက္ခာတတာအစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူသော တရားရတနာ၊ သုပ္ပဋိပန္နတာအစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သံဃာရတနာ-တည်းဟူသော ရတနာမြတ်သုံးပါးတို့အား ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့ကြရသော ရတနတ္တယ ဂါရဝ ပဏာမကုသိုလ်စေ‌ာ စေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် ဘေးရန်အန္တရာယ်အပေါင်းတို့မှ အခါခပ်သိမ်း ကင်းလွတ်ကြ၊ ဝေးကွာကြ၍ အသက်ရှည်ခြင်း, အနာကင်းခြင်း,ကျန်းမာခြင်း, ချမ်းသာများခြင်း အစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာ အပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

ထို့နောက် အဟံဘန္တေ-မှစ၍ သီလပေးသည်၊ ထို့နောက် သမန္တာမှစ၍ မင်္ဂလသုတ်၊ မေတ္တာသုတ် ပရိတ်တော်များကို ရွတ်ဘတ်သည်၊ထို့နောက်ဤသို့ ဆက်လက် တရားဟောကြားတော်မူ၏။

### တန်တိုင်းဆိုတာ

တန်တိုင်းဆိုတာ အရေးကြီးတဲ့ အကာ အကွယ် အရံအတားပဲ၊တန်တိုင်းက ဘေးရန်အန္တရာယ်တွေကို ကာကွယ်တားမြစ်နိုင်တယ်၊ ဘေးရန်အန္တရာယ်ကင်းခြင်းဆိုတာ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း အလိုရှိအပ်တယ်၊ ဘေးရန် အန္တရာယ်တွေ ဆင်းရဲ ဒုက္ခတွေမှ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကင်းချင်ကြတယ်၊ ကင်းမှလဲ ကောင်းတယ်၊ ဘေးရန်အန္တရာယ် ဆင်းရဲဒုက္ခတွေနှင့် တွေ့ရယင် မသက်သာဘူး၊ တန်တိုင်းအလှူဟာ ဘေးရန်အန္တရာယ်တွေ ကင်းဝေးစေတတ်တဲ့ အလှူဆိုတော့ ပျက်မှောက် ဘဝမှာရော၊ နောက်သံသရာဘဝမှာရော အန္တရာယ်တွေ ကင်းသွားဘို့ အကြောင်းပေါ့။

### ဘိုးဘွားရိပ်သာလှူဘို့

နောက်တခုက ဘိုးဘွားရိပ်သာလှူဘို့ဆိုတယ်၊ ဘိုးဘွားရိပ်သာကတော့ အိုမင်းမစွမ်း ဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေပဲ၊ မိမိတို့ကိုယ်တိုင် ဆိုလို့ရှိယင် လုပ်ကိုင်ပြီးတော့ မစားနိုင်ကြဘူး၊ မရှာဖွေနိုင်ကြဘူး၊ကိုယ့်ကိုယ်ကိုတောင်မှ ပြုပြင်ဘို့ စောင့်ရှောက်ဘို့ဟာ ကောင်းကောင်း စွမ်းဆောင်နိုင်ကြတာ မဟုတ်ဘူး၊ ဒီလိုမစွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တွေအား လိုအပ်တဲ့ စားဘွယ်, သုံးဘွယ်တွေ အစစအရာရာပြည့်စုံအောင် လို့ လှူဒါန်းတယ်၊ ဒါလဲပဲ အလိုရှိအပ်တဲ့ကောင်းကျိုးချမ်းသာတွေ ရဘို့ပါပဲ၊ ကိုယ်ကိုယ်တိုင်ကြောင့်

ကြွ မစိုက်ရပဲနဲ့ သူ့အလိုလို လိုအပ်တဲ့ကောင်းကျိုးချမ်းသာတွေ ပြည့်စုံဘို့ရာ အကြောင်းတွေပဲ။

### ဝမ်းမြောက်စရာ အနုမောဒနာ

ဒီမှာ ဆရာဝန် ဦးဘသွင်၊ဆရာဝန်ကတော်ဒေါ်စိန်စိန်တို့က ခဏခဏပဲ ဆွမ်းပင့်ပင့်ကျွေးနေတာ၊ ဆွမ်းစားကလဲ တယ်မပြတ်ဘူး၊လာနေရတာ တနှစ်ဘယ်နှစ်ခေါက်မှန်းမသိဘူး။

ခဏခဏ လာနေရတယ်၊ လာတိုင်း လာတိုင်းလဲ တရားက ဟောဟောနေရတယ်၊တရားက ဟောစရာလဲ သိပ်မရှိတော့ပါဘူး၊ ပြီးတော့လဲ သီတင်းနေ့ သီတင်းနေ့ မှန်မှန်ပဲ လာပြီးတော့ တရားနာနေကြတယ်၊ဒီတော့ တရားအထူးဟောစရာမရှိပါဘူး၊ အနုမောဒနာ-ဆိုတဲ့အတိုင်း ဝမ်းမြောက် ဝမ်းသာ ဖြစ်စရာဖြစ်တဲ့ဟာ ဟောရမှာပဲ။

### ပြုသင့်တဲ့ အလုပ်နှင့်မပြုသင့်တဲ့အလုပ်

ကုသိုလ်ကောင်းမှု ဆိုတာက ကောင်းကျိုးချမ်းသာတွေကိုဖြစ်စေတတ်ပါတယ်၊ လောကမှာ အလုပ်ကိစ္စဆိုတာဟာ နှစ်မျိုးနှစ်စားရှိပါတယ်၊မပြုသင့်တဲ့အလုပ်ကိစ္စဆိုတာလဲရှိတယ်၊ပြုသင့်တဲ့ အလုပ်ကိစ္စဆိုတာလဲရှိတယ်၊ မပြုသင့်တဲ့ အမှုကိစ္စဆိုတာ ဘယ်လိုဟာတုန်းဆိုယင် မကောင်းကျိုးတွေ အကျိုးမဲ့တွေကို ဖြစ်စေတတ်တဲ့ အမှုကိစ္စပဲ၊ အဲဒါကို ဘုရားဟောဒေသနာဝေါဟာရအားဖြင့်ဆိုယင် အကုသိုလ်တွေလို့ ခေါ်တယ်၊ မကောင်းကျိုးတွေကို ဖြစ်တတ်တာဟူသမျှ အကုသိုလ်တွေပဲ။

ကောင်းကျိုးချမ်းသာတွေကို ဖြစ်စေတတ်တဲ့ အမှုကိစ္စကို ကုသိုလ်တွေလို့ ခေါ်ပါတယ်၊ ကုသလာ အနဝဇ္ဇသုခ ဝိပါကလက္ခဏာ။ ကုသလာ - ကုသိုလ်တရားတို့သည်၊ အနဝဇ္ဇသုခဝိပါကလက္ခဏာ-အပြစ်မရှိခြင်း၊ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိတယ်တဲ့၊ ကုသိုလ် တရားတွေဆိုတာ သူ့ပင်ကိုယ်သက်သက်ကို စစ်ဆေး ကြည့်လိုက်မယ်ဆိုယင်လဲ အပြစ်မရှိပါဘူး။

### အလောဘကုသိုလ်နှင့်ဝိပဿနာဖြစ်ပုံ

ကုသိုလ်ဖြစ်တဲ့ အခါကာလမှာ လိုချင်တပ်မက်မှုတွေ ကင်းတဲ့အလောဘနဲ့ပြုရတယ်၊အထူးသဖြင့်ဒါနကုသိုလ်ပြုတဲ့ အခါကာလတွေမှာ လိုချင်မှု ကင်းတဲ့အလောဘဟာ သာပြီး ထင်ရှားတာပေါ့၊ လှူရတဲ့ပစ္စည်းတွေဟာ မိမိတို့စားဘို့ သုံးစွဲဘို့ရှာမှီးလို့ရတဲ့ပစ္စည်းတွေပဲ၊နေ့ရောညရော အကြောင်းအားလျော်စွာ ဒီပစ္စည်းတွေကို ရှာမှီးထားရတယ်၊ သိမ်းဆည်းထားရတယ်၊ ဘာလုပ်ဘို့တုန်းဆိုတော့ ကိုယ်ကိုယ်တိုင်လဲသုံးဘို့ ကိုယ်နှင့်စပ်တဲ့ သူတွေလဲ သုံးဘို့ပါပဲ၊ အဲဒီလို ရည်ရွယ်ချက်နဲ့ ခဲခဲယဉ်းယဉ်းရှာဖွေထားရတဲ့ ဝတ္ထုပစ္စည်းတွေကို စွန့်လွှတ်လှူဒါန်းတယ်ဆိုတာ မလိုချင်တဲ့အလောဘဦးမစီးပဲ မဖြစ်နိုင်ဘူး။

လောဘက ဦးစီးပြီး လိုချင်နေမယ်၊နှစ်သက်နေမယ်၊ ခင်မင်တွယ်တာ နေမယ်ဆိုယင် မစွန့်လွှတ်နိုင်ဘူး၊ဒီတော့ လောဘရဲ့ဆန့်ကျင်ဘက် အလောဘဆိုတဲ့ မလိုချင်တဲ့သဘော၊ မခင်မင်တဲ့သဘော၊ မတွယ်တာတဲ့သဘော၊ အဲဒီသဘောတရားကဦးစီးပြီးတော့ ဖြစ်လာတဲ့အခါကာလမှာ မိမိကိုယ်ပိုင်ဖြစ်တဲ့ပစ္စည်းတွေကို သူတပါးအားလှူဒါန်းနိုင်ပါတယ်၊အဲဒီတော့ အလောဘလွှမ်းကဲပြီးတော့အလောဘခေါင်းဆောင်ပြီးသကာလ ဒါနကုသိုလ်တွေ ဖြစ်ရတယ်၊အဲဒီအခါကာလမှာ ဘာမှ အပြစ်မရှိဘူး၊ လိုချင်တွယ်တာမှုတွေကင်းပြီးတော့ သန့်ရှင်းစင်ကြယ်နေတဲ့ စိတ်တွေဖြစ်နေတယ်၊ အဲဒီစိတ်တွေကို ဝိပဿနာ ရှုလိုက်လို့ရှိယင်လဲ ဝိပဿနာဉာဏ်တွေ ဆက်ဖြစ်လာတာပဲ။

လှူချင်တဲ့စိတ် လှူလိုတဲ့စိတ်တွေ ဖြစ်တိုင်း ဖြစ်တိုင်း နောက်ကလိုက်ပြီး ရှုလိုက်လို့ရှိယင် အဲဒါဝိပဿနာဘဲ၊ လှူချင်တယ်၊ လှူလိုတယ် ဆိုတာမှာပုဂ္ဂိုလ်သတ္တဝါရယ် လို့ မရှိဘူး၊ လှူလိုတဲ့ စိတ္တုပ္ပါဒ်တရားတွေဘဲရှိတယ်၊ လှူလိုတဲ့ သဘောတရားတွေပါဘဲ၊ အဲဒီအခိုက်အတန့်မှာ ဖြစ်နေတယ်။

အဲဒါ စောစောပိုင်းအချိန်က မရှိသေးဘူး၊လှူလိုတဲ့အခါကာလကျမှ သူက ဖြစ်လာတယ်၊ ဖြစ်ပြီး

တော့လဲ အဲဒီစိတ်တွေဟာ ပျောက်ပျောက် သွားတယ်၊ အဲဒါ မမြဲတဲ့သဘောဘဲ။

အဲဒါတွေကို လောက အနေအားဖြင့် ဆိုယင်တော့ ဘယ်သူဘယ်ဝါက လှူဒါန်းတယ်၊ ဘယ်သူဘယ်ဝါက ဆွမ်းကျွေးတယ် စသည်ဖြင့် ဒီလိုခေါ်တယ်၊ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ခေါ်ရပြောရတယ်၊ အမှန်စင်စစ်အားဖြင့်တော့ အဲဒီလှူရာမှာ ပုဂ္ဂိုလ်သတ္တဝါရယ်-လို့တော့ မရှိပါဘူး၊လှူချင်တဲ့ စိတ္တုပ္ပါဒ်တွေဖြစ်သွားတာပါဘဲ၊ သဘောတရားတွေ ပါဘဲ၊ အဲဒါဟာ အလောဘ ဦးစီးပြီးတော့ ဖြစ်လာတာပါဘဲ။

## အဒေါသလဲ ဦးစီးပါတယ်

ထို့အတူ အဒေါသလဲ ဦးစီးဖြစ်လာတယ်၊ အဒေါသ-ဆိုတာ ဒေါသ၏ ဆန့်ကျင်ဘက်၊ ဒေါသဆိုတာကပြစ်မှားတတ်တယ်၊ "သူတပါးတွေသေကြေပျက်စီးပါစေ၊ မကောင်းကျိုးတွေနဲ့ တွေ့ပါစေ၊ ဆင်းရဲဒုက္ခရောက်ပါစေ"လို့ အဲဒီလိုမကောင်းတဲ့ အလိုအားဖြင့် ဖြစ်ပေါ်တဲ့တရားတွေဟာ ဒေါသတွေဘဲ၊ ဒေါသ၏ဆန့်ကျင်ဘက်ဆိုတော့ "သူတပါးတွေ ချမ်းသာပါစေ၊ ကြီးပွားပါစေ၊ ကောင်းစားပါစေ၊ ဘေးရန်အန္တရာယ်ကင်းပါစေ"လို့ အဲဒီလိုကောင်းတဲ့ အလိုအားဖြင့်ဖြစ်လာတယ်၊ အဲဒါကိုမေတ္တာလို့ခေါ်တယ်၊ မေတ္တာလို့ပြောယင် ပိုပြီးတော့ သိလွယ်တယ်၊ အဒေါသ - လို့ ပြောယင် သိပ် မ ထင် ရှား ဘူး၊ အဒေါသ ဆိုတော့ စိတ်မဆိုးရုံတွင်ဘဲ နားလည်တတ်ကြတယ်၊သိပ်မပေါ်လွင်ဘူး၊ အဒေါသ-ဆိုတာ မေတ္တာပါဘဲ၊ မေတ္တာဆိုတဲ့တရားက သူ့တပါး၏ အကျိုးစီးပွားတွေကို ပြုချင်တဲ့သဘောဘဲ၊သူတပါးမှာ အကျိုးစီးပွား တကယ်ဖြစ်နိုင်သည်ဖြစ်စေ၊မဖြစ်နိုင်သည်ဖြစ်စေ၊ သူတပါး၏ အကျိုးစီးပွားကို ပြုချင်တယ်၊ ဖြစ်စေချင်တယ်၊ အဲဒီလို သူတပါး၏ အကျိုးစီးပွားဖြစ်စေချင်တာဟာ အဒေါသဘဲ။

ယခု သံဃာတော်တွေကို ပင့်ဘိတ်ပြီးတော့ မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တွေ လှူဒါန်းတဲ့နေရာမှာတော့ "သံဃာတော်တွေဟာမိမိတို့လှူဒါန်းတဲ့ ဆွမ်းများ ဘုဉ်းပေးပြီးတော့ ကိုယ်၏ချမ်းသာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ကိုယ်ရော စိတ်ရော ချမ်းသာပြီးတော့ ဘုရား အဆုံးအမ သာသနာတော် သူတော်ကောင်း တရားတော်တွေကို ကျင့်သုံး နိုင်ကြပါစေ"လို့ နှလုံး သွင်းတာဟာ အဒေါသတွေဘဲ။

## တန်တိုင်းအလှူနှင့် အဒေါသ

ခုနင်က ပြောခဲ့တဲ့ တန်တိုင်း လှူရာမှာလဲဘဲ အဒေါသတွေ အင်မတန်ထင်ရှားပါတယ်၊ဘေးကအရံ တန်တိုင်းမရှိယင် ယောဂီ ပုဂ္ဂိုလ်တွေမှာ ဘေးရန်အမျိုးမျိုးတွေ ဖြစ်နိုင်ပါတယ်၊ဘေးရန်မဖြစ်တောင်မှ စိတ်မလုံခြုံဘဲနဲ့ ဖြစ်ပြီးတော့ အနှောင့်အယှက်တွေ ဖြစ်နိုင်ပါတယ်၊ အဲဒီလိုဘေးရန်အန္တရာယ်တွေ မဖြစ်ရအောင် စိတ်ချမ်းသာ ကိုယ်ချမ်းသာတွေဖြစ်ရအောင်လို့ တန်တိုင်းအလှူကို လှူလိုက်တော့ ဒီမှာလဲဘဲ အဒေါသ မေတ္တာတရားတွေ ဦးဆောင်ပြီးသွားတယ်၊ ဂိုးတော့ဘိုးဘွားရိပ်သာဆိုတာ အဘိုးအဘွားတွေ အသက်အရွယ်ကြီးသူတွေ ခုနင်ကပြောခဲ့တဲ့အတိုင်း သူတို့ကိုယ်သူတို့တောင်မှ မစွမ်းဆောင်နိုင်ဘူး၊ အဲဒီလို အဘိုးအဘွားတွေအား စားစရာဖြစ်စေ၊ ဝတ်စရာဖြစ်စေ၊ နေထိုင်စရာဖြစ်စေ အစစအရာရာတွေ ပြည့်စုံပါစေ၊ ပြည့်စုံပြီးတော့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ-လို့ ရည်ရွယ်ပြီး တော့ ဝတ္ထုငွေတွေ လှူဒါန်းလိုက်တာဟာလဲ အဒေါသ မေတ္တာရှေ့ဆောင်တဲ့ ကုသိုလ်တွေဘဲ။

## အနုဝဇ္ဇလက္ခဏာ-အပြစ်မရှိခြင်း သဘောတရား

အဲဒီလို အလောဘ,အဒေါသ,အမောဟ အစရှိသော စင်ကြယ်မြင့်မြတ်တဲ့ တရားတွေ ဖြစ်ပေါ်နေတဲ့အခါ ဘေးက ပုဂ္ဂိုလ်အနေနဲ့ ကြည့်မယ်ဆိုယင်ဘာမှ အပြစ်တင်စရာ မရှိဘူး၊ ချီးမွမ်းစရာသာ ရှိတယ်၊ ကိုယ်စားဘို့သောက်ဘို့ရာတွေ၊ ကိုယ်သုံးစွဲဘို့

ရာတွေကို လှူဒါန်းနိုင်ပါပေတယ်၊ သူတပါး၏ အကျိုးစီးပွား ဖြစ်အောင်လို့ ပြုကျင့်နိုင်ပါပေတယ်၊ သူတပါး အကျိုးများအောင်လို့ ဆောင်ရွက်နိုင်ပါပေတယ်လို့ ချီးမွမ်းစရာ ဂုဏ်ယူစရာနှင့်သာ ပြည့်စုံတယ်၊ ဒါကြောင့်မို့ ကုသိုလ်တရားဟာ ပြုဆဲကာလမှာလဲ အနဝဇ္ဇလက္ခဏာ ရှိတယ်၊ အပြစ်မရှိခြင်း သဘောတရားပါပဲတဲ့။

ဥပမာအားဖြင့် ဘာနှင့်တူသလဲဆိုယင် စားကောင်းသောက်ဘွယ် အစာအာဟာရတွေ စားသောက်တဲ့အခါကာလမှာ အရသာပေါ်ပြီးတော့ ကောင်းသွားသလို ပါပဲတဲ့၊ စားကောင်း သောက်ဘွယ်တွေ၊ ထမင်းကောင်း ဟင်းကောင်းတွေ ကနေ့ကျွေးတဲ့ ဆွမ်းခဲဘွယ်တွေမျိုးပေါ့၊ မွန်မြတ်သောခဲဘွယ်ဘောဇဉ်မျိုးဆိုတာ ပဏီတဘောဇဉ်လို့ ခေါ်ပါတယ်၊ အဲဒါတွေက အင်မတန်ကောင်းမွန်အောင်လို့ ချက်ပြုတ်ပြီးထားတော့ အင်မတန် အရသာရှိတဲ့ ဆွမ်း ခဲဘွယ်ဘောဇဉ်တွေဖြစ်နေတယ်၊ ဒါတွေကို စားသောက် သုံးဆောင်တဲ့ ပုဂ္ဂိုလ်တွေမှာ အရသာ ပေါ်ပြီးတော့ ကောင်းသွားတယ်၊ ကျန်းကျန်းမာမာရှိတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိယင် စားတိုင်း စားတိုင်း အရသာပေါ်နေတယ်၊ ဝမ်းဗိုက်က စားနေကျ အချိန်အဆ ပြည့်စုံသွားလို့သာ ရပ်လိုက် တော်လိုက်ရတယ်၊ စားရသောက်ရတာကတော့ အရသာ ပေါ်နေတုန်းဘဲ ရှိသေးတယ်၊ လျှာအလိုအားဖြင့် ဆိုယင်တော့ စားချင်စိတ်ဟာ မပြတ်မစဲ ရှိနေဆဲဘဲ ရှိနေပါတယ်၊ အဲဒီလိုစားနေတုန်းမှာ အရသာပေါ်နေလို့ အဲဒီစားဘွယ်ထဲမှာ ဘာမှ အပြစ်အနာအဆာ မရှိဘူး၊ အဲဒါလိုဘဲ ကုသိုက်တရားတွေဟာ ဖြစ်ပေါ်နေဆဲ အခါကာလမှာ အပြစ်ကင်းပြီး သန့်ရှင်း စင်ကြယ် နေကြပါတယ်၊ နောင် အကြောင်းညီညွတ်လို့ ရင့်ကျက်လာတဲ့အခါကာလမှာလဲ ကောင်းတဲ့ အကျိုးပေးတယ်။

## ကုသိုလ်သစ်ပင် ပမာတင်

သစ်ပင်များ စိုက်ပျိုးပိုက်သလိုပါဘဲ၊ မျိုးစေ့ကလေးကနေပြီးတော့ အညွှောက်ကလေးတွေ ပေါ်လာ၊ တော်ကြာ အရွက်ကလေးတွေဖြစ်၊ တော်ကြာတော့ အကိုင်းအခက်ကလေး အပင်ကလေး ဖြစ်လာတယ်၊ အဲဒီက အပင်ကြီး ဖြစ်လာတယ်၊ အချိန်ကျတဲ့အခါကျတော့ ပန်းပင်ဆိုလို့ရှိယင် ပန်းပွင့်တွေ ပွင့်တယ်၊ အသီးအပင်ဆိုလို့ရှိယင် အသီးတွေ သီးလာတယ်၊ အဲဒါမျိုးက အကျိုးပေးတာဘဲ၊ အဲဒီမျိုးစေ့ကလေးကနေပြီး အသီးအပွင့် ဖြစ်လာသလို ကုသိုလ်ကောင်းမှုကလဲ ဒီလိုပါဘဲ။

အခု မြတ်စွာဘုရား၏ သာသနာတော်ကြီးနှင့် တွေ့ကြုံနေတဲ့အခါ သူတော်ကောင်းတရားတွေ နာကြား၊ မမေ့မလျော့တဲ့ အပ္ပမာဒတရားကလေး လက်ကိုင် ထားပြီးတော့ တတ်နိုင်သမျှ ကုသိုလ်ကောင်းမှုတွေ ပြုကြတယ်၊ အဲဒီကောင်းမှုတွေက ရင့်ကျက်ပြီးတော့ ခုနင်က မျိုးစေ့ကလေးက အပင်ပေါက်ပြီးတော့ အပွင့်တွေ အသီးတွေ ဖြစ်ပေါ်ဖြစ်ပေါ်လာသလိုဘဲ ယခုမျက်မှောက်မှာလဲပဲ ချက်ချင်း ရင့်ကျက်သွားတာ ရှိတယ်၊နေ့ချင်းညချင်း ရင့်ကျက်သွားတာရှိတယ်၊ တချို့လဲဘဲ လပိုင်းနှင့်၊ တချို့လဲဘဲ နှစ်ပိုင်းနှင့် ရင့်ကျက်ပြီးတော့သွားတယ်၊ လောကမှာ သစ်ပင် အမျိုးမျိုးတွေလိုပါဘဲ၊ တချို့သစ်ပင်က ရက်အနည်းငယ် အတွင်းမှာဘဲ အပင်ကလေးဖြစ်ပြီး အပွင့်တွေပွင့်ပြီးသီးလာတာဘဲ၊ တချို့လဲ လပိုင်းနှင့် တချို့လဲ နှစ်ပိုင်း တော်တော်ကြာမှ ပွင့်တယ် သီးတယ်။

အဲဒါလိုဘဲ ကုသိုလ်တရားတွေကလဲဘဲ အမျိုးမျိုး အစားစားရှိပါတယ်၊ စေတနာထက်သန်သည့်အလျောက် အလှူခံပုဂ္ဂိုလ်တွေရဲ့ ဂုဏ်အင်္ဂါ ပြည့်စုံသည့်အလျောက် ရင့်ကျက်ပြီး ကောင်းကျိုးတွေကို ပေးတယ်။

## အကျိုးပေးဘို့အထောက်အပံ့တွေကလဲလိုတယ်

အကျိုးပေးဘို့ အထောက်အပံ့တွေက ဒါတွင်လဲ မကသေးဘူး၊ကာလ-ဟဲ့၊ဥပဓိ-တဲ့၊ ပယောဂ-တဲ့၊ ဂပိ-တဲ့၊ ဒီအထောက်အပံ့တွေလဲလိုတယ်။

ကာလောပဓိ ပယောဂါနံ၊
ဂတိယာ စ ယထာရဟံ။
သမ္ပတ္တိံ ဝိပတ္တိံ စာပိ၊
ကမ္မာဂမ္မ ပစ္စတိ။

ကာလောပဓိ ပယောဂါနံ၊ကာလ,ဥပဓိ,ပယော ဂတို့၏ရင်း၊ ဂတိယာစ၊ ဂတိ၏ရင်း၊ သမ္ပတ္တိံ စ၊ ပြည့်စုံခြင်းကိုရင်း၊ ဝိပတ္တိံ စ၊ ပျက်စီးခြင်း ကိုရင်း၊ အဂမ္မ၊ စွဲ၍၊ ပစ္စတိ၊ ရင့်ကျက်ပြီး အကျိုး ပေး တယ်တဲ့။

## ခေတ်နှင့် အကျိုးပေး

ရင့်ကျက် သွား တယ်၊ ခေတ် ကာ လ အားဖြင့် ကောင်းတဲ့အခါကာလတွေမှာ ကုသိုလ်က မြန်မြန် ရင့်ကျက်ပြီး အကျိုးပေးတယ်၊ ကာလမကောင်းတဲ့ အခါအကုသိုလ်တွေက ရင့်ကျက်ပြီးတော့ မကောင်း ကျိုးတွေပေးတတ်တယ်၊ ခေတ်ကာလ ကောင်းနေ တဲ့ အခါမှာဆိုယင် ကုသိုလ်နှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်မှာ ကုသိုလ်အင်အား ရှိသလောက် ကောင်းကျိုးတွေ ပေးတတ်ပါတယ်၊ခေတ်ကာလတွေမကောင်းနေတဲ့ အခါကာလတွေမှာတော့ ကုသိုလ်တွေ ရှိနေပေမယ့် လို့ သူကအကျိုးမပေးဘဲရှိတတ်တယ်၊ အဲဒါကြောင့် သံသယတောင် ဖြစ်လာတတ်တယ်၊ "ကုသိုလ်က အကျိုးပေးတာ ဟုတ်မှဟုတ်ရဲ့လား"လို့ ဒီလိုတောင် သံသယဖြစ်တတ်တယ်၊ အမှန်ကတော့ သူ့အချိန်နဲ့ သူ အကျိုးပေးတယ်၊ခေတ်ကာလကောင်းတဲ့အခါ ကာလကျတော့ ကုသိုလ်တွေက တခါတဲ အကျိုး ပေးတော့တာပဲ။

## ဥပဓိရုပ်နှင့် အကျိုးပေး

ဥပဓိတဲ့၊ဥပဓိရုပ်ကလဲဘဲကောင်းတဲ့ဥပဓိရုပ်တွေ နှင့်ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေမှာ ကောင်းကျိုး ချမ်း သာတွေ ပေးတတ်တယ်၊ အဲဒါကတော့ ပဋိသန္ဓေ ကတည်းက ပါလာတာဘဲ၊ပဋိသန္ဓေကတည်းက မိဘ တွေ အမျိုးပြုပြီးတော့ ဥပဓိရုပ်သန့်သန့်ပြန့်ပြန့်ပုဂ္ဂိုလ် ဆိုလို့ရှိယင် ကောင်းကျိုးချမ်းသာတွေ ပေးတတ်ပါ တယ်၊ ဥပဓိရုပ်တွေ ချို့ယွင်းနေလို့ရှိယင် မင်းကော ရင်ဘုရင်မင်းမြတ်ရဲ့ သားတော်သမီးတော်ဖြစ်ပေမဲ့ ကောင်းကျိုးတွေ မပေးနိုင်ဘူးတဲ့။

## ဝီရိယနှင့်ကံ-အကျိုးပေး

ပြီးတော့ ပယောဂတဲ့၊ ပယောဂ-ဆိုတာကတော့ လုံ့လဝီရိယပါဘဲ၊ကောင်းကျိုးတွေ ရရာရကြောင်း ဖြစ်တဲ့ လုံ့လဝီရိယဘဲ၊ပယောဂသမ္ပတ္တိ-လို့လဲ ခေါ် တယ်၊ အဲဒီ ပယောဂလဲပဲ ကြီးပွားရာ ကြီးပွား ကြောင်းဘေးရန်အန္တရာယ်ကင်းကြောင်းအားထုတ် မှုကလေးတွေရှိတယ်၊ ကံကို ယုံပြီးတော့ ဘာမှမလုပ် ဘဲ နေလို့မဖြစ်ဘူး၊ ကံကိုယုံပြီး ဆူးရှိတဲ့နေရာသွား ယင် ဆူးစူးမှာဘဲ၊ ကျဉ်းချိုင့်တွေ ရှိတဲ့နေရာသွား ယင် ကျဉ်းထဲချိုင့်ထဲ ကျမှာဘဲ၊ ရွှံ့တွေ ဗွက်တွေထဲ သွားယင် ရွှံ့တွေဗွက်တွေ ပေမှာဘဲ၊ ပရွက်ဆိတ်တွေ ပေါတဲ့နေရာ သွားနေယင် ပရွက်ဆိတ် ကိုက်မှာဘဲ၊ ခြင်ရှိတဲ့နေရာမှာ နေယင်လဲ ခြင်ကိုက်မှာဘဲ၊ ကံကို ချည်း အားကိုးနေလို့ မဖြစ်ဘူး၊ အဲဒီတော့ဘာလုပ်ရ မလဲဆိုယင် လုံ့လဝီရိယနှင့် အားထုတ်ရမယ်။

ဥပမာ၊ ခြင်ပေါတဲ့ နေရာမှာ ခြင်မကိုက်အောင် ခြင်ထောင် ထောင်ထားလိုက်ယင် ခြင်မကိုက်နိုင်ဘူး အဲဒီလိုလုံ့လဝီရိယလေးကူပေးရတယ်။

အဲဒါလိုဘဲ၊ ကြီးပွားရာ ကြီးပွားကြောင်းဖြစ်တဲ့ လုပ်ငန်းဆောင်တာတွေလဲ လုပ်ကိုင်ရတယ်၊လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်ကလေးတွေ လုပ်ရတယ်၊ အ ကြောင်းညီညွတ်သွားယင် ကုသိုလ်ကံတွေကအကျိုး ပေးတယ်၊လုံ့လဝီရိယချင်း တူပင်တူငြားသော်လဲဘဲ ကံရှိတဲ့ပုဂ္ဂိုလ်နှင့် ကံမရှိတဲ့ ပုဂ္ဂိုလ် ဒါကတော့ ကွာ တယ်၊ အတူတူ အလုပ်ပြိုင်လုပ်ပေမယ့်လို့ ကံရှိတဲ့ ပုဂ္ဂိုလ်က ထူးထူး ချွန်ချွန် အကျိုးရတယ်၊ ကံ ရှိတဲ့ ပုဂ္ဂိုလ်ကတော့ တော်ရုံပါဘဲ၊ တော်ရုံပါဘဲ ဆိုပေမဲ့ မလုပ်ဘဲနေတာထက်တော့ကောင်းသေးတယ်၊အဲဒါ ပယောဂသမ္ပတ္တိရှိပြီးတော့ ကုသိုလ်ကံ အကျိုးပေး တဲ့သဘောပါဘဲ၊ ပယောဂ ဝိပတ္တိတဲ့၊ လုံ့လဝီရိယ အား မစိုက်ဘူး၊အားမထုတ်ဘူး၊ အားမထုတ်တဲ့ အ

ပြင် မကောင်းတာတွေကိုလဲ သွားလုပ်မိယင် အကုသိုလ်ကအကျိုးပေးတတ်တယ်။

### လားရာဂတိနှင့် အကျိုးပေး

ဂတိတဲ့၊ဂတိဆိုတာကတော့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးပေးရာကတော့ လူ့ဂတိ၊ နတ်ဂတိတွေဘဲ၊ မနုဿဂတိ၊ ဒေဝဂတိလို့လဲခေါ်တယ်၊ လူ့လောက နတ်လောကတွေမှာ ကုသိုလ်တွေက အကျိုးပေးတယ်၊ အပါယ်လေးပါး အပါယဂတိတွေ အပါယ်လေးပါး လောကတွေမှာတော့ အကုသိုလ်တွေရဲ့ အကျိုးပေးရာဖြစ်တယ်၊ အဲဒီတော့ လူ့လောကနတ်လောက ရောက်နေတဲ့အခါမှာ ကုသိုလ်က အစွမ်းရှိသလောက် အကျိုးပေးသွားတတ်တယ်၊ အဲဒီလို ပြုထားတဲ့ ကုသိုလ်ကက တဖြေးဖြေး ရင့်ကျက်သွားတယ် ဆိုပေမယ်လို့လဲ ကာလသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ပယောဂသမ္ပတ္တိ၊ဂတိသမ္ပတ္တိ-ဆိုတဲ့ ဒီသမ္ပတ္တိလေးပါး အကြောင်းညီညွတ်တဲ့အခါကာလကျမှ အကြောင်းညီညွတ်ပြီးတော့ ကောင်းကျိုး ချမ်းသာတွေ ဖြစ်ပေါ်စေတယ်၊ အဲဒီလို ကောင်းကျိုး ချမ်းသာတွေ ဖြစ်တဲ့ အခါကာလ ကျတော့လဲ ကုသိုလ်မှာ အပြစ်မရှိဘူး၊ ဒါကြောင့် အနဝဇ္ဇသုခဝိပါကလက္ခဏာတဲ့ အကျိုးရင့်ကျက် လာတဲ့အခါ ကာလကျတော့ မကောင်းတဲ့အကျိုးမဖြစ်ဘူးတဲ့။

ကုသိုလ်တရားက ကောင်းတဲ့ အကျိုးတွေ ဖြစ်ပေါ်စေတယ်၊ အသက်ရှည်ခြင်း အကျိုးတရားတွေ ဖြစ်ပေါ်စေနိုင်တယ်၊ အနာရောဂါကင်းတဲ့ အကျိုးတရားတွေ ဖြစ်ပေါ်စေတယ်၊ အခြွေအရံ ပေါများခြင်း၊ လူချစ် လူခင်ပေါများခြင်း၊ စီးပွားဥစ္စာရတနာ ပေါများခြင်းဆိုတဲ့ အကျိုးတွေကို ဖြစ်စေနိုင်တယ်၊ အဲဒီ လိုလားအပ်တဲ့ ကောင်းကျိုးချမ်းသာတွေကို ဖြစ်စေတတ်ပါတယ်တဲ့၊ ဒါကြောင့် ''ကုသလာ၊ ကုသိုလ်တရားတို့သည်၊ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း၊ ကောင်းသော အကျိုးပေးခြင်းလက္ခဏာရှိကုန်၏'' ကုသိုလ်တရားတွေ ဆိုတာ အပြစ် မရှိကောင်းသော အကျိုးကို ပေးခြင်းလက္ခဏာရှိပါတယ်။

### ယခုရော၊ နောင်ပါ အမြဲဝမ်းသာစရာ

ယနေ့ ဆရာဝန်ကြီးဦးဘသွင်-ဒေါ်စိန်စိန်တို့ လှူတဲ့ ဆွမ်းတွေမျိုးပေါ့၊ အဲဒါတွေ စားရသောက်ရတဲ့ ကိုယ်တော်တွေဟာ စားလို့ သောက်လို့ အရသာရှိရုံတွင်မကသေးဘူး၊လူနှင့်သင့်မြတ်တဲ့ လျောက်ပတ်တဲ့ အစာ အာဟာရတွေ ဖြစ်တဲ့အတွက်ကြောင့် အစာကြေပြီးတော့ ကိုယ်ထဲမှာ ရုပ်ကောင်းရုပ်သန့်တွေ ပြန့်ပြီးတော့ ကာယဗလတွေ, ကိုယ်ခွန်အားတွေ ပြည့်သွားတယ်၊ ကျန်းမာပြီးတော့ အသက်ရှည်ခြင်း တည်းဟူသောအကျိုးတွေကို ရသွားတယ်၊ ပြီးတော့ ဉာဏ်ပညာ၏ ထက်မြက်ခြင်း, တိုးတက်ခြင်း တည်းဟူသော အကျိုးတရားတွေကို ရသွားနိုင်တယ်၊အဲဒါ ကောင်းကျိုးတွေဘဲ၊ စားဘွယ်သောက်ဘွယ် အစာအာဟာရက စားသောက်ပြီးတဲ့ အခါကာလ ရင့်ကျက်ပြီး အကျိုးဖြစ်လာတဲ့ အခါကာလကျတော့ ကောင်းကျိုးတွေဖြစ်တယ်။

ဒါလိုဘဲတဲ့၊ ကုသိုလ်ကောင်းမှုတွေဟာ ရင့်ကျက်လာတဲ့အခါကျတော့ လူ့လောက၊ နတ်လောတွေမှာ အမျိုးမျိုးသော ကောင်းကျိုးချမ်းသာတွေကို ဖြစ်နိုင်ပါတယ်တဲ့၊ ''ကုသလာ၊ ကုသိုလ်တရားတို့သည်။ အနဝဇ္ဇသုခဝိပါကလက္ခဏာ၊ အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်းလက္ခဏာရှိကုန်၏'' အဲဒီ အပြစ်မရှိကောင်းသော အကျိုးတွေကို ပေးတတ်တဲ့ ကုသိုလ်တရားတွေကို တတ်နိုင်သလောက် ဆီးပူးနေကြရတာပါဘဲ၊ အခု ဒီက ဆရာဝန်ကြီး ဒကာကြီးတွေကတော့ဖြင့် မပြတ်ပါဘူး၊ ဘုန်းကြီး ရန်ကုန်ရောက်ကဘည်းက ခဏခဏ မကြာမကြာဘဲ၊ မိမိတို့မွေးနေ့ရော သားတွေ မွေးနေ့ရော၊ အဲဒါတွေ အတွက် ခဏခဏ ဆွမ်းကပ်နေတာဘဲ၊ တရားတွေလဲ နာနေရတာဘဲ၊ သာသနာ့ရိပ်သာမှာလဲ လာရောက်ပြီး ကုသိုလ်ကောင်းမှုတွေပြု၊ တရားတွေနာ၊ ကုသိုလ်တွေ အမြဲပွားနေတာပါဘဲ၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။

ဒီလိုဘဝမျိုး ရတာက တဘဝလောက် ဆိုယင်

တဆံသရာလုံး လျှောက်ပြီးတော့ ကြီးပွားချမ်းသာ သွားဘို့ရာဘဲ၊ အချိန်ကောင်း အခါကောင်း ရတဲ့ ကာလမှာ စီးပွားဥစ္စာရတနာ စုံဆောင်းတဲ့ ပုဂ္ဂိုလ်ဟာ တသက်လုံး သုံးမကုန်နိုင်အောင် ပစ္စည်းတွေ ရသွားသလို တခါတရံ လုပ်ငန်း ကောင်းတာတွေ အဆင်သင့်တဲ့အခါကျတော့ လ,ပိုင်းလောက်၊ နှစ်ပိုင်းလောက်နှင့် ကြိုးစားပြီးအားထုတ်လိုက်လို့ရှိယင် တသက်လုံး သုံးမကုန်အောင်လို့ စီးပွားချမ်းသာတွေ ပြည့်စုံသွားတတ်ပါတယ်၊ အဲဒါကမှ နဲပါသေးတယ်၊ ဟောဒီ ကုသိုလ်တရားဆိုတာကတော့ အင်မတန်ကို အဘိုးတန်ပါတယ်။

အခုလို လူ့ဘဝရ၊ မြတ်စွာဘုရား သာသနာတော်နှင့် တွေ့ကြုံပြီးတော့ ဘုရား သာသနာမှာ ကြည်ညိုတဲ့ သဒ္ဓါတရားတွေနှင့်လဲ ပြည့်စုံလို့ အမြဲတန်း ငါးပါးသီလတွေစောင့်ထိန်းလို့ ဘုရားတရား သံဃာ ရတနာသုံးပါးတွေလဲ မပြတ်ကိုးကွယ် ဆည်းကပ်လို့ ကိုင်းညွှတ်တဲ့စိတ်တွေ ဖြစ်နေတယ်၊ ဒါတွေကိုက ကုသိုလ်အသစ်တွေ့ပွားနေတာဘဲ၊ ဒီအထဲကနေပြီး ဒါနကုသိုလ်တွေဆိုတာလဲ ခဏခဏပြုရတယ်၊ အဲဒီတော့ ဒီကုသိုလ် ကောင်းမှုတွေဟာ တဘဝအတွင်းမှာ မရေမတွက်နိုင်အောင် အများကြီးဖြစ်သွားတာဘဲ။

အဲဒီ မရေမတွက်နိုင်အောင် ကုသိုလ်တွေကနေပြီး ကောင်းကျိုးတွေပေးသွားမှာဘဲ၊ မိမိတို့ ရဟန္တာ မဖြစ်သေးသမျှ ကာလပတ်လုံး အရဟတ္တမဂ် အရဟတ္တဖိုလ် မရောက်သေးသမျှ ကာလပတ်လုံး လူ့လောက နတ်လောကတွေမှာ ကောင်းကျိုးချမ်းသာတွေ ရပြီးတော့သွားမယ်၊ နောက်ဆုံးကျလို့ရှိယင် အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ တဆင့်ထက် တဆင့်တက်ပြီးတော့ အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ပြီး ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကို ရောက်သွားဘို့ပါဘဲ၊ အဲဒီတော့ အခုလို ကုသိုလ်ကောင်းမှုတွေ ပြုရတဲ့ဘဝကိုရတာဟာ အင်မတန် ဝမ်းသာစရာကောင်းတယ်၊ ဒါကြောင့် မြတ်စွာဘုရားက ဒီလို ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံတဲ့ ပုဂ္ဂိုလ်များ ဝမ်းမြောက်စရာ ကောင်းတဲ့အကြောင်း အနုမောဒနာတရား ဟောထားတော်မူတယ်။

> ဣဓနန္ဒတိ ပေစ္စ နန္ဒတိ၊ ကတပုညော ဥဘယတ္ထ နန္ဒတိ။
>
> ပုညံမေ ကတန္တိ နန္ဒတိ၊ ဘိယျော နန္ဒတိ သုဂတိံ ဂတော။

ကတပုညော၊ ပြုအပ်ပြီးသော ဒါနသီလ အစရှိသော ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံသူသည်။ ဣဓ၊ ဤမျက်မှောက်ဘဝတွင်လည်း။ နန္ဒတိ၊ နှစ်သိမ့် မွေ့လျော် ပျော်ပိုက်ရ၏။ ပေစ္စ၊ နောင်တမလွန် ဘဝ၌လည်း။ နန္ဒတိ၊ နှစ်သိမ့်မွေ့လျော် ပျော်ပိုက်ရ၏။ ဣဓ၊ ဤမျက်မှောက်ဘဝ၌။ မေ၊ ငါသည်။ ပုညံ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရခြင်း၏ အကြောင်းဖြစ်သော ဒါန သီလ အစရှိသော ကုသိုလ် ကောင်းမှုအပေါင်းကို။ ကတန္တိ၊ ပြုလုပ်ရပါပေပြီ၊ အားထုတ်ရပါပေပြီ၊ ဆီးပူးရပါပေပြီ-ဟု နှလုံးသွင်းလျက်။ နန္ဒတိ၊ နှစ်သိမ့်မွေ့လျော်ပျော်ပိုက်ရ၏။

ကုသိုလ်ကောင်းမှုရှိတဲ့ ပုဂ္ဂိုလ်တွေက မိမိတို့၏ ကုသိုလ်တွေကို အာရုံပြုပြီး ဝမ်းသာစရာဘဲ၊ ဘာနှင့်တူလဲ ဆိုယင် ပစ္စည်းဥစ္စာတွေ စုဆောင်းထားတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ်သိမ်းထားတာကလေးတွေ ပြန်လည် စဉ်းစားလိုက်၊ ငါ့မှာ ရွှေက ဘယ်လောက်ရှိတယ်၊ ငွေက ဘယ်လောက်ရှိတယ်၊ ဘာက ဘယ်လောက်ရှိတယ်လို့ စဉ်းစားလိုက်ယင် ဝမ်းသာရတယ်၊ အဲဒါ မသုံးရသေးဘူး၊ ခရီးသွားတဲ့ ပုဂ္ဂိုလ်တွေမှာ ခရီးစရိတ်က လုံလုံလောက်လောက် ပါလာလို့ရှိယင် ခရီးစရိတ်တွေ စဉ်းစားလိုက်တဲ့အခါ "ငါ့မှာ လုံလုံလောက်လောက်ပဲ၊ ဟိုရောက်ယင် ဘာမှ ကြောင့်ကြစရာ ပူပင်စရာမရှိဘူး" လို့ နှလုံးသွင်းမိတော့ ဝမ်းသာရတယ်၊ အဲဒီလိုဘဲ။

ဣဓ၊ ဤမျက်မှောက်ဘဝ၌။ မေ၊ ငါသည်။ ပုညံ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကိုရခြင်း

၏ အကြောင်းဖြစ်သော ဒါန သီလစသော ကုသိုလ်ကောင်းမှုကို။ ကတန္တိ၊ ပြုလုပ်ရပါပေပြီ၊ အားထုတ်ရပါပေပြီ၊ ဆိုးရပါပေပြီ-ဟူ၍ နှလုံးသွင်းလျက်။ နန္ဒတိ၊နှစ်သိမ့်မွေ့လျော် ပျော်ပိုက်ရ၏။ပစ္စ၊တမလွန်ဘဝ၌။ သုဂတိံ၊ကောင်းမှုရှိသူတို့၏ လားရာ ဖြစ်သော သုဂတိဘဝသို့။ ဂတော၊ ရောက်ရသည်ဖြစ်၍။ နန္ဒတိ၊ လူနတ်တို့၏ စည်းစိမ်ကို အကြိမ်ကြိမ် ခံစားလျက် အားပါးတရ နှစ်သိမ့်ဝမ်းမြောက်ရလေတော့သည်-တဲ့။

နောက်ဘဝ ကျတော့ ဤ ကုသိုလ် ကောင်းမှုကြောင့် သုဂတိဘဝ၊ လူ့လောက၊နတ်လောကတွေ ရောက်လို့ လူချမ်းသာ နတ်ချမ်းသာတွေကို လက်တွေ့ ခံစားရတယ်၊ စဉ်းစား မြှော်တွေးပြီး ခံစားရတာ မဟုတ်ဘူး၊ တကယ်ခံစားရတာဘဲ၊ ခုနင်က ပစ္စည်းဥစ္စာရှိတဲ့ ပုဂ္ဂိုလ်ဟာ စောစောပိုင်းကတော့ သူ့ပစ္စည်းကလေးစဉ်းစားပြီးတော့ ဝမ်းသာနေရတယ်၊ မသုံးရသေးဘူး၊ နောက်ကျတော့ စားစရာကလေး ဝယ်ပြီးတော့ စားလိုက်၊ ကောင်းကောင်းစားရလို့ ဝမ်းသာရတယ်၊ ဝတ်စရာကလေးတွေ ကောင်းပေဆိုတဲ့အဝတ်တွေကိုဝယ်ပြီးဝတ်လိုက် သုံးဆောင်လိုက်နဲ့ ဝမ်းသာရတယ်၊ နေစရာထိုင်စရာလေးတွေဝယ်ပြီးတော့ သုံးဆောင်လိုက်နဲ့ ဝမ်းသာရတယ်၊ ယာဉ်ရထားတွေ ဒါတွေလဲဘဲဝယ်ယူပြီး စီးလိုက် သွားလိုက်နဲ့ ဝမ်းသာရတယ်၊ အဲဒါလိုပါဘဲ၊ ကုသိုလ်ကောင်းမှု၏ အကျိုးတွေကို သုံးဆောင် ခံစားပြီးတော့ တကယ့်ကို ဝမ်းမြောက်ရတယ်။

လိုယင်းဆုတောင်း အညွန်းနှင့်နိဂုံး

အဲဒါကြောင့် ယခုဆရာဝန် ဦးဘသွင်၏မွေးနေ့အထိမ်းအမှတ် အဖြစ်ဖြင့် သံဃာတော်တွေအား မွန်မြတ်သော ဆွမ်းခဲဘွယ်တွေ လှူဒါန်းလို့ သာသနာ့ရိပ်သာမှာလဲ တန်တိုင်းအတွက် ဝတ္ထုငွေတွေလှူလို့၊ ဘိုးဘွားရိပ်သာမှာလဲ ဘိုးဘွားတွေအား အလိုရှိအပ်တဲ့ စားဘွယ်သောက်ဘွယ်စသည်တွေနဲ့ ပြည့်စုံအောင် ဝတ္ထုငွေတွေ လှူဒါန်းလို့ အဲဒီလှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုတွေဟာ အင်မတန် ဝမ်းသာစရာကောင်းတဲ့ ကုသိုလ်ကောင်းမှုတွေပါဘဲ၊ မြတ်စွာဘုရား ဒေသနာထဲမှာ လာတဲ့အတိုင်းဘဲ ဒီကုသိုလ်ကောင်းမှုတွေ အာရုံပြုပြီး ဝမ်းသာစရာပါဘဲ၊ ယခုမျက်မှောက်မှာလဲဘဲ ဝမ်းမြောက်ဝမ်းသာနဲ့ နေထိုင်ရလို့ သွားလေရာ နောင်သံသရာဘဝတွေမှာလဲ ကုသိုလ်ကောင်းမှုတွေရဲ့ အကျိုးတွေ ခံစားပြီးတော့ ဝမ်းမြောက်ဝမ်းသာနဲ့ သွားရဘို့ပေါ့၊ ယခုဘဝမှာလဲ ဝမ်းမြောက်ဝမ်းသာနဲ၊ နောက်ဘဝတွေမှာလဲ ဝမ်းမြောက်ဝမ်းသာနဲ့ စိတ်မညစ်နွမ်းဘဲ၊ မျက်နှာမညှိုးဘဲ၊ မျက်နှာမငယ်ဘဲနဲ့ တသံသရာလုံးဖြစ်သွားပြီးတော့နောက်ဆုံးမှာ ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ရောက်သွားဘို့ အကြောင်းဘဲတဲ့။

ဒီတော့ကုသိုလ်ကောင်းမှုတွေကို ထပ်မံပြီးတော့ အားထုတ်ရပါပေသည်-လို့ အာရုံပြုပြီး ဝမ်းမြောက်ဝမ်းသာနဲ့ နှလုံးသွင်းကြဘို့ပါဘဲ၊ ယခုဝမ်းမြောက်ဝမ်းသာနဲ့ မိမိတို့အလိုရှိတဲ့ ဆုကို တောင်းပြီးတော့ ရေစက်ချရမယ်၊ ကိုင်း-ကိုင်း လိုက်ဆိုကြ။

ရေစက်ချ

အရှင်ဘုရားတို့၊ တပည့်တော်တို့သည် အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာများခြင်း အစရှိသောကောင်းကျိုးချမ်းသာ မင်္ဂလာတို့ကို ဖြစ်စေနိုင်သော ကုသိုလ်ကောင်းမှုကို မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ်ဖြင့် ဆီးပူးခြင်းငှာအလို ရှိကြပါ၍၊ သံဃာတော်အရှင်မြတ်တို့အား ရိုသေစွာ ပင့်ဆောင်၍ မွန်မြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို သံဃာတော်အား ရိုသေစွာ ဆက်ကပ်လှူဒါန်းကျွေးမွေးပူဇော်ပါကုန်၏-အရှင်ဘုရား။

ကြွရောက်လာသော ကလျာဏမိတ္တ မိတ်ဆွေအပေါင်းတို့အားလည်း မွန်မြတ်သော စားဘွယ်သောက်ဘွယ်တို့ဖြင့် ကျွေးမွေးပါကုန်၏ အရှင်ဘုရား။

သာသနာ့ရိပ်သာ၌ ဘေးရန်အန္တရာယ် လုံခြုံစေရန်အလို့ငှာ တန်တိုင်းအရံအတားပြုလုပ်ရာ၌(၂၅၀)

# တိတ်ရိကော်ဒါလူ ဆွမ်းကပ် ရေစက်ချ

## မဟာစည် အနုမောဒနာ တရားတော်

ညောင်ကန် အရှင်ဣန္ဒက တင်ပြသည်

**ဟောကြားရာဌာန။** ။ဦးဘိုးသောင် + ဒေါ်စိ၊ သား ရဝေထွန်း၊ အမှတ်(   )၊ ရွှေနှင်းဆီ ကိတ်မုံ့တိုက်၊ မဂ်ျစ်လမ်း၊ တာမွေ၊ ရန်ကုန်မြို့။

**နေ့စွဲ။** ။မြန်မာသက္ကရာဇ် ၁၃၂၉-ခု၊ ကဆုန်လပြည့်ကျော်(၅)ရက်၊ ခရစ် (၁၉၆၇-ခု၊ မေလ ၂၀-ရက် တနင်္ဂနွေနေ့။

**အချိန်။** ။နံနက် ၁၀-နာရီ။

**ဆုပေး။** ။ရတနာမြတ်သုံးပါး ဆရာသမားတို့အား ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ကန်တော့ကြရသော ပဏာမကုသိုလ်ကံ

---

သော ဝတ္ထုငွေတို့ကိုလှူဒါန်းပါကုန်၏အရှင်ဘုရား။

ဘိုးဘွားရိပ်သာ၌လိုအပ်သောဝတ္ထုပစ္စည်းတို့ကို သုံးစွဲရန်အလို့ငှာ(၆၀)သောဝတ္ထုငွေတို့ကို ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏-အရှင်ဘုရား။

ဤကောင်းမှုအပေါင်းသည် အာသဝေါတရားလေးပါးတို့၏ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။ ဤကောင်းမှုကြောင့် အကျွန်ုပ်တို့သည်ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ကြ ဝေးကွာကြ၍ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာများခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်း, ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း, အခြွေအရံများခြင်း အစရှိသော လိုလား တောင်းတအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် အခါခပ်သိမ်း ပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သောနိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။

ဤကောင်းမှုကုသိုလ်၏အဘို့ကို အမိ အဘ ဆရာသမားတို့အားရင်း၊ အဆွေအမျိုးတို့အားရင်း၊ ဤအရပ်၌ ရောက်ရှိနေသော ပရိသတ် အပေါင်းတို့အားရင်း၊ အကျွန်ုပ်တို့၏ကိုယ်စောင့်နတ်၊အိမ်စောင့်နတ်၊ မြို့စောင့်နတ်၊ သာသနာတော် စောင့်နတ်၊ လောကကို စောင့်ရှောက်သော နတ်၊ သိကြားမင်း၊ ယမမင်း အစရှိသော နတ်အပေါင်း တို့အားရင်း၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားရင်း အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

(အားလုံး အမျှ-အမျှ- အမျှ - ယူတော်မူကြပါကုန်လော့။) သာဓု-သာဓု- သာဓု။

စေတနာ တို့ကြောင့် ဘေးရန် အန္တရာယ် ခပ်သိမ်း ကင်းငြိမ်းကြသည် ဖြစ်၍ အသက်ရှည်ခြင်း, အနာကင်းခြင်း, ကျန်းမာခြင်း, ချမ်းသာခြင်း အစရှိသော လိုလားတောင့်တအပ်သော လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကြပါစေ။

အဟံဘန္တေ မှစ၍ သီလပေးပြီးနောက် သမန္တာ မှစ၍ မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ဘတ်တော်မူသည်၊ ထို့နောက် ဤသို့ တရားဆက်လက် ဟောကြား၏။

## ဆွမ်းအလှူနှင့် တရားအလှူ

သံဃာတော်တွေကို ဆွမ်း ခဲဘွယ် ဘောဇဉ်တွေ လှူဒါန်းဆက်ကပ်တယ်၊ ဒါကတခု၊ တိတ်ရီကော်ဒါ လှူဒါန်းတာက ကုသိုလ်တခု၊ အရင်းခံကတော့ တိတ်ရီကော်ဒါလှူဒါန်းတာက အရင်းခံဘဲ၊ တိတ်ရီကော်ဒါကတော့ ဘုန်းကြီးမှာ တရားဟောရေးအတွက် အလွန်အသုံးကျပါတယ်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

ဓမ္မဒါနံ၊ တရားအလှူသည်။ သဗ္ဗဒါနံ၊ အလုံးစုံသော အလှူဟူသမျှကို။ ဇိနာတိ၊ အောင်မြင်၏-တဲ့။

အလှူတကာထဲမှာ တရားအလှူဟာ အမြတ်ဆုံးဘဲ၊ တရားအလှူဆိုတာက ကိုယ်တိုင်တတ်နိုင်လို့ ကိုယ်တိုင် ဟောပြောနေတာဟာ တရား အလှူပါဘဲ၊ လူတွေ အသိ အလိမ္မာ ရအောင် မျက်မှောက် အကျိုးစီးပွား နောင်တမလွန် အကျိုးစီးပွား များအောင် ဟောကြားနေတာဟာ တရားအလှူပါဘဲ။

မျက်မှောက်တွင်လဲ အပြစ်ကင်းအောင် ကောင်းကျိုးရအောင် လုပ်ငန်းစဉ်တွေ နေထိုင်ရေးတွေ ဒါ တွေကို ညွှန်ကြားပြောဟောနေတာဟာ တရားအလှူဘဲ၊ နောင်သံသရာ ဘဝတွေက ပိုအရေးကြီးတယ်၊ မျက်မှောက်ကတော့ သိပ်အရေးမကြီးဘူး၊ မျက်မှောက်ကတော့ သူများမပြောလဲ အတော်အတန် တော့ နားလည်နေကြတာဘဲ၊ ဘာလုပ်ယင် ဘာဖြစ်တယ်ဆိုတာ သိနေကြတာဘဲ၊ ဒါကြောင့် မျက်မှောက်မှာ ကိုယ်ကျိုး ကိုယ်စီးပွားဖြစ်အောင် ကိုယ့် အသိအမြင်နဲ့ဘဲ အားထုတ်လို့ရတယ်၊ ဘေးကပုဂ္ဂိုလ်တွေက ဝိုင်းဝန်းကူညီလို့ ရှိယင်လဲ ရနိုင်တယ်။

နောင်သံသရာဘဝအတွက်ကတော့ တရား မသိယင် ခက်တယ်၊ နောင်ဘဝတွေမှာ အခုဘဝလိုပင် ချမ်းသာတဲ့ဘဝတွေရဘို့ အခုဘဝထက်ပိုပြီးတော့ ချမ်းသာတဲ့ဘဝတွေရပြီး ချမ်းသာသွားဘို့ အရေးကြီးတယ်၊ ဒါကြောင့် နောင်တမလွန် ကြီးပွားချမ်းသာရေးအတွက် ဟောပြောညွှန်ပြတဲ့ တရားတွေ ကြားနာပြီး သိထားဘို့လိုတယ်၊ အဲဒီလို တရားတွေ ဟောပြောနေတာဟာ တရားအလှူကို လှူသည်မည် တာဘဲ။

အဲဒီလို တရားတွေကို ရေးထားတဲ့ ပုံနှိပ်ထားတဲ့ ကျမ်းဂန်တွေ စာအုပ်တွေ လှူဒါန်းတာလဲ တရားအလှူကို လှူတာပါဘဲ၊ အဲဒီစာအုပ်တွေရှိသမျှကာလ ပတ်လုံး အဲဒီ စာအုပ်တွေကို ကြည့်ပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အလွန် မှန်မြတ်တဲ့ တရားတွေကို သိရတယ်၊ မျက်မှောက်ကြီးပွားရေး နောင်တမလွန်ကြီးပွားရေး နိဗ္ဗာန်ထိအောင် ကြီးပွား ချမ်းသာရေးတွေကို အဲဒီ စာအုပ်တွေက ပြတယ်။

## တိတ်ရီကော်ဒါ၏ကျေးဇူး

အခု တိတ်ရီကော်ဒါကတော့ အင်မတန်ကျေးဇူးများတယ်၊ တိတ်ရီကော်ဒါတွေ ပေါ်လာတာဟာ ဘုန်းကြီး ရန်ကုန်ရောက်ပြီးနောက်တနှစ် ၁၃၁၂-ခုနှစ်လောက်ကဘဲဖြစ်မယ်၊ တိတ်ရီကော်ဒါတွေ ပေါ်လာလို့ ဘုန်းကြီးအတွက် အလွန် ကျေးဇူးများပါတယ်၊ တိတ်ရီကော်ဒါသာ မပေါ်လို့ရှိယင် ဘုန်းကြီးလဲ အခုနေအခါ ယခုလို ကျန်းကျန်းမာမာ ရှိမယ် မထင်ဘူး၊ ဘာကြောင့်လဲဆိုတော့ တရားတွေ အများကြီးဟောနေရတဲ့အတွက်ကြောင့်ပါဘဲ၊ နေ့စဉ်နေ့တိုင်း အမှတ်ပေးတဲ့တရားကို ဟောရတယ်၊ ပြီးတော့ ပဌမပိုင်းကဆိုလို့ ရှိယင် ဉာဏ်စဉ်တရား

ကလဲ မကြာမကြာ ဟောနေရတယ်၊ တလကို လေးငါးခြောက်ကြိမ်လောက်တောင် ဟောရတယ်။

အဲဒီထဲမှာ အမှတ်ပေးတရားဆိုယင်လဲ အစပိုင်းတုန်းကတော့ တနာရီလောက်ကြာတယ်၊ ညဏ်စဉ်တရားကတော့ ၃-နာရီကျော်ကျော်လောက် ကြာတယ်၊ အမှတ်ပေး တရားကို ဟောရတာကတော့ တနာရီလောက်မို့ ပင်ပန်းမှုန်း သိပ်မသိရဘူး၊ ညဏ်စဉ်တရား ဟောတော့ ၃-နာရီကျော်ကျော်လောက် ဟောရတော့ တော်တော်ပင်ပန်းတယ်၊ ဟိုတုန်းက ရန်ကုန်ရောက်ခါစကဆိုတော့ လွန်ခဲ့တဲ့ ၁၇-နှစ်၊ ၁၈-နှစ်ခန့်ကပေါ့လေ၊ ယခုနှင့်စာကြည့်ယင် အသက်ငယ်ပါသေးတယ်၊ ၄၈-နှစ်လောက်ဘဲ ရှိသေးတယ်၊ ဒါပေမယ်လို့ အဲဒီတုန်းကတောင် ၃-နာရီကျော်ကျော်လောက် ဟောရတော့ ပင်ပန်းမှန်းသိရတယ်။

အဲဒီအနေမှာ တိတ်ရီကော်ဒါတွေ ပေါ်လာတယ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တိတ်ရီကော်ဒါ တခုလှူတယ်၊ ငယ်ငယ်ပါဘဲ၊ အမျိုးအစားကတော့ ကောင်းတယ်၊ အဲဒီ တိတ်ရီကော်ဒါကလေးနဲ့ အသံသွင်းထားပြီး အမှတ်ပေးတရားကို နေ့စဉ်နေ့တိုင်း ဟောရတယ်၊ နောက်ပြီးတော့ ညဏ်စဉ်တရား ဟောစရာရှိတဲ့အခါလဲ အဲဒါကလေးနဲ့ဘဲ ဟောရတယ်၊ အဲဒီတော့ သက်သာရလာတယ်၊ အဲဒီ တိတ်ရီကော်ဒါသာမရှိယင် တလလေးငါးကြိမ်လောက် ညဏ်စဉ်တရား ဟောနေရတာ ဒုက္ခဘဲ၊ ကြာယင်တော့ ရောဂါစွဲလိမ့်မယ်လို့လဲ အဲဒီတုန်းက အောက်မေ့မိတယ်။

## နေ့စဉ် အလုပ်ပေးတရားအလှူ

နောက်တော့ တိတ်ရီကော်ဒါတွေ အသစ်အသစ်လဲ ရတာအတော်များပါပြီ၊ ပျက်ကုန်တာလဲ အတော်များပါပြီ၊ အခု လောလောဆယ်မှာ ရှိတဲ့ ရီကော်ဒါ အဟောင်းတွေက ပျက်ပျက် နေလို့ မကြာမကြာပြင်ရတယ်၊ ဒါကြောင့် ဒကာမကြီးဒေါ်စီက ရီကော်ဒါအသစ်ကို လာလှူမယ်လို့ စိတ်ကူးပေါ်လာတယ်၊ ဒါက အင်မတန်ကျေးဇူးများတယ်၊ နေ့စဉ်နေ့တိုင်း ဒီ ရီကော်ဒါနဲ့ဘဲ အမှတ်ပေးတရား ဟောရတယ်၊ အဲဒါ ဒကာကြီး ဦးဘိုးတောင်နှင့် ဒကာမကြီး ဒေါ်စီတို့က ဟောနေတာမျိုး ဖြစ်နေပါလိမ့်မယ်၊ အဲဒါ တရားအလှူဘဲ၊ နေ့စဉ်နေ့တိုင်း ညနေကျလို့ရှိယင် တရားဝင်တဲ့ ပုဂ္ဂိုလ်တွေဟာ မပြတ်ဘူး၊ ရှိနေတာဘဲ၊ အမှတ်ပေးတရားဟာ နားရတယ်လို့ မရှိဘူး၊ နေ့စဉ် နှစ်ယောက်သုံးယောက်လောက်တော့ ရှိနေတယ်၊ တခါတခါ တော်တော်များများရှိတယ်၊ တယောက်ထဲလဲ ရှိတာဘဲ။

တယောက်ထဲပေမယ်လို့ သူက သူ့အခွင့်သာတဲ့အခါ လာတာဖြစ်တဲ့အတွက် ဆိုင်းထားလို့ မဖြစ်ဘူး၊ အမှတ်ပေးတရားဟောရတာဘဲ၊ ဟိုတုန်းက တနာရီ အမှတ်ပေးတရားကို ယခုတော့ အကိုချုံးထားလို့ နာရီဝက်လောက်ရှိပါတယ်၊ အဲဒါ ညနေပိုင်း ၅-နာရီလောက်ကျလို့ရှိယင် တရားအားထုတ်မဲ့ ယောဂီများအား သီလပေးပြီးတော့ အမှတ်တရားကို ရီကော်ဒါနှင့်ဖွင့်ပြရတယ်၊ နောက်ဆိုယင် ယခုလှူတဲ့ ဒီတိတ်ရီကော်ဒါနဲ့ ဖွင့်ပြရမှာပေါ့၊ အဲဒါ ဒီကနေပြီး တရားအလှူ ကုသိုလ်ဖြစ်နေတယ်လို့ အာရုံပြုနိုင်ပါတယ်။

အဲဒါ ညနေ ၅-နာရီလောက်မှာ အနေဆိုလို့ရှိယင် ငါတို့လှူထားတဲ့စက်နဲ့ အမှတ်ပေးတရား ဟောနေတယ်၊ နိဗ္ဗာန်ရောက်ကြောင်း အကောင်းဆုံးတရားကို နာယူနေကြတယ်လို့ အာရုံပြုဘို့ပါဘဲ။

## ၁၅-ရက်တကြိမ် ဉာဏ်စဉ်တရားအလှူ

နောက်ပြီးတော့ ဉာဏ်စဉ်တရားတော်ကို ၁၅-ရက်တကြိမ် လဆန်း ၇-ရက်၊ လဆုတ် ၇-ရက်တိုင်း တလလျှင် ၂-ကြိမ်ဘဲ ကိန်းသေဟောနေတယ်၊ ဒါကြောင့် အဲဒီ ၇-ရက်တိုင်း ၇-ရက်တိုင်း ဆိုလို့ရှိယင် ဒီ တိတ်ရီကော်ဒါနဲ့ဟောတဲ့ ဉာဏ်စဉ်တရားကို ယောဂီတွေ အများကြီး နာနေကြတယ်၊ တခါတရံမှာ ယောဂီအသစ်ချည်း ၃၀-ကျော်လောက် ရှိပါတယ်၊ အဲဒီ ယောဂီတွေ အသစ်အဟောင်းတွေကို

ဒီ တိတ်ရိကောဒါနဲ့ ဟောနေတယ်၊ ဉာဏ်စဉ်တရား ဟာ အင်မတန် အရေးကြီးတဲ့ တရားဘဲ။

ယောဂီပုဂ္ဂိုလ်တွေကိုယ်တိုင်တရားအားထုတ်လို့ ကိုယ်တိုင်သိထားတဲ့ အသိဉာဏ်တွေ ဖြစ်ပုံ ဟောတဲ့ တရားဘဲ၊ ဘုန်းကြီးက အသံသွင်းထားတဲ့ တိတ်နဲ့ ဖွင့်လိုက်လို့ရှိယင် တရားနာတဲ့ပုဂ္ဂိုလ်တွေက သူတို့ ကိုယ်တိုင် တွေ့ထားတာနှင့် ကိုက်နေတာကိုတွေ့ပြီး အလွန်ဝမ်းမြောက်ကြရတယ်၊ ဒါကကိန်းသေဟော ထားတဲ့ တရားဘဲ၊ ဒီတရားကို အားထုတ်လို့ရှိယင် ဒီအတိုင်းတွေ့ရမယ်၊ နာမ်ရုပ်ကို ဒီလို ပိုင်းခြား သိရမယ်၊ အကြောင်းအကျိုးတရားတွေကို ဒီလိုပိုင်းခြား သိရမယ်၊ အနိစ္စ ဒုက္ခ အနတ္တတွေကို ဒီလို သိရမယ်၊ အဖြစ် အပျက်တွေကိုလဲ သိရမယ်၊ ရုပ်နာမ် သင်္ခါရ ငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာကို ဒီလိုတွေ့ရမယ်၊ မဂ်တရား ဖိုလ်တရားဆိုတာ ဒီလိုဖြစ်တယ်။

အဲဒီ မဂ်ဖိုလ်ဖြင့် မျက်မှောက်ပြုသွားလို့ရှိယင် အပါယ်လေးပါးမှ လွတ်မြောက်တယ်၊ အဲဒီပုဂ္ဂိုလ် ဟာ အပါယ်လေးပါး မကျနိုင်ဘူး၊ လူ့ဘဝထက် နိမ့်ကျတဲ့ဘဝလဲ မဖြစ်တော့ဘူး၊ လူ့ဘဝထက် မြင့်မြတ်တဲ့ ဘဝတွေမှာသာ ဖြစ်သွားမယ်၊ အများဆုံး ၇-ဘဝသာ ပြန်ဖြစ်မယ်၊ ခုနစ်ခုမြောက်ဘဝကျယင် ရဟန္တာဖြစ်ပြီးတော့ ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန် ရောက်မယ်၊ အဲဒီ ဉာဏ်စဉ်တရားတွေကို တရား အား ထုတ်ထားတဲ့ပုဂ္ဂိုလ်တွေက ဘုန်းကြီး ဒီကအသံသွင်း ထားတဲ့ ရိကောဒါဖြင့်ဟောတဲ့အတိုင်း သူတို့ တွေ့ တာနှင့် ကိုက်ညီနေတာကို တွေ့ကြတယ်၊ ဒီဟာ ကိန်းသေဘဲ၊ခရီးသွားတဲ့ပုဂ္ဂိုလ်များ ခရီးစဉ် လမ်း စဉ် စခန်းစဉ်တွေကို လူတိုင်း တွေ့သွားသလိုဘဲ၊ မသွားဘူးသေးတဲ့ ပုဂ္ဂိုလ်သွားယင်လဲ ဒီလမ်းကသွား ယင် ဒီလိုတွေ့တာဘဲ၊ ရှေ့နားမှာ ရွာရှိတယ်၊ ဟိုနား မှာ မြို့ရှိတယ်၊ ဟိုနားမှာ နားစရာစခန်းရှိတယ်၊ ဟို ဘက်မှာ ကွင်းပြင်ရှိတယ် အစစအရာရာတွေ ဒီလမ်း သွားလို့ရှိယင် မျက်စိမြင်တဲ့ပုဂ္ဂိုလ်က အကုန်လုံး တွေ့သွားတာဘဲ။

အဲဒါလိုပါဘဲ၊ မြတ်စွာဘုရားတရားတော်က တ ရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ ဒီလမ်းစဉ်အတိုင်း အ ကုန်တွေ့ကြတယ်၊ တွေ့ပုံတွေနည်းအခြင်းအရာတွေကို ဘုန်းကြီးက ဉာဏ်စဉ်တရားမှာ တမျိုးထဲပဲ ဟော ထားတယ်၊ အဲဒါတွေ တရားနာတဲ့ပုဂ္ဂိုလ်တွေက ဒါအကုန်လုံး နားလည်တယ်၊ သူတို့ အကုန်လုံး တွေ့ ထားပြီး ဖြစ်နေတာကို တွေ့ရတယ်၊ အင်မတန် ကောင်းတဲ့ တရားတွေဘဲ၊ နိဗ္ဗာန်တိုင်အောင် ရောက် ပုံတွေ သိကြပုံတွေ အဲဒီတရားတွေကို ဟောထား တယ်၊ အင်မတန်ကောင်းတဲ့ တရားတွေဘဲ။

အဲဒီတရားတွေကို လဆန်း ၇-ရက်၊ လဆုတ် ၇-ရက်မှာ ဒီတိတ်ရိကောဒါနဲ့ ဟောနေတယ်ဆိုတာ ညနေ ၅-နာရီကျော်ကျော်လောက်ဆိုယင် အာရုံပြု ပြီး ဝမ်းမြောက်ဝမ်းသာဘိုဘဲ၊ ဒါကတော့ အမြဲ တန်းလို ဝမ်းမြောက်ဝမ်းသာရမဲ့ ကုသိုလ်ကောင်းမှု ဘဲ၊ အဲဒါဟာ တိတ်ရိကောဒါလှူတဲ့ ဒကာကြီး ဦးဘိုးထောင် ဒကာမကြီး ဒေါ်စိတ်တို့ရဲ့ကောင်းမှုဘဲ၊ အဲဒါမိမိတို့ကိုယ်တိုင် တရားအလှူကိုလှူနေတယ်လို့ အောက်မေ့ဝမ်းမြောက်ကြရမယ်။

တရားအလှူဟာ အကောင်းဆုံး

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

ဓမ္မဒါနံ၊ တရားအလှူသည်။ သဗ္ဗဒါနံ၊ အလုံး စုံသော အလှူဟူသမျှကို။ ဇိနာတိ၊ အောင်မြင်၏။

တရားအလှူဟာ အကောင်းဆုံးဘဲ၊ တရား အလှူလောက် အဘိုးတန်မြင့်မြတ်တဲ့ အလှူဆိုတာ မရှိဘူး၊ ဆွမ်းတို့,ကျောင်း,တို့သင်္ကန်းတို့,ဆေးပစ္စည်း တို့ ဒါတွေလဲ အသုံးကျတဲ့ပစ္စည်းတွေပါဘဲ၊ ဒါတွေ မရှိယင်လဲ ရဟန်းတော်တွေမှာ သာသနာ့ဓမ္မတွေကို မကျင့်နိုင်ကြဘူး၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တွေ ကို ဆွမ်းစားပြီး ကျင့်ရတယ်၊ သင်္ကန်းလဲ ဝတ်စရာ ရှိမှ၊ ကျောင်းလဲ နေစရာရှိမှ ကျင့်နိုင်တယ်၊ မကျန်း မမာတဲ့အခါ ဆေးကလဲ အသုံးကျနေလို့ မရှိ မဖြစ် တဲ့ ပစ္စည်းပဲ၊ ဒါပေမယ်လို့ တရားအလှူလောက် မမြတ်ဘူးတဲ့။

တရားအလှူက ပိုပြီးမြတ်တယ်၊ ဘာပြုလို့လဲ ဆိုတော့ တရားနာတဲ့ပုဂ္ဂိုလ်တွေ တရားထူးတွေ ရနိုင်တယ်၊ ဒီတရားသိပြီးတော့ ကောင်းသောအကျင့်တွေ ကျင့်သုံးပြီး မျက်မှောက်တွင်လဲ ကောင်းကျိုးချမ်းသာတွေကို ရနိုင်တယ်၊ သေပြီးနောက် သံသရာဘဝကွေ့မှာလဲ မိမိတို့ အလိုရှိတဲ့ ဘဝတွေမှာ ဖြစ်နိုင်တယ်၊ လူ့အဖြစ်တွေ ရနိုင်တယ်၊ နတ်အဖြစ်တွေ ရနိုင်တယ်၊ ဗြဟ္မာအဖြစ်တွေ ရနိုင်တယ်၊ "လောကထဲမှာ ဖြစ်ချည်ပျက်ချည်နဲ့ မကောင်းပါဘူး၊ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို လိုချင်တယ်" ဆိုယင်လဲ အဲဒီနိဗ္ဗာန်ကို ရနိုင်တယ်၊ အဲဒီတရားနာပြီးတော့ နိဗ္ဗာန်ရောက်နိုင်တယ်၊ ဒါကြောင့် အလုံးစုံသော အလှူဟူသမျှတွေထက် တရားအလှူဟာ အမြတ်ဆုံးဘဲ။

အဲဒီ အမြတ်ဆုံးဖြစ်တဲ့ တရားအလှူကို ခေတ်အားလျော်စွာ ဒီ ရီကော်ဒါအလှူဟာ တရားနာမည့်သူတွေအတွက် အလွန်ကောင်းပါတယ်၊ စာအုပ်လှူတာကတော့ စာတတ်တဲ့သူမှ ဘတ်ပြီးသိရတယ်၊ မတတ်တဲ့ပုဂ္ဂိုလ်များမှာ စာအုပ်ကြီး ရှေ့နား ထားပြီးတော့ ကြည့်နေပေမယ်လို့ ဘာမှမသိဘူး၊ ပါဠိစာအုပ်တွေဆိုလို့ရှိယင် ပါဠိမတတ်တဲ့ပုဂ္ဂိုလ်တွေက ဘာမှမသိနိုင်ဘူး၊ ဟောဒီ တိတ်ရီကော်ဒါကတော့ လူတိုင်းလူတိုင်း နားလည်တယ်၊ ဗမာလို တရားအသံသွင်းထားလို့ရှိယင် ဗမာလိုတတ်တဲ့ ပုဂ္ဂိုလ်တွေက ကလေး လူကြီး ယောကျ်ား မိန်းမမရွေး အကုန်လုံး နားလည်ကြတယ်၊ ဟောကြားတာတွေ အကုန်လုံးနားလည်ပြီး လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာတွေရအောင် ကျင့်တတ် ကြံတတ်တယ်၊ နိဗ္ဗာန်ချမ်းသာရအောင်လဲ ကျင့်တတ်တယ်၊ အင်မတန် နေရာကျတယ်၊ နားထောင်နေရုံဘဲ၊ ဘာမှ ခက်ခက်ခဲခဲ စဉ်းစားမနေရဘူး။

လူကိုယ်တိုင် ဟောသလိုပါဘဲ၊ အကုန်လုံး နားလည်နေတယ်၊ အခြားဘာသာနဲ့လဲ အသံသွင်းထားတာလဲ ရှိတာဘဲ၊ နိုင်ငံခြားသားတွေအတွက် ရည်ရွယ်ပြီး တမျိုးအသံသွင်းထားရတယ်၊ ဒါက ဘုန်းကြီးများကိုယ်တိုင် မပြောနိုင်ပေမယ်လို့ ဘုန်းကြီး ရေးထားတဲ့ ဗမာလိုစာကို အင်္ဂလိပ် အသံထွက် ကောင်းတဲ့ ပုဂ္ဂိုလ်တွေကို ဘာသာပြန်စေပြီးတော့ အသံသွင်းထားတယ်၊ အဲဒါကို နိုင်ငံခြားသားတွေ လာတဲ့အခါ ဖွင့်ပြရတာဘဲ၊ ဒါလဲ သူတို့အတွက် ကောင်းတာဘဲ၊ သူတို့အားလုံး နားလည်ကြတယ်၊ အင်မတန် နေရာကျတယ်။

ဒီကနေ့ ဒကာကြီး ဦးဘိုးထောင်+ဒကာမကြီး ဒေါ်စီတို့ လှူဒါန်းတဲ့ တိတ်ရီကော်ဒါဟာ မြတ်စွာဘုရား၏ တရားတော်တွေကို လူတွေကျင့်တတ်အောင် ကျင့်ကြံပြီးတော့ မိမိတို့အလိုရှိတဲ့ မျက်မှောက် ချမ်းသာတွေ တမလွန်ချမ်းသာတွေရအောင် တရားဟော ပုဂ္ဂိုလ်ကဲ့သို့ပင် အသံထွက်ပြီး နားထောင်တဲ့ ပုဂ္ဂိုလ်တွေ နားလဲလည်အောင် ဟောပြောတဲ့ ပစ္စည်း တခုဘဲ။

ဒီဝတ္ထုပစ္စည်းတခုကို လှူဒါန်းပါတယ်၊ ဒီဝတ္ထုပစ္စည်းကို လှူသောအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရောက်ကြောင်းဖြစ်တဲ့ တရားတွေကို ဟောပြောညွှန်ပြထားတဲ့ ဓမ္မဒါန တရားအလှူကို လှူသည် မည်တယ်၊ အဲဒီ တရားအလှူကို ငါတို့လှူရပေတယ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ဘို့ပါဘဲ၊ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်၊ ဘုန်းကြီးများ အတွက်လဲ အင်မတန် ကျေးဇူးများတယ်။

### ဆွမ်းအလှူဒါန အကျိုးငါးပါးရ

အဲဒီ ဓမ္မဒါန တရားအလှူကို လှူရ ရောက်တဲ့ တိတ်ရီကော်ဒါ လှူတာကို အကြောင်းပြုပြီးတော့ သံဃာတော်အရှင်မြတ်တို့အား နှစ်မြတ်သော ဆွမ်းခဲဘွယ်တွေကို လှူဒါန်းရတယ်၊ အဲဒီ ဆွမ်းအလှူဖြင့် မတောင့်တာဘဲနဲ့ဘို့ အကျိုးငါးပါးရတယ်။

၁။ အသက်ရှည်ခြင်းကို လှူသည် မည်သောကြောင့် မျက်မှောက်မှာလဲ အသက်ရှည်တယ်၊ နောင်သံသရာဘဝတွေမှာလဲ အသက်ရှည်တယ်။

၂။ အစာစားရမှ အဆင်းလှနိုင်တဲ့အတွက် အဆင်းလှခြင်းကို လှူသည်မည်တယ်၊ ဒါကြောင့် မျက်မှောက်မှာလဲ ရုပ်အဆင်းမဆုတ်ယုတ်ခြင်း အကျိုးရတယ်၊ နောင်သံသရာဘဝတွေမှာလဲ လှပတင့်တယ်ခြင်းတွေကို ရသွားမယ်။

၃။ အစာစားမှ ခွန်အားဗလ ရှိနိုင်တဲ့အတွက် ခွန်အားဗလကိုလည်း ပေးလှူသည်မည်တယ်၊ အစာမစားရယင် ဘယ် ခွန်အားဗလရှိမလဲ၊ ဒီကနေ့ ဒကာကြီး ဦးဘိုးထောင်တို့ ဒကာမကြီး ဒေါ်စီတို့ ကျွေးလိုက်တဲ့ ဆွမ်းတွေကို ဒီကိုယ်တော်တွေ ဘုဉ်းပေးပြီးတော့ ခွန်အားဗလတွေ ပြည့်စုံသွားတယ်၊ ခွန်အားဗလကို ပေးလှူသည်မည်သောကြောင့် ခွန်အားဗလ ကြီးမားခြင်းဟူသောအကျိုးလဲရတယ်၊ မျက်မှောက်မှာလဲ ခွန်အားဗလ မဆုတ်ယုတ်ခြင်းကို ရမယ်၊ နောင်သံသရာဘဝတွေမှာလဲ ခွန်အားဗလ ကြီးမားတဲ့ ဘဝတွေချည်းဘဲ ဖြစ်သွားမယ်၊ ဖြစ်ရာဘဝတွေမှာ ကာယဗလတွေကောင်းတယ်၊ ခုကာလမှာ ကာယဗလ လေ့ကျင့်ရေးတွေလေ့ကျင့်ရတယ်၊ ကိုယ်လက်ကြံ့ခိုင်ရေးတွေ လေ့ကျင့်ရတယ်၊ ကုသိုလ်ကောင်းမှုပြုခဲ့တဲ့သူတွေကတော့ အဲဒီလို မလေ့ကျင့်ရပါဘူး၊ မွေးလာကတည်းက ပဋိသန္ဓေက ပါလာတယ်၊ တောင့်တောင့် တင်းတင်း ခိုင်ခိုင်မာမာ သန်သန်စွမ်းစွမ်းကြီး တခါတည်းဖြစ်လာတယ်၊ အဲဒီလို အကျိုးတွေရတယ်၊ သူများထက် ခွန်အားကြီးခြင်း ရမယ်။

၄။ ချမ်းသာကိုလဲ ပေးလှူသည် မည်တယ်တဲ့၊ ဆွမ်းမစားရလျှင် ဆာလောင်နေတာနဲ့ ဒုက္ခရောက်နေတယ်၊ စားလိုက်တော့ စားပြီးတဲ့အချိန်ကစပြီး ချမ်းသာသွားတယ်၊ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေက ပိုသိတယ်၊ ဆာနေတဲ့အခါကာလ ရုပ်တွေက ကျနေတယ်၊ အစာကလေးစားလိုက်တာနဲ့ တခဏ ထဲ ရုပ်တွေတက်ပြီး အားတွေက ကောင်းလာတယ်၊ ကိုယ်ထဲမှာ အင်မတန် ချမ်းသာတွေ ဖြစ်ပွားပေါ့တယ်၊ အဲဒီတော့ ချမ်းသာကို ပေးလှူသည်မည်တယ်၊ ကိုယ်ချမ်းသာမှ စိတ်ချမ်းသာတယ်၊ ဒါကြောင့် ဒီနေ့ဆွမ်းကျွေးတာဟာ ကိုယ်ချမ်းသာကိုရော စိတ်ချမ်းသာကိုပါ ပေးလှူသည် မည်တယ်၊ ချမ်းသာ ပေးလှူသည် မည်သောကြောင့် မျက်မှောက်မှာလဲ ချမ်းသာသွားမယ်၊ တမလွန်ဘဝတွေမှာလဲ ချမ်းသာသွားမယ်၊ ချမ်းသာတယ်ဆိုတာ အရေးအကြီးဆုံးဘဲ၊ ချမ်းသာပြည့်စုံတယ်ဆိုယင် ဒီပြင်ဟာတွေ ဘာမှမလိုဘူး၊ ချမ်းသာတယ်ဆိုတာဟာ လိုသမျှတွေပြည့်စုံမှ ချမ်းသာတာဘဲ၊ အဲ မျက်စိနှင့် မြင်စရာလဲ အမြင်ကောင်းမှ၊ နားနှင့် ကြားစရာလဲ အကြားကောင်းမှ၊ အတွေ့လဲကောင်းမှ ကိုယ် လိုသမျှတွေ အကုန်ပြည့်စုံနေမှဘဲ ချမ်းသာပါတယ်။

ဒီတခုကတော့ မပြည့်စုံဘူး၊ လိုနေသေးတယ်ဆိုယင် မချမ်းသာဘူး၊ အသုံးအဆောင်ကလေးတခု လိုနေတယ်ဆိုယင် မချမ်းသာဘူး၊ အကုန်လုံး လိုတာ မရှိဘူး၊ လိုတိုင်းလိုတိုင်း ပြည့်စုံနေတယ်ဆိုယင် အဲဒါ ချမ်းသာတာဘဲ၊ ဒါ့ကြောင့် ချမ်းသာကိုပေးလှူသည်မည်သောကြောင့် ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းတွေ မျက်မှောက်မှာလဲ ရသွားမယ်၊ နောင်သံသရာဘဝတွေမှာလဲ ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းတွေ ရသွားမယ်၊ ဘာမှ လိုလေသေး မရှိဘဲနဲ့ အစစအရာရာ ပြည့်စုံပြီးတော့ လူ့လောကမှာဖြစ်ယင်လဲ ချမ်းသာလို့၊ နတ်လောကမှာ ဖြစ်ယင်လဲ ချမ်းသာလို့ တကယ့် ချမ်းသာကြီးကို ရပါလိမ့်မယ်။

၅။ နောက်ပြီးတော့ အသိ အလိမ်မာ ဉာဏ်ပညာကိုလဲ ပေးလှူသည်မည်တယ်တဲ့၊ ဒီကနေ့ ဆွမ်းကျွေးလိုက်တော့ ဆွမ်းစားရလို့ ကိုယ်တော်မြတ်တွေ တရားနှလုံးသွင်း ဆင်ခြင်လို့ရှိယင် အသိဉာဏ် ပွင့်လင်းတယ်၊ ဒါ့ကြောင့် အဲဒီ အသိဉာဏ်တွေကိုလဲ ပေးလှူသည်မည်တယ်၊ အဲဒီ အသိဉာဏ်တွေ မျက်မှောက်မှာလဲရလို့ နောင်ဘဝ သံသရာတွေမှာလဲ ရလို့ အသိဉာဏ်တွေနဲ့ ပြည့်စုံသွားမယ်၊ အသိဉာဏ်ဆိုတာဟာ လောကီအသိဉာဏ်လဲရှိတယ်၊ လောကမှာ စားဝတ်နေရေးနှင့်စပ်ပြီး အသိအလိမ်မာ ဉာဏ်

ဆိုတာတွေရှိတယ်၊ အဲဒီပညာတွေကို အကြောင်းပြု ပြီးတော့ စားဝတ်နေရေးတွေဖန်တီးနေရတယ် အဲဒီ ပညာတွေကလဲ အသုံးကျတယ်၊ ဘဝတိုင်းဘဝတိုင်း ဒီလိုအသိဉာဏ်တွေကို လွယ်လွယ်ကူကူနဲ့ တတ်သိပြီး သွားမယ်၊ တရားနဲ့စပ်တဲ့ အသိပညာဆိုတာကတော့ ပိုပြီး အရေးကြီးတယ်၊ အဲဒါတွေကတော့ တရား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ဖြစ်ပေါ်ပါတယ်။

ရုပ်တရား နာမ်တရားတွေ ကိုယ်ထဲမှာ ဒီနှစ်မျိုး ဘဲ ရှိတယ်၊ ဖြစ်ပျက်နေတဲ့ တရားတွေ အနိစ္စ ဒုက္ခ အနတ္တတွေချည်းဘဲ။

ဒါတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ သိတာဟာ တရားနှင့် စပ်တဲ့အသိဉာဏ်ပညာဘဲ၊ ဒါကြောင့် အခုလိုပြောရုံနဲ့ ကတော့ မသိဘူး၊ တရားအားထုတ်တဲ့အခါကျတော့ မှ ကိုယ်ပိုင်ဉာဏ်ဖြင့်သိတယ်၊ ရုပ်နာမ်သင်္ခါရငြိမ်းတဲ့ အကောင်းဆုံး တရားကိုလဲ သိတယ်၊ အဲဒါတွေက တော့ တရားအားထုတ်တဲ့အခါမှာ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့နိုင်တဲ့တရားတွေဘဲ၊ အဲဒီအသိအလိမ္မာပညာတွေ ကိုလဲ မျက်မှောက်မှာလဲ ရဘို့အကြောင်း ဖြစ်သွား တယ်၊ နောင်သံသရာဘဝတွေမှာလဲ အဲဒီပညာတွေ ကို ရခြင်း၏အကြောင်းဖြစ်သွားပါတယ်၊ အဲဒါဟာ ဆွမ်းတခုလှူရုံနဲ့ ရတဲ့အကျိုးတွေဘဲ၊ အဲဒါမတောင့် တတဲ့နဲ့ ရတဲ့အကျိုးတွေဘဲ၊ တောင့်တလို့ရှိယင်တော့ ဒီပြင် အကျိုးတွေလဲ ရနိုင်ပါတယ်။

## လိုရင်းဆုတောင်းအညွှန်းနှင့်နိဂုံး

အဲဒီလို တိတ်ရိကော်ဒါလှူခြင်းဆိုတဲ့ဓမ္မဒါန ဖြစ် တဲ့ အမြတ်ဆုံးအလှူကို လှူရခြင်း တိတ်ရိကော်ဒါ လှူ ခြင်းကို အကြောင်းပြုပြီးတော့ မွန်မြတ်သော ဘော ဇဉ်ခဲဘွယ်တွေကို သံဃာတော်တို့အား လှူရတဲ့ အ တွက် မတောင့်တတဲ့နဲ့ ငါးပါးသောအကျိုးကို ရနိုင် တဲ့ ဆွမ်းအလှူကို လှူရခြင်းအစရှိသော ဤကောင်းမှု တွေကြောင့် မတောင့်တတဲ့ လောကီအကျိုးတွေ ကို သူ့ဟာနှင့် သူပေးသွားမှာပါဘဲ၊ ဒါပေမဲ့ အဲဒီ အကျိုးတွေထက်ကောင်းတဲ့အကောင်းဆုံးအကျိုးက တော့ အိုခြင်းကင်းရာ၊နာခြင်းကင်းရာ၊သေခြင်းကင်း ရာ နိဗ္ဗာန်ဘဲ၊ ဒါကတော့အရေးကြီးတယ်၊ဘဝတိုင်း ဘဝတိုင်းဖြစ်လို့ရှိယင် အိုရ နာရ သေရမှာချည်းဘဲ၊ နိဗ္ဗာန်ရောက်မှ အဲဒီ ဘဝသစ်ဖြစ်ခြင်း၊အိုခြင်း၊ နာ ခြင်း၊ သေခြင်း၊ ဆိုတာတွေမှ ကင်းလွတ်သွားမယ်၊ ဒါကြောင့် အဲဒီဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာမြတ်ကို ဒီကနေ့ ပြုရတဲ့ ကုသိုလ်ကောင်းမှု တွေကြောင့် လျင်မြန်စွာရောက်ရပါစေ၊တွေ့ရပါစေ လို့ ပဓာနအားဖြင့် ရည်ရွယ်ဆုတောင်းပြီးတော့ ရေ စက်ချလှူဒါန်းရမယ်၊ ကိုင်း-ရေစက် ခွက်ကလေးတွေ ကိုင်ကြ၊ ကိုင်း-လိုက်ဆိုကြ။

## ရေစက်ချ

အရှင်ဘုရားတို့၊ တပည့်တော်တို့သည် အသက် ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာ များခြင်းအစရှိသော ကောင်းကျိုးချမ်းသာ မင်္ဂလာ အပေါင်းတို့ကိုဖြစ်စေနိုင်သော ကုသိုလ်ကောင်းမှုကို ဆည်းပူးခြင်းငှာ အလိုရှိကြပါသည်ဖြစ်၍၎င်း၊ သံသ ရာဝဋ်ဆင်းရဲမှ ထွက်မြောက်၍ နိဗ္ဗာန်ကိုမျက်မှောက် ပြုရခြင်းအကြောင်းဖြစ်သော ဝိဝဋ္ဋနိဿိတ ကုသိုလ် ကို ဆည်းပူးခြင်းငှာ အလိုရှိကြပါသည် ဖြစ်၍၎င်း၊ သံဃာတော်အရှင်မြတ်တို့ကို ရိုသေစွာ ပင့်ဆောင်၍ မွန်မြတ်သော ဆွမ်းခဲဘွယ် ဘောဇဉ်တို့ကို သံဃာ တော်တို့အား ရိုသေစွာ ဆက်ကပ်လှူဒါန်းကျွေးမွေး ပူဇော်ပါကုန်၏ အရှင်ဘုရား။

ကြွရောက်လာသော မိတ်ဆွေ အပေါင်းတို့အား လဲ မွန်မြတ်သော စားဘွယ် သောက်ဘွယ် တို့ဖြင့် ကျွေးမွေး ပါကုန်၏ အရှင်ဘုရား၊ အထူး အားဖြင့် မြတ်စွာဘုရား၏ သာသနာတော် ရှည်စွာ တည်တံ့ ခြင်း ထွန်းကားခြင်း ကြီးပွားခြင်း စည်ပင်ခြင်း အ ကျိုးငှာ၎င်း၊ တပည့်တော်တို့အား သံသရာဝဋ်ဆင်း ရဲမှ လွတ်မြောက်ကြောင်း၊ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြောင်း၊ဓမ္မဒါန ကုသိုလ်ကောင်း မှု အထူးဖြစ်စေခြင်းအကျိုးငှာ၎င်း၊ဤ တိတ်ရိကော် ဒါကို အခြံအရံ ပစ္စည်းတို့နှင့်တကွ အရှင်ဘုရားအား မြတ်စွာဘုရား၏ အဆုံးအမ သာသနဓမ္မတရား တို့ကို

# ထေရ်မြတ်မဟာစည်အရှင်

ဆရာတော် အရှင်ဇဋိလ-သိရိပဝရ+ဓမ္မာစရိယ+ပါဠိပါရဂူ

တင်ပြသည်

ဆဋ္ဌသင်္ဂါယနာတင်စဉ်အခါက
ပုစ္ဆက ဆရာတော်၏ ဂုဏ်ယက်

ဆဋ္ဌသင်္ဂါယနာ တင်စဉ်အခါက စာရေးသူမှာ စာမေးပွဲဖြေဆဲ စာသင်သား ရဟန်းငယ်ဘဝ၌ပင် ရှိသေး၏၊ ထိုအခါက ရေဒီယိုမှလာသော သင်္ဂါယနာ အမေး အဖြေများတွင် အခြားအရာများကို မရသော်လည်း "စူဠကမ္မဝိဘင်္ဂသုတ္တန်ဒေသနာတော်ကို အဘယ်အရပ်၌နာ အဘယ်ဒေသ၌ အဘယ်ပုဂ္ဂိုလ် ဟောကြားရာ၌ အကူအညီ အဖြစ်ဖြင့် အသုံးပြုရန် အလို့ငှာ ရေစက်သွန်းချ၍ လှူဒါန်းပါကုန်၏ အရှင်ဘုရား၊ ဓမ္မဒါနမြောက်သော ဤတိတ်ရိကော်ဒါ အလှူဒါနကို ရေစက်သွန်းချလှူဒါန်းပါကုန်၏ အရှင်ဘုရား။

ဤကောင်းမှု အပေါင်းသည် အာသဝေါတရား ၄-ပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်နိဗ္ဗာန်ကို ရွက်ဆောင်ပါစေသတည်း။

ဤကောင်းမှုကြောင့် အကျွန်ုပ်တို့သည် ဘေးရန် အန္တရာယ် ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ကြဝေးကွာကြ၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း၊ အခြွေအရံများခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်း အစရှိသော လိုလားတောင့်တအပ်သော လောကီလောကုတ္တရာ ကောင်းကျိုးချမ်းသာမင်္ဂလာ အပေါင်းတို့နှင့် အခါခပ်သိမ်းပြည့်စုံကြ၍ ဆင်းရဲခပ်သိမ်းတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာရောက်ရပါလိုကုန်၏ အရှင်ဘုရား။

ဤကောင်းမှု ကုသိုလ်၏ အဘို့တို့ကို အမိ အဖ ဆရာသမားတို့အားရင်း၊ အဆွေအမျိုး တို့အားရင်း၊ ဤအရပ်၌ရောက်ရှိနေသော ပရိသတ်အပေါင်းအားရင်း၊ အကျွန်ုပ်တို့၏ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ လောကကို စောင့်ရှောက်သောနတ်၊ သာသနာတော်စောင့်နတ်၊ သိကြားမင်း၊ ယမမင်း အစရှိသော နတ်အပေါင်း တို့အားရင်း၊ အလုံးစုံသော သတ္တဝါအပေါင်းတို့အားရင်း၊ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှ ပေးဝေပါကုန်၏၊ အလုံးစုံသောသတ္တဝါ အပေါင်း တို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ပါစေကုန်သတည်း။

(အမျှ-အမျှ-အမျှ ယူတော်မူကြပါကုန်လော့)

(သာဓု-သာဓု-သာဓု)။

ကို အကြောင်းပြု၍ အဘယ်သို့သော အကြောင်း ဝတ္ထုကြောင့် ဟောကြားတော်မူခဲ့ပါသလဲ ငါ့ရှင်" ဟူသော အပိုဒ်ကိုမူ ကောင်းစွာရရှိသာမက မဟာစည် ဆရာတော်ဘုရား၏ လေယူ လေသိမ်း မျိုးကို အတုယူကာ ဟန်နှင့်ပန်နှင့် မကြာခဏ ရွတ်ဆိုလေ့ ရှိလေသည်၊ ရွတ်ဆိုရသည်ကိုလည်း သဘောကျ နေ၏။

၎င်း သင်္ဂါယနာတင် အမေးကို ကြားရသည့် အချိန်မှစ၍ " မဟာစည် ဆရာတော် " ဟူသော အမည်ကို သိခဲ့လေသည်၊ ထိုအခါက သင်္ဂါယနာ တင် အမေးမှာ လူတိုင်း၏ပါးစပ်ဖျားတွင် အတော် ရေပန်းစားခဲ့၏၊ မည်မျှလောက်အထိ ရေပန်းစားခဲ့ သနည်း - ဟူမူ တဆင့် ကြားရသည်မှာ တခါက မန္တလေးမြို့တွင် ပြုလုပ်သော ဘောလုံးပွဲ၌ ရဟန်း တပါးက ရှေ့ကနေ ထီးဆောင်းပြီး ကြည့်နေရာ ကွယ်နေသဖြင့် မမြင်ရသော နောက်က လူများက "ဘောလုံးပွဲကို ဤကဲ့သို့ ထီးဆောင်း၍ကြည့်ရမည်- ဟု အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ အဘယ်သို့ သော အကြောင်းဝတ္ထုကြောင့် အဘယ်ဘုရားက ဟောကြားခဲ့ပါသနည်း ငါ့ရှင်" ဟု ပြောဆိုကြ အထိပင် ဖြစ်ပါသတဲ့။

## ပတ္တမြားမှန်လျှင်

ဤကဲ့သို့ မဟာစည်-ဟူသော အမည် တဟုန်ထိုး ကျော်ကြားလာသောအခါ လောကဓမ္မတာအတိုင်း မနာလိုသူတို့ ဝိုင်း၍ နှိမ်ကြလေသည်၊ မဟာစည်ကို ပုတ်ခတ်ရေးသော ဆောင်းပါးများ, စာအုပ်များ ထွက်လာရုံသာမက ၎င်းမှာ ရဟန်းတော်များ စာ မေးပွဲလောကထဲသို့ပင် ဂယက်ရိုက်လာတော့သည်၊ စာချတန်း မြန်မာ ဂုဏ်ထူးကျမ်း ပုစ္ဆာများတွင် "ယခုခေတ် ဖောင်းပိန် ကမ္မဋ္ဌာန်းများသည် ဘုရား ဟောနှင့် ညီမညီ ၎င်းကို အားထုတ်၍ တရားရနိုင် မရနိုင် သာဓကပြ၍ ပြဆိုခဲ့ပါ" ဟုပင် စာမေးပွဲ အမေးများ ထွက်လာလေသည်၊ မည်သို့ပင် ဝိုင်းနှိမ် ကြသော်လည်း မဟာစည် ဟူသော အမည်ကား ပျောက်ကွယ်မသွားပေ။

"ပတ္တမြားမှန်လျှင် ညွှ်ပင်နှစ်စေတော့ မညစ်တဲ့ အရောင် တိုးလို့သာပြောင်" ဟူသော စကားပုံကဲ့သို့ ပြည်တွင်းပြည်ပ နှစ်ဌာနလုံးတွင် ပို၍ပင် ကျော် ကြားလာလေသည်။

## ကာယဗလပြည့်စုံ

စာရေးသူသည် ၁၃၂၈-ခုနှစ်၌ အကြောင်း အားလျော်စွာ ပြန်ကပြေးရွာမှ ကျောင်းဒါယကာ များ၏ ပို့ဆောင်ချက်အရ တရား အားထုတ်ရန် ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာသို့ ရောက် လာရလေသည်၊ ထိုအခါကျမှ ယခင်က ဘွဲ့မည်သာ ကြားဘူးကာ တခါမျှ မဖူးမြင်ခဲ့ဘူးသော လုံးရပ် ညီညာ သာမန် ပုဂ္ဂိုလ်တို့ထက် ထွားကြိုင်းလှစွာ သော မဟာစည် ဆရာတော်ဘုရားကြီးကို ကိုယ်တိုင် ကိုယ်ကျ ဖူးမြင်ရပါတော့သည်။

ကိုယ်ခန္ဓာအနေအထားကိုလိုက်၍ ပကတိပုရိသ, မဇ္ဈိမပုရိသ, ဥတ္တမပုရိသ-ဟု သုံးမျိုးသုံးစားခွဲထား ရာတွင် မြတ်စွာဘုရား ပွင့်တော်မူစဉ်အခါက ရှင် တော်ဘုရားသည် ရူပကာယ ထွားကြိုင်းလှသဖြင့် ဥတ္တမပုရိသ ဖြစ်တော်မူသလို ယခုခေတ် အခါမျိုး တွင် မဟာစည် ထေရ်မြတ်အရှင်သည်လည်း ရူပ ကာယ ထွားကြိုင်းလှသဖြင့် ဥတ္တမပုရိသ ဆိုလောက် ပါပေသည်။

ပရိသတ်အလယ်တွင် ထည်ဝါခန့်ညား ထင်ရှား လှပါ၏၊ သံဃပရိသတ်ထဲတွင် အဘယ်ဟာ မဟာ စည်ဆရာတော်ဘုရားဖြစ်သည်-ဟု ပြောနေစရာမလို၊ မြင်ရရုံနှင့်ပင် ကွဲကွဲပြားပြား သိရှိနိုင်ပါသည်။

တခါက ဆရာတော်ဘုရားကြီး၊ ဆရာတော် ဦးသံဝရ၊ စာရေးသူတို့ သုံးပါးသည် ငါးသိုင်း ချောင်းမြို့သို့ ဖောက်ကြရာ စောင်းတန်းမှ သည် မဏ္ဍပ်ရှိသို့အသွားတွင် ဆရာတော်ဘုရားကြီးက ရှေ့ ဆုံးမှကြွ၍ ၎င်းနောက်မှ ဆရာတော်ဦးသံဝရ၊ ၎င်း နောက်မှ စာရေးသူက လိုက်ပါ၏၊ ဆရာတော်ဦးသံ ဝရမှာ ဆရာတော်ဘုရားကြီးအောက် လက်နှစ်သစ် ခန့် အရပ်နိမ့်၍ စာရေးသူမှာ ဆရာတော်ဦးသံဝရ

အောက် လက်နှစ်သစ်ခန့် နိမ့်ပါသည်၊ ထိုကဲ့သို့ သုံးပါး တန်း၍ကြွကြရာ လမ်းဘေးက ဖူးမျှော်ကြသော လူငယ်များက "ဟာ - ဘုန်းကြီးကြီးတွေ အကြီးကြီးတွေချည်းပဲဟာ၊ ဒို့ဆီမှာ ဒီလောက်ကြီးတဲ့ ဘုန်းကြီးတွေ မရှိဘူး" ဟု ပြောဆိုကြသည်ကို စာရေးသူ ကြားခဲ့ရပါသည်။

စာရေးသူမှာ အင်္ဂဝိဇ္ဇာဆရာ မဟုတ်သော်လည်း "ဘုန်းကံကြီးမားသူ-ဟူသည် ဥပဓိရုပ် ကောင်းရမည်၊ ၃၂-ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာများတွင် အချို့သောလက္ခဏာများ ပြည့်စုံရမည်" ဟူသော ငယ်ဆရာများ သင်ကြားထားသည့် စကားကို မှတ်သား၍ ထင်ရှားသော ပုဂ္ဂိုလ်တိုင်းကို မိမိ ဉာဏ်မှီသမျှ အကဲခတ်လေ့ရှိရာ မဟာစည် ဆရာတော်ဘုရား၌ အောက်ဖော်ပြပါလက္ခဏာများ ပြည့်စုံသည်ကို တွေ့ရပေသည်၊ ၎င်းတို့မှာ—

၁။ အညီအညွတ် အောက်သို့ထိသောခြေဖဝါး ရှိခြင်း၊

၂။ ရှည်သွယ်သော ခြေချောင်း လက်ချောင်း ရှိခြင်း၊

၃။ နူးညံ့ပျော့ပျောင်းသော ခြေဖဝါး လက်ဖဝါး ရှိခြင်း၊

၄။ ဖြောင့်မတ်သောကိုယ် ရှိခြင်း၊

၅။ ခြင်္သေ့၏ရှေ့ပိုင်းကဲ့သို့ တောင့်တင်းသော ရှေ့ပိုင်း နောက်ပိုင်း ကိုယ်ရှိခြင်း၊

၆။ ပြည့်သော ကျောက်ကုန်းရှိခြင်း၊

၇။ ဝါရွှေသော ကိုယ်အရေအဆင်းရှိခြင်း၊

၈။ ခြင်္သေ့မင်း၏မေးနှင့်တူသော မေး ရှိခြင်း၊

၉။ ဖြူသော သွား ရှိခြင်း၊

၁၀။ လက်ဖမိုး, ခြေဖမိုး, ပုခုံးစွန်း, လည် ဂုတ်တို့ ပြည့်ဖြိုးခြင်းတို့ ဖြစ်လေသည်။

## ဉာဏဗလ စုံပြည့်ဝ

ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် ဝိပဿနာရှုနည်း ကျမ်းများနှင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ နိဿယ စသော ကျမ်းပေါင်း နှစ်ဆယ်ကျော်မျှကို တွေ့မြင်ရသောအားဖြင့် ဆရာတော်ဘုရား၏ ဉာဏဗလ ပြည့်ဝပုံကို ခန့်မှန်း နိုင်ပေသည်၊ အထူးသဖြင့် ဘာရသုတ်ကဲ့သို့သော ဘုရားဟော ပါဠိတော်သုတ်တိုကလေးများကို သွယ်သွယ် ကားကား အကျယ်အားဖြင့် သူတပါးနားလည်အောင် ဟောပြောရေးသားတော်မူရာ၌ သူမတူအောင် စွမ်းလှ ပေသည်၊ ထို့ကြောင့် မန္တလေးမှထင်ရှားသောဆရာတော်ကြီးတပါးက "မဟာစည်ဟာ ဟောတာထက်ရေးတာက ပို၍ပင် ကောင်းသေးသည်၊ သုတ်တိုကလေးများကို အကျယ်ချဲ့ရာမှာသူ့ကိုမှီဘို့မလွယ်ဘူး၊ဝိပဿနာပိုင်းဆိုယင် ပိုလို့တောင် ချဲ့နိုင်သေးသည်" ဟု မှတ်ချက်ချသည်ကို စာရေးသူကိုယ်တိုင် ကြားခဲ့ရဘူး ပေသည်။

ဆရာတော်ဘုရားသည် ပရိယတ်, ပဋိပတ်, နှစ်ရပ်စွယ်စုံဖြစ်ရုံသာမက ဘာသန္တရစာပေ များ၌လည်း ကျွမ်းကျင်တော်မူလေသည်။

## နာယကဂုဏ် လွန်ပြည့်စုံ

ဆရာတော်ဘုရားကြီး၌ အရာရာတွင် သည်းခံနိုင်သည့် ခန္တီအလေ့ သည်းတင်းပြည့်ကျပ်ပြည့်ရှိနေသည်ကို တွေ့ရ၏၊ စာရေးသူသည် တခါက ဆရာတော်ဘုရားကြီး၏ ပစ္ဆာသမဏ အဖြစ်ဖြင့် မြန်မာပြည်အောက်ပိုင်း တနေရာသို့ လိုက်သွားဘူး၏၊ ထိုမြို့ရှိ ရိပ်သာက ရိပ်သာဆရာတော် ပျံလွန်တော်မူ၍ ကမ္မဋ္ဌာနာစရိယတပါး တောင်းသဖြင့်ရန်ကုန်သာသနာ့ရိပ်သာမှ ကမ္မဋ္ဌာနာစရိယတပါး ပို့ပေးလိုက်ရာ ရောက်သွားသောအခါ "ရဟန်းတော်များ ဝိနည်း၌ မတာသန္တကသည် သံဃိကသာဖြစ်သည်" ဟုပင် မသိရှာသော ယခင် ပျံလွန်တော်မူခဲ့သော ဆရာတော်၏ မြေးရဟန်းငယ်က သူ့ဘိုးကျောင်း သူသာဆိုင်သည် ဆိုကာ ကျောင်းလုနေသည် ဆို၏။

ဆရာတော် ဘုရားကြီးနှင့် စာရေးသူတို့ ရောက်သွားသောအခါ နှုတ်ဖြင့် ပုတ်ခတ် ပြောဆိုခြင်း, ဟောနေသော တရားပွဲ ပျက်အောင် အသံချဲ့စက်

# မဟာစည် ဆရာတော်သို့

ဒေါ် မေဒီ မှ

ဆုထူးပန်ဆရာတော်အရှင်နာယက—သိရိပဝရ—ဝမ္ပာဝရိယ—ဒိဃနိကာယကောဝိဒ

တင် ပြ သည်

ယနေ့ဆိုလျှင် ဗုဒ္ဓရှင်တော်ဘုရား ပရိနိဗ္ဗာန် ပြုသွားတော်မူသည်မှာ နှစ်ပေါင်း ၂၅၁၈-နှစ် ကြာခဲ့ပေပြီ၊ မည်သူမျှမျက်မြင်ကိုယ်တွေ့ မဖူးမြင်ရတော့ပါ၊ သို့သော် ဗုဒ္ဓရှင်တော်ဘုရားအား ကြည်ညိုပြီးယင်း ကြည်ညိုယင်းသာ ဖြစ်ကြပါသည်၊ အဘယ်ကြောင့်နည်း၊ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော တရားများကြောင့် ဖြစ်ကြောင်း ရှင်းနေပါသည်၊ ကြာရိုးကြာနွယ်ကိုမြင်၍ ရေကန်၏ အတိမ်

---

အော်လန် လှည့်၍ အနီး၌ဖွင့်ခြင်း, စသည် တို့ဖြင့် နှောက်ရှက် သော်လည်း ဆရာတော်ဘုရားကြီးသည် မျက်နှာမပျက် သည်းခံလျက်သာ နေသည်ကို တွေ့ရပါသည်။

ဆရာတော်ဘုရားမှာ ပြောဆို ပြုလုပ်ရာတိုင်း၌ သတိထက်ချပ်ပါ၍ အရာရာတိုင်းတွင် ရှေ့ဆောင်ရှေ့သွားလျက် နိုးကြားသော ဇာဂရိယဂုဏ်လည်း ရှိပေသည်။

ၚင်းပြင် တပည့်များထက် လွန်စွာ ထကြွလုံ့လရှိခြင်း ဥဋ္ဌာနဂုဏ်, ရသမျှပစ္စည်းများကို သိမ်းမထားပဲ လျောက်ပတ်လျော်ကန် တော်တန်သလို ခွဲစိတ်ချီးမြှောက် ထောက်ပံ့ တတ်ခြင်း သံဝိဘာဂဂုဏ်, သူတပါးတို့အား ကိုယ်နှင့်မခြားသနားကြင်နာတတ်သော ဒယာဂုဏ်,တွေးတောမြော်မြင် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံခြင်း၊ ဣက္ခဏာဂုဏ်, ဤဆိုခဲ့ပြီးသော နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံသည်ကို နီးနီးကပ်ဆည်းကပ်ဘူးသူတိုင်း တွေ့နိုင်ပေသည်။

ဓူရနှစ်ပါး လုံ့လထား

"ရဟန်းကိစ္စ၊ နှစ်ဓူရ၌၊လုံ့လအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို၊ ခင်ပျို ကြီးပွားကြောင်း" ဟူသော ပညာရှိကို အဆိုနှင့်အညီ ဆရာတော်ဘုရားကြီးသည် ရဟန်းတို့ကိစ္စဖြစ်သည့်ဂန္ထဓူရ, ဝိပဿနာဓူရ-နှစ်မျိုးလုံး၌ပင် အားထုတ်မှု ကြီးမားလှ၏၊ၚင်းပြင် ဟိတ်ကြီး ဟန်ကြီးလည်း လုပ်လေ့မရှိချေ၊အများရှေ့ကမျိုး၊ကွယ်ရာတမျိုးမဟုတ်၊ ပြောသလိုလုပ်၍ လုပ်သလိုသာပြောလေ့ရှိ၏၊ ဤအချက်နှင့်ပတ်သက်၍ စာရေးသူအား ခရမ်းဘက်မှ ဆရာတော်တပါးက "မဟာစည်ဟာအနေတယ်မှန်တာပဲ၊ မဟာစည်ဆရာတော်ကို အပြင်မှာပဲကြည့်ကြည့် သူ့နေရာကိုပဲ သွားချောင်းကြည့်ကြည့် အတူတူ တသဘောထဲပဲ တွေ့ရတယ်"ဟု ပြောကြားသည်ကို မှတ်သားရဘူးပေသည်။

ထိုမှတပါး ပစ္စည်းမသို၊စိတ်မတို-ဟူသောရဟန်းတော်တို့ ကြီးပွားကြောင်း ဂုဏ်အချက်တို့နှင့်လည်း ပြည့်စုံလှက်ညီလျက်ရှိပေရာ အဘယ်မှာလျှင် သူငါကစ တိုးသားပြည်သူ ပိုလ်လူအများ မလေးစားပဲ ရှိပါတော့အံ့နည်း။ လေးလေး စားစား ကိုးကွယ် အားထားလျက် ဆည်းကပ်ကြည်ညိုကြမည်သာ ဖြစ်ချေတော့သည်တကား။

အနက်ကို သွားကြည့်စရာမလိုဘဲ၊ ပညာရှိသည် အ တတ် သိနိုင်သကဲ့သို့ တရားကိုကြည့်၍ ၎င်းတရားရှင်ကို ပညာရှိသည် သိနိုင်ပေသည်၊ နှစ်ပေါင်း ၂၅၁၈ တိုင်တိုင် ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓရှင်တော်ဘုရားကို မျက်မြင်ဒိဋ္ဌ ကိုယ်တိုင် မည်သူမျှ မဖူးတွေ့ရဘဲ ကြည်ညိုနေကြခြင်းသည် ဓမ္မမှ ထောက်ဆ၍၊ ကြည်ညိုနေကြခြင်းဖြစ်ရာ "ဗုဒ္ဓရှင်တော်ဘုရားသို့ အဝေးမှ"ဟု ဆိုနိုင်ပေလိမ့်မည်။

## မဟာစည်ရိပ်သာ၌အနေကြာပါ၏ သို့သော် အဝေးမှသာ

စာရေးသူသည် ၁၃၁၉-ခုနှစ် ၁၀-ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲ၌ အာဂုံ ပြန်ဆိုစဉ်ကရင်း၊ ၂၀-၂၁ ခုနှစ် ရေးဖြေ ဖြေဆိုစဉ်ကရင်း မဟာစည်သာသနာ့ရိပ်သာ၌ လ,သေ လဆန်း အကြာကြီး နေဖူးပါ၏၊ တိပိဋကဓရဝင် အရှင်မြတ်များ အောင်စာရင်းစောင့်ယင်း ထိုစဉ်ကဥက္ကဋ္ဌကြီး ဆာဦးသွင်၏ ဆွမ်း ကွမ်း အထောက်အပံ့ အကျိုးတော်ဆောင် မင်္ဂလာဦးအောင်မြင့်၏ အစီအစဉ်ဖြင့်၎င်း ရိပ်သာ၌ ပင် တရားအားထုတ် နေကြဘူးပါသည်၊ သို့သော် စာရေးသူသည် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ပုဂ္ဂိုလ်အရ ဝင်ထွက် ဆည်းကပ် ရင်းနှီးမှု မရှိပါ၊ အကြောင်းကား စာရေးသူ၏ဝါသနာ၊ လုပ်ပါ ဆိုသော အလုပ်တခု၌ ဘာသာဘာဝ မြုပ်နေတတ်သောကြောင့် ဖြစ်ပါသည်၊ သို့သော် စာရေးသူသည် ရှင်သာမဏေ ဘဝကပင် မဟာစည် ဆရာတော်ဘုရားကြီး၏ စာပေကို ဘတ်ရှု၍ "မဟာစည် ဆရာတော်ဘုရားသို့ အဝေးမှ" ဓမ္မအားဖြင့် ကြည်ညိုအားကိုး ရင်းနှီးပြီး ဖြစ်နေပေပြီ။

## မဟာစည်ဆရာတော်သို့ သာမဏေဘဝမှ

စာရေးသူ၏ ငယ်ဆရာသည် တောကျောင်း နေရန် ဝါသနာကြီး၏၊ စာရေးသူကို ငယ်စဉ်ကပင် သူနေသော တောကျောင်းသို့ခေါ်ထား၏၊ ငယ်ဆရာ၏ လက်စွဲ ဗိပဿနာစာအုပ်ကား မင်းကွန်း ဆရာတော် ဘုရားကြီး၏ တပည့်ကြီး ဆရာကြီး ဦးမြတ်ကျော်၏ ဂမ္ဘီရတ္ထပကာသနီ သတိပဋ္ဌာန်အမှတ်တရား စာအုပ် ဖြစ်ပါသည်၊ ၎င်းကျမ်းစာအုပ်ကို ၎င်း၏ ဆရာ့ထံမှ ပြန်လွှန်တော်မူသောအခါ အမွေရထားလိုက်ခြင်း ဖြစ်ပေသည်၊ ငယ်ဆရာသည် စာရေးသူအား မိမိကိုယ်တိုင်အားထုတ်သည့် ၎င်းအမှတ်တရားကို အနည်းငယ်စီ အားထုတ်ခိုင်းသည်။

## ပစ္စယသန္နိဿိတသီလ

စာရေးသူသည် ဝိတက်အတော်များ၏၊ အသေးအဖွဲ့ပင်ဖြစ်သော်လည်း ကြံစီမိလျှင် အမျှင် မပြတ်တော့ပြီ၊ တရားအားထုတ်ယင်း အတွေး အကြံများ ကဝင်လာသည်၊ ကိုယ်ရင်ကလေးများ ဖတ်မှတ်ရသည့် ရှင်ကျင့်ဝတ် မူဟောင်း၊ ၎င်း၌ပါသော ပစ္စယသန္နိဿိတသီလ ခေါ် ပဋိသင်္ခါယောနိသော ပုတီးချ လေးပုဒ်၊ ဝါ၊ ပုတီးစိပ်အကြောင်းတည်း၊ ၎င်းပစ္စယသန္နိဿိတသီလ မလုံခြုံလျှင် ဝါ၊ တနေ့တွင် တကြိမ်မျှ အနည်းဆုံး ပဋိသင်္ခါယောနိသောဖြင့် ပုတီးမစိပ်မိလျှင် ၎င်းကိုယ်ရင်သည် တရားအားထုတ်၍ မရရတော့သည့်အပြင် သေလျှင် ငွားဖြစ်မည်-ဟူသော အဆိုအမိန့်၊ ၎င်းအဆိုအမိန့်ကလည်း ဝိသုဒ္ဓိမဂ် မဟာဋီကာ၌လာသော အဆိုအမိန့်၊ ဤတွင် တွေးကြံတတ်သူပီပီ ခက်ချေပြီ၊ တရားအားထုတ်၍ ဆိတ်ငြိမ်လေ၊ တွေးလေ၊ မဆုံးဖြတ်နိုင်လေ၊ တွေးမဆုံးလေ၊ မနိုင်ဝန်ထမ်းရသကဲ့သို့ မတင်မကျကြီးဖြစ်လေ၊ အတော်ကြီး ပင်ပန်းနေပြီးဖြစ်လေ။

မည်သည့်ကိုယ်ရင်သည် တခါတလေတွင် ပုတီးမစိပ်မိဘဲ၊ အရဟတ်ကျော်တက်ခြင်းမှ လွတ်ပါမည်နည်း၊ ကိုရင်ကိုအသာထား၍ ရဟန်းကော၊ မလွတ်နိုင်ပါ၊ ဤသို့ ပုထုဇဉ်ပီပီ သတိလွတ်ပေါ့ရှိမှုဖြင့် နိဗ္ဗာန်မရနိုင်ရုံတင်မက၊ သေလျှင် ငွားဖြစ်ရအုံးမည်ဆိုသည်ကို လက်မခံနိုင်သော်လည်း၊ မဟာဋီကာ၏ အဆိုအမိန့်စာကို မကျော်လွန်နိုင်၊ မချင့်ချိန်တတ်၊ ဆရာအား လျှောက်ထား၍ အားမရ၊ စိတ်နှစ်ခွဖြင့် နေမထိ ထိုင်မသာ ဖြစ်ရရှာသည်၊ ငယ်ရွယ်သော

သာမဏေဖြစ်၍ မေ့ကာလျော့ကာနှင့် နေ၍သာ တော်တော့သည်၊ ပြဿနာမှာ ရံခါ မေ့လျော့ ပျောက်နေသလို ရှိသော်လည်း ကိုရင်ကြီး ဘဝ သို့ ရောက်လာသောအခါ၌ကား၊ ငယ်ငယ်ကကဲ့သို့ မမေ့တော့ပေ၊ အလေးအနက် အတွေးဝင်လာခဲ့ ပေပြီ၊ ထိုမပြေလည်နိုင်သောပြဿနာသည် ခြောင့် တခု စူးဝင်နေသလို ဖြစ်နေတော့သည်၊ ရင်ထဲတွင် မတင်မကျ မျိုမကျ ထွေးမရဘဲ စိတ်မပြောင့်နိုင် အောင်ပင် ဖြစ်ရတော့သည်။

## ခြောင့်တသင်းကို နုတ်ပယ်ရှင်းမည့် ကျမ်း

မဟာစည်ဆရာတော်ဘုရား ရန်ကုန်သို့ကြွရောက် ကာ ကုက္ကိုင်း ဟာမစ်တိတ် သာသနာ့ရိပ်သာတွင် တရားပြသ သာသနာပြု၍ မကြာမီပင်၊ ၁၃၁၁-ခု လောက်တွင် မဟာစည်ဆရာတော်ဘုရား ပြုစုသည့် သတိပဋ္ဌာန် လက်တွေ့ တရားအားထုတ်နည်း ကျမ်း ကြီး နှစ်ဆူ စာရေးသူတို့၏ နယ်သို့ ပြန့်နှံ့လာပါ တော့သည်၊ ၎င်းကျမ်းနှစ်တွဲအနက် ပထမတွဲ၌ ဤ ပစ္စယသန္နိဿိတ သီလအခန်းကို ဆရာတော်သည် ကျမ်းတကျမ်းတမျှ အကျယ်တဝင့် ခိုင်ခိုင်ခန့်ခန့် ခိုင်ခိုင်လုံလုံ ဆုံးဖြတ်ပြထားရာ စာရေးသူ၏ ခြောင့် တသင်းမှာ ရှင်းရှင်းကြီး ကွာကျသွားရလေပြီ၊ ဝမ်း သာလိုက်သည့်ဖြစ်ခြင်း၊ “အဇ္ဈတ္တ ဝတမေသလ္လံ ဿဋ္ဌ သိတ္တံဝပါဝကံ၊ ကြာမြင့်စွာစူးဝင်နေသော ခြောင့် ကို နုတ်ပယ်အပ်ပြီတကား။ ခေါင်း မီးလောင်နေ သည်ကို ရေစင်တရားဖြင့် သွန်းလောင်းလိုက်လေပြီ တကား”ဟု အားရပါးရကြီး ဆရာတော် ဘုရား အား အားကိုးကြည်ညိုလိုက်မိပါတော့သည်၊ စာရေး သူ၏ သေးငယ်လှသော အတွေ့အကြုံအရ ဤနည်း ဤပုံ ပစ္စယသန္နိဿိတသီလ အဆုံးအဖြတ်မျိုးကို ဤသာသနာ၌ ဤတကျမ်းသာ တွေ့ဘူးပါသည်၊ ဆရာတော်သည် စာရေးသူအတွက်ပင် ဤအခန်း ကို ဤမျှအကျယ်တဝင့် ရေးသားဆုံးဖြတ်ပေးရော့ သလားဟု အချောင် အထင်ကြီးမိလိုက် ပါသည်၊ အမှန်မှာ ချောင်၌ကပ်နေသော အရေးကြီးသော ပြဿနာကို နှိုက်ချွတ်မြင်တတ်သော ဆရာတော်ကြီး ၏ စေ့စပ်စူးရှမှုသာ ဖြစ်ပါလိမ့်မည်။

## ယင်းအခန်း၏ဆိုလိုယင်

၎င်းအခန်းမှာအလွန်ကျယ်ဝန်းပါသည်၊ အပြည့် အစုံကို လိုပါက ကျမ်းရင်း၌ရှုပါ၊ ဤ၌ လိုယင်း ထုတ်ပြရလျှင် “ရဟန်းသာမဏေများ၏ (၁) ပါတိ မောက္ခသံဝရသီလ (၂) ဣန္ဒြိယသံဝရသီလ (၃) အာဇီဝပါရိသုဒ္ဓိသီလ (၄) ပစ္စယသန္နိဿိတသီလ ဤ ၄-မျိုးတို့တွင် ပါတိမောက္ခသံဝရသီလသည်သာ လျှင် ပဓာနဖြစ်သည်၊ ၎င်းသီလ လုံးလုံး မပျက်စီး သေးလျှင် ဝါ၊ ပါရာဇိက မကျသေးလျှင် ကျန်သီလ များ ပျက်စီးသော်လည်း ပြုစင်အောင် ပြန်လည် ပြုလုပ်၍ ရနိုင်ကြောင်းနှင့် ပစ္စယသန္နိဿိတသီလ ပျက်ရုံမျှဖြင့် တရားအားထုတ်၍မရဘဲ၊ သေလျှင် နွားဖြစ်ရမည်ဆိုသည်မှာ မဟုတ်ကြောင်း ပစ္စယ သန္နိဿိတသီလမလုံခြုံလျှင် ပစ္စည်းအပေါ် ေလော ဘ တပ်နေသည်ဖြစ်၍ တရားကို အနှောင့်အယှက် ဖြစ်နိုင်ကြောင်း၊ သတိပဋ္ဌာန်အလုပ်ကို ဒိဋ္ဌိ အား ထုတ်နေလျှင် ပစ္စယသန္နိဿိတသီလအတွက် သီးသန့် ပင် ပြုလုပ်နေစရာမလိုကြောင်း”တို့ ဖြစ်ပေသည်။

## နှလုံးသားအစားထိုး ကုသမှု

ဗုဒ္ဓဘာသာကျမ်းဂန်များ၊ ဝါ၊ အဋ္ဌကထာများ အရ မနောဝိညာဏ်စိတ်သည် နှလုံးသား ဟဒယ ဝတ္ထုရုပ်၌ မှီ၍ဖြစ်သည်ဟု စွဲမြဲစွာ နားလည် လက်ခံ ထားကြသည်၊ သိပ္ပံပညာ၏ တိုးတက်လာကြောင့် ၎င်းစိတ်၏မှီရာဖြစ်သော နှလုံးသားကို ထုတ်၍ အ ခြား နှလုံးသားတခု (သေပြီးစ ၏ နှလုံးမှ) အစားထိုး လဲလှယ်ကုသမှု ကုထုံး ပေါ်ပေါက်လာ သည်၊ မအောင်မြင်သေးလောက် အောင်မြင်နေ သည်၊ ဤတွင် မနောဝိညာဏ်စိတ်သည် နှလုံးသား ကို အမှီပြု ဖြစ်သည်ဟူသော အယူအဆကို ကိုင် လှုပ်လိုက်သော ပြဿနာပေါ်လာတော့သည်။

ပြဿနာ အားး—

၁။ နှလုံးသားကိုခွဲထုတ်လိုက်စဉ် ၎င်းလူ၏စိတ်သည် အဘယ်ကိုမှီ၍ တည်နေသနည်း။

၂။ ဘဝင် ဝိထိ မည်သည့်စိတ်မျှမဖြစ်ဘဲ လူ-ဟု ဖြစ်တည်နေနိုင်သလား။

၃။ သေပြီးစလူ၏ ခွဲထုတ်လိုက်သောနှလုံးသား၌ စိတ်မရှိတော့ပြီမဟုတ်လော။

၄။ ခွဲထုတ်ပစ်လိုက်သောကြောင့် နှလုံးသားမရှိတော့သော လူ၏ကိုယ်၌လည်း မည်သည့်စိတ်မျှမရှိ၊ လူသေ၏နှလုံးသား၌လည်း မည်သည့်စိတ်မျှမရှိတော့ပါဘဲလျက်၊ စိတ်အသစ် ဘယ်ကဝင်လာ၍ ဖြစ်သနည်း- စသောပြဿနာများကား နှလုံးသား၌ စိတ်ဝိညာဏ်မှီ၍ ဖြစ်ရသည်ဟူသော ပုဂ္ဂိုလ်များ အဘို့ ကြီးမားသော အဘိဓမ္မာဆိုင်ရာ ပြဿနာဖြစ်လာလေတော့သည်၊ ဤပြဿနာကြီးနှင့် ပတ်သက်၍ မဟာစည် ဆရာတော်ဘုရားကြီးသည် "အဲဒီ သိပ္ပံပညာတွေ ဆိုဒါ အလကားဟာတွေပါ၊ မိစ္ဆာဒိဋ္ဌိကောင်တွေ"ဟု အရမ်းမဝေဘန်ဘဲ၊ တည်တည် ခန့်ခန့် ကျမ်းဂန်နှင့်ပြလျက် ယူဆရမည့်နည်းကို ညွှန်ပြခဲ့လေရာ "ဩော်— ဒါကြောင့်ပင်လျှင် ဆရာတော်ဘုရားကြီးကို ကမ္ဘာ့ထိပ်တန်း ခေါင်းဆောင်ကြီးများဖြစ်သော ဦးသန့်လို ပညာရှိကြီးများက အားကိုး ကြည်ညိုကြဒါကိုး"ဟု ပို၍ အားရပါးရ ကြည်ညိုမိပါသည်။

## မဟာစည်ဆရာတော်၏ အဖြေ

(၁၃၂၄-နယုန်လ ဟောပဋိစ္စသမုပ္ပါဒ် ပ-ကျမ်း စ၁-၃၈၇ မှ) ဘဝင်နှင့်ကြံသိမှု မနောဝိညာဏ်စိတ်ဟာ ဟဒယရုပ်ဝတ္ထုကို မှီဖြစ်တယ်လို့ အဋ္ဌကထာဋီကာကျမ်းတွေမှာ ပြဆိုတဲ့အကြောင်း ရှေ့ပိုင်းက ပြောပြခဲ့ပြီးပြီ၊ အဲဒါနဲ့စပ်ပြီး စောဒကတက်စရာ ရှိနေပါတယ်၊ ဘယ်လိုလဲဆိုတော့ ယခုခေတ် အနောက်တိုင်း ဆရာဝန်တွေက မကောင်းတဲ့ နှလုံးသားကို ထုတ်ပယ်ပြီးတော့ သေပြီးခါစလူရဲ့ နှလုံးသား အကောင်းကို အစားထိုး စမ်းသပ်နေကြပါတယ်၊ အဲဒါဟာ အပြည့်အစုံ အောင်မြင်နေတယ်လို့ မဆိုရသေးသော်လဲ၊ ရက်ပိုင်းလောက်တော့ အသက်ရှင်နေတဲ့အကြောင်း ရေဒီယို စာနယ်ဇင်းတွေက ကြေညာနေပါတယ်၊ အဲဒီတော့ နှလုံးသားရုပ်ထဲမှာ ကြံသိစိတ် ဝိညာဏ် တည်မှီတယ် ဆိုတာ ဟုတ်ပါ့မလားလို့ ဒီလိုမေးခွန်း ပေါ်လာတယ်၊ အဲဒီမေးခွန်းမှာ ဖြေစရာ နှစ်ခုရှိပါတယ်။

၁။ ပထမနည်းကတော့ နှလုံးသားကိုဖြတ်ထုတ်လိုက်ပေမဲ့ သူ့အင်အား လုံးလုံးကြီး မပျက်သေးခင်မှာ အဲဒီနှလုံးသားဟောင်းထဲမှာဘဲ ဘဝင်စိတ် တည်နေနိုင်ဖွယ်ရှိပါတယ်၊ ဘယ်လိုလဲဆိုယင် အိမ်မျှောင်အမြီးပြတ်များ လှုပ်ရှားနေရာမှာ အသိစိတ်နှင့်မကင်းဘူးလို့ ယူသင့်သလိုပါဘဲ၊ နောက်ပြီးတော့ နှလုံးအသစ်နှင့် ကိုယ်ထဲက သွေး စပ်မိတဲ့အချိန်ကစပြီး အဲဒီ နှလုံးအသစ်ထဲမှာ ဘဝင်စိတ် ကြံသိစိတ် ဖြစ်သွားနိုင်တယ်လို့ ယူသင့်ပါတယ်၊ ဘယ်လိုလဲ ဆိုယင် လိုနေတဲ့နေရာမှာ အသားသစ် အစားထိုးခြင်း၊ အူစသည်ကိုဖြတ်၍ အသစ်များထည့်ခြင်း ပြုတဲ့အခါ အသားသစ်၊ အူသစ်၊ မျက်လုံးသစ် စသည်တွေထဲမှာ ကာယပသာဒရုပ် စက္ခုပသာဒရုပ်တွေ ဖြစ်သလိုဘဲလို့ ယူဆသင့်ပါတယ်။

၂။ ဒုတိယ နည်းကတော့ ပါဠိတော်နည်းပါဘဲ၊ ပဋ္ဌာန်း ပါဠိတော်မှာ မနောဝိညာဏ် စိတ်၏ တည်ရာ ရုပ်ကို "ယံ ရူပံနိဿာယ၊ အကြင်ရုပ်ကို မှီကုန်၏။ တံ ရူပံ၊ ထိုမှီရာရုပ်က မှီရာ အဖြစ်ဖြင့် စိတ်အားကျေးဇူးပြုတယ်"လို့ ဒီလို သာမညဘဲ ဟောခဲ့ပါတယ်၊ မည်သည့်နေရာက မည်သို့သောရုပ်လို့ အထူးဖော်ပြပြီး မဟောခဲ့ပါဘူး၊ ဒါကြောင့် အဲဒီ ပဋ္ဌာန်းပါဠိတော် အလိုအားဖြင့် ကိုယ်ထဲမှာ ရှိနေတဲ့ တနေရာရာကရုပ်ဟာ စိတ်၏မှီရာ တည်ရာ ဖြစ်တယ်လို့ ယူဆနိုင်ပါတယ်၊ နှလုံးသားထဲကရုပ်လဲ ဖြစ်နိုင်တယ်၊ ခေါင်းထဲကရုပ်လဲဖြစ်နိုင်တယ်၊ ဒီတော့ နှလုံးသားထဲကရုပ်ကို မှီရာအဖြစ်ဖြင့် သဘောမကျယင် ခေါင်းထဲကရုပ်ကိုလဲ မှီရာလို့ဆိုနိုင်ပါတယ်၊ ဒီ ပါဠိတော်နည်းအရဆိုယင်တော့ နှလုံးသားအသစ်လဲတဲ့ပြဿနာနဲ့စပ်ပြီး ရှုပ်ထွေးစရာမရှိတော့ပါဘူး။

## စကြာဝဠာ ကမ္ဘာ နေ လနှင့် မဟာစည်ဆရာတော်

ယခုအချိန်သည် သိပ္ပံခေတ်၊ သိပ္ပံ ထွန်းကား လွန်းလှသည်၊ ကမ္ဘာ နေ လ နက္ခတ်တာရာ အတိုင်းအတာ အကွာအဝေးတို့ကို တိတိကျကျ ရယူနိုင်ရုံတင် မကဘဲ၊ လ,သို့ပင် လူအရောက်သွားနိုင်သည်မှာ မဆန်းတော့ပေ၊ ဤသို့ သိပ္ပံပညာ စွမ်းပကား ကြီးမားလာခြင်းကြောင့် ဘာသာရေး အတွေးအခေါ်ပိုင်းက "ဒို့မျှား အားပျော့ရတော့မလား" ဟု တွေးပူကာ၊ သိပ္ပံပညာ၏ စွမ်းပကားကိုမယုံကြည်၊ လက်မခံလိုကြသူများ၊ သိပ္ပံပညာ၏ ယခုလို လ နေ နက္ခတ်နှင့် ပတ်သက်သော တွေ့ရှိချက်များမှာ ဘုရားဟောနှင့် ဆန့်ကျင်သလို ထင်မြင်ကြသည့် ပုဂ္ဂိုလ်များ ရှိကြပေသည်၊ အမှန်တရားသည် အမှန်တရားသာဖြစ်၍ ဗုဒ္ဓရှင်တော်ဘုရား၏ အမှန်တရားအပေါ်၌ သိပ္ပံပညာသည် အမှန်တရားကို ဖော်ထုတ်နိုင်စွမ်းသော ပညာရပ် အထောက်အကူသာ ဖြစ်ပေလိမ့်မည်၊ သို့သော် သိပ္ပံပညာဖြင့် ဖော်ထုတ်ပြချက်များကို သူ့အတိုင်းအတာနှင့် မှန်ကန်သည်ဟုသာ ယူဆရမည်၊ ဗုဒ္ဓဘာသာတို့တွင် မဇ္ဈိမပဋိပဒါ ဟူသော လမ်းမှန်ရှိပါသည်၊ ထိုလမ်းမှန်ဖြင့် အရာရာကို ချိန်စက်ရပါသည်၊ အထင်ကြီးခြင်း၊ အထင်သေးခြင်းတို့ကို ဖယ်ရမည်၊ အထူးသဖြင့်ကား ယခုခေတ်တွင် ကျဉ်းမြောင်းနေ၍မရ၊ တတ်နိုင်သမျှ လေ့လာသုတေသနပြုရမည်၊ အမြဲတမ်း တိုးတက်ဖွံ့ရှာ ရှင်သန်နေရမည်၊ ဤ၌ မဟာစည်ဆရာတော်ပြုစုသည့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် ဒုတိယအုပ် လောကဝိဒူ ဂုဏ်တော်ဖွင့်ကို ကောက်နုတ်တင်ပြပါမည်၊ ထိုလောကဝိဒူ ဂုဏ်တော်ဟူသည် မြတ်စွာဘုရားသည် လောကအလုံးစုံကို အကုန်သိတော်မူသော ဂုဏ်တော်ဖြစ်သည်၊ ထိုဂုဏ်တော်ကို အဋ္ဌကထာဆရာဖွင့်ပြရာ၌ စကြာဝဠာ ကမ္ဘာ နေ လ တို့၏ အတိုင်းအတာ လှည့်ပတ်သွားလာပုံ စသည်တို့ကို ဖွင့်ပြထားရာ ယခုခေတ် သိပ္ပံပညာ၏ အတွေ့အရှိဖြင့် ကွဲလွဲလျက်ရှိသည်၊ ထိုကိစ္စကို ဆရာတော် မှတ်ချက်ချရာ၌—

x x x စကြာဝဠာ ကမ္ဘာ လောကဓာတ် နေ လ နက္ခတ် ဇမ္ဗူသပြေပင် စသည်တို့၏ အခါသးစိပ် (အတိုင်းအတာ) စသည်တို့ကို ပါဠိတော်၌ မပြ၊ ဝိမုတ္တိမဂ္ဂခေါ်သော (အိန္ဒိယရေးဟု ယူဆအပ်သည့်) ဝိသုဒ္ဓိမဂ်၏ ရှေးဖြစ်သော အဋ္ဌကထာ၌လည်းမပြ x ဟု ဖြစ်ပါသည်။

## ကျမ်းစာ အယူအဆနှင့် မဟာစည်ဆရာတော်

မဟာစည်ဆရာတော်ဘုရားအား အားကိုးကြည်ညိုယုံကြည်ရှိသည့်အတိုင်း ဆရာတော့် ကျမ်းစာများကို အတော်များများ ဖတ်ပါသည်၊ ကျမ်းစာအယူအဆ စိစစ်ချက်နှင့်ပတ်သက်၍ အများထဲမှ အချက်တခုကို တင်ပြလိုပါသည်၊ ဆရာတော် ဟောကြားသည့် ဝမ္မိကသုတ် တရားတော်စာအုပ်တွင် ဉဒါန်းပါဠိတော်လာ၊ ဗာဟိယဒါရုစီယ အကြောင်း ပါရှိပါသည်၊ ၎င်းသုတ် ပါဠိတော်၌ ဗာဟိယသည် သုပ္ပါရကဆိပ်ကမ်းမှ သာဝတ္ထိသို့သွားရာတွင် "သဗ္ဗတ္ထ ဧကရတ္တိဝါသေန ယေနသာဝတ္ထိဇေတဝနံ အနာထပိဏ္ဍိကဿ အာရာမော တေနုပသင်္ကမိ" ဟု ပါဠိတော်ရှိရာ အဋ္ဌကထာ၌ ဗာဟိယဒါရုစီယသည် သုပ္ပါရကဆိပ်ကမ်းမှ သာဝတ္ထိသို့ (ယူဇနာ ၆၀-ခရီး) တညအိပ်ဖြင့် အရောက်သွားသည်၊ နတ် ပို့ဆောင်၍ ရောက်သည်ဟု ဖွင့်ဆိုသည်၊ ဤနေရာ၌ ပါဠိတော်စကားရပ်သက်သက်တွင် တညအိပ်ဖြင့် အရောက်သွားကြောင်းမဆို၊ ရောက်ရာဌာနတိုင်း၌ တညသာလျှင် အိပ်၍သွားသည်ဟု ပါလျက် အဋ္ဌကထာက တည၌တွင်းဖြင့် ထိုမျှသောခရီးကို အရောက်သွားသည်ဟု ဆိုကာ၊ ထိုမျှ ခရီးဝေးလွန်းလျှင် လူအနေဖြင့် ဘယ်နည်းနှင့်မျှမရောက်နိုင်သဖြင့် ဗာဟိယဒါရုစီယ ကို နတ်က ပို့ဆောင်သည်ဟု ဆက်လက်ဖွင့်ပြလေတော့သည်၊ ဤဖွင့်ဆိုချက်၌ ဆရာတော်ဘုရားကြီးက အဋ္ဌကထာဖွင့်ဆိုမှုကို ဝေဖန်ပြကာ ပါဠိတော် ရှိသည့်အတိုင်းပင်လျှင် ရောက်ရာဌာနတိုင်း၌ တည၌သာ အိပ်နား၍ နေ့တိုင်းဆက်ကာ သွားသောအားဖြင့် လူ့အားကို အစွမ်းကုန်ဆုံးသွားကြောင်း

ဟူသော အဓိပ္ပါယ်ကို ယူဆသင့်ကြောင်း မှတ်ချက် ချပြလေသည်။

## ကမ္ဘာကလက်ခံနိုင်သည်ဆိုလျှင်

ပုဂ္ဂိုလ်ဘဦးကို ကမ္ဘာက လေးစားလက်ခံသည့် တိုင်အောင် ဆိုလျှင် ထိုပုဂ္ဂိုလ်၏ ကြီးမားကျယ်ပြန့်သော အတွေးအခေါ်ကြောင့်သာ ဖြစ်ပေသည်၊ အချို့ပုဂ္ဂိုလ်သည် ထက်မြက်၏၊ သို့သော် ကျဉ်းမြောင်းအံ့၊ ထိုပုဂ္ဂိုလ်အား သူ့အစုကသာ လက်ခံ၍ အစုခေါင်းဆောင်သာ ဖြစ်ပေလိမ့်မည်။

မဟာစည် ဆရာတော်ဘုရား၏ အတွေးအခေါ်ကား စူးရှထက်မြက်ရုံမျှမက ကြီးမားကျယ်ပြန့်၏၊ ထို့ကြောင့် ကမ္ဘာကပင် လေးစားရသော ဘာသာရေး ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးအဖြစ် ရပ်တည်နေလေပြီ။

## ဆရာတော်တပည့်မှ ဆရာတော်သို့

စာရေးသူ ရေးသော ဆောင်းပါးတွင် တင်ပြစရာတချက် ကျန်ပါသေးသည်၊ အရှင်သာရိပုတြာအလောင်း ဥပတိဿသည် အရှင်အဿဇိမထေရ်ကို ဖူးတွေ့ရရာမှ၊ အရှင်အဿဇိ၏ ဆရာ့အထံ ဗုဒ္ဓ ရှင်တော်ထံ)သို့ ရောက်ကာ ပညာတေဒဂ်ရ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ခဲ့ရသည်၊ ဤကား ဗုဒ္ဓရှင်တော်သို့ အဝေးမှ ရှုမြင်ရာတွင် တပည့်မှ ဆက်သွယ်မှု မြင်မိပုံဖြစ်ရာ ဤဆောင်းပါးတွင်လည်း ဆရာတော်၏ တပည့်က မြင်၍ ဆရာတော်သို့ အဝေးမှ အကဲဖြတ်နိုင်ပုံ အချက်တချက် တင်ပြသင့်ပေသေးသည်။

ဒါယကာကြီး ဦးသိန်းအောင်တို့ မိသားစု - ဟူသည်ကား၊ မဟာစည် သာသနာ့ရိပ်သာ အဖွဲ့ကြီး၏ အကျိုးဆောင်တပည့်များ ဖြစ်ကြပါသည်၊ စာရေးသူတို့သည် ကျောင်းအမကြီး ဒေါ်ကင်းဖုံ၏ ကုသိုလ်ကောင်းမှု ကျောင်းတိုက်၌ သီတင်းသုံးရန် ကြွလာရာ ၎င်းမိသားစု၏ အိမ်နှင့်ကပ်လျက် ဖြစ်နေမိလျက်သားဖြစ်နေသည်၊ ယခုဆိုလျှင် ၎င်းကျောင်းတိုက်၌ သီတင်းသုံးသည်မှာ ၆-နှစ် ရှိခဲ့ပါပြီ၊ ၎င်းမိသားစုသည် စာရေးသူတို့ ကျောင်းတိုက်၌ စကတည်းက နိစ္စဗဇ် ဝတ်မပျက် အမြဲတမ်း ထောက်ပံ့လှူဒါန်း သာသနာပြုနေပေသည်၊ စာရေးသူတို့ ကျောင်းတိုက်ကို ကျောင်းအမကြီး ဒေါ်ကင်းဖုံ ညီမ ဒေါ်ကင်းစိန်တို့မှ လွဲ၍ ပထမဆုံး ဝင်ထွက်ဆည်းကပ်သူများဖြစ်ကြသည်၊ သို့သော် ပုဂ္ဂိုလ်ချင်း မရောမနှော၊ သဒ္ဓါသန့်သန့် သာသနာ သန့်သန့်ယနေ့တိုင် စေတနာ တကွက်မျှ မတွန့်၊ သူတို့အဖို့ ပုဂ္ဂိုလ်အပေါ် မတည်၊ သာသနာအပေါ်၌ လုံးဝရပ်တည်နေသည်ဖြစ်၍ စေတနာတွန့်စရာအကြောင်း လုံးဝမပေါ်၊ စာရေးသူတို့မှာ ဘုန်းကြီးလောက၌ အနေကြာ၍ ဒကာ ဒကာမမျိုးစုံတွေ့ကြုံ ဆက်ဆံရသည်၊ အချို့မှာ စေတနာပိုလျှင်လည်း အလွန်၊ ဆုတ်လျှင်လည်း အလွန်အကျွံ၊ ရော့လျှင်လည်း အလွန်၊ ကွာလျှင်လည်း အလွန်၊ လှိုင်းကြီးကြီးမှာ လှေစီးရသကဲ့သို့ ကြပ်တည်းလှသည်၊ ဆရာတော်ဘုရားကြီး၏တပည့် ဦးသိန်းအောင်တို့မိသားစုကား သာသနာကို သာသနာကဲ့သို့ ဆည်းကပ်တတ်ပါသည်၊ ဤတပည့်များ၏ ငြိမ်သက်တည်ကြည်မှုကို တွေ့မြင်ရသဖြင့် ဆရာတော်ဘုရားကြီးကို အဝေးမှ အကဲခတ် ဆုံးဖြတ်နိုင်ပါသည်၊ "တပည့်ကောင်းဖြစ်အောင် ဩဝါဒ ပေးနိုင်သော တကယ့် ဆရာကောင်း"ဟူ၍—

ဤဆောင်းပါးကို "မဟာစည် ဆရာတော်သို့ အဝေးမှ"ဟု စတင်ရေးလာခဲ့ရာ ဤခေါင်းစဉ် အတိုင်းပင် နိဂုံးသတ်ပေးရန်သာ ဖြစ်တော့သည်၊ သို့သော် စာရေးယင်း ဘုရားရှင် မုခပါဌ်တော်နှစ်ခုကို သတိရလာပါသည် "အသင်ဝက္ကလိ တရားမမြင်လျှင် ငါ့အနား၌နေသော်လည်း ငါ့ကိုမမြင်၊ တရားမြင်လျှင် အဝေးနေသော်လည်း ငါ့ကိုမြင်၏" ဤလည်း တချက် "ငါ့သင်္ကန်းစွန်းကိုကိုင်လျက် လိုက်နေပါသော်လည်း ငါ့တရားကို မမြင်ပါက ငါနှင့် အဝေးကြီးတည်း" ဤလည်းတချက်၊ ထိုနှစ်ချက်သော ဗုဒ္ဓပါဝစန အမိန့်တော်အရ စာရေးသူသည် မဟာစည် ဆရာတော်ဘုရား ရေးသား ပြုစုသည့် ကျမ်းစာဟူသော "ဓမ္မ" အမြင်မှနေ၍ ဝေဖန် ရှု

# ပြန့်ကပြေးရွာ

## မဟာစည် တိုက်ခဲ့

ဆရာတော် အရှင်ဇဋိလ (သိရိပဝရ-ဓမ္မာစရိယ-ပါဠိပါရဂူ) တင်ပြသည်

### ပြန်မပြေးရိပ်သာဟူ၍ပင် ချီးကျူးခဲ့ကြ

"ပြန်ကပြေး" ဟူသော အမည်ကိုတွေ့ရလျှင် အကြောင်းရင်းကို မသိသော သူများက ပြုံးကြ၏။ "ပြန့်ကပြေးရိပ်သာ" ဟု ဆိုလျှင်ကား "ဟာ-ဒီရိပ်သာကတော့ လာသမျှ ယောဂီတိုင်း ပြန်ပြေးရမည့် ရိပ်သာနဲ့တူတယ်" ဟု မှတ်ချက်ချကောင်း ချကြလေမည်၊ ထိုသို့ကား မဟုတ်ပါချေ၊ တရားအားထုတ်၍ အဆင်ပြေလှသော ဤသာသနာ့ရိပ်သာကို ရောက်ဘူးသူတိုင်းက သဘောကျကြ၏၊ "ပြန်ကပြေးမဟုတ် ပြန်မပြေးချင် လောက်အောင် တရား အားထုတ်လို့ ကောင်းလှသည့် (ပြန်မပြေးရိပ်သာ) ဟုပင် ချီးကျူးခဲ့ကြပေသည်။

### ကြက်မင်းပျံပြေး-ပြန်ကပြေး

ပြန်ကပြေး-ဟု ခေါ်ဝေါ်ခြင်း၏ အကြောင်း သမိုင်းရင်းကား ဤသို့တည်း၊ ရှေးအခါက ဘုရားအလောင်းတော်သည် ပျဉ်းမနားမြို့၏ အနောက်ဘက်ရှိ တောကြီးထဲတွင် ကြက်မင်း ဖြစ်ခဲ့ဘူးသည်ဆို၏။ ထိုအခါက ယခုပြန့်ကပြေးရွာကြီးနှင့် အတန်ငယ်ဝေးသော အနောက်ဘောထဲတွင် ထိုအလောင်းတော်ကြက်မင်းသည် မြုပ်ကွယ်နေသော အစာများကို ယက်၍ယက်၍ စားသောက်လေ့ရှိ၏၊ ၎င်းတောကို ယခုတိုင် "ကြက်စာမြုပ်တော" ဟု ခေါ်ခေါ်ကြလေသည်။

ထိုစဉ် တောလိုက် မုဆိုးတယောက်သည် လေးမြှားကို လက်စွဲလျက် တောလည်ထွက်လာရာ အစာရှာနေသော ဘုရားလောင်း ကြက်မင်းတို့ အုပ်စုနှင့် တိုးမိသဖြင့် ကြက်တို့သည် လန့်ပြီး ဆူဆူညံညံအော်ကြလေ၏၊ ထိုသို့ကြက်များ အော်ကြ "ကတော်ကြ" ဆူကြသောနေရာကို ယခုအခါ "ကြက်ဆူအိုင်ရွာ" ဟု ခေါ်လေသည်၊ မုဆိုးသည် ကိုယ်ခန္ဓာ ကြီးမား

---

မြင်ခဲ့က ဤဆောင်းပါးကို ရေးပါသည်၊ စာရေးသူနှင့် မဟာစည်ဆရာတော်ဘုရားသည် သက်နီးစွန်း ကိုင်လိုက်ရန် ဝေးစွ၊ တကျောင်းတည်းပင် အတူမနေဖူးပါ၊ ဤသို့ ရုပ်ဝတ္ထုအရ အလှမ်းဝေးလှပါ၏၊ သို့သော် ဗုဒ္ဓပါဝစနအရ "ဓမ္မ" သည် အနီးနှင့် အဝေးကို ဆုံးဖြတ်ပေး၏ဟု ဆိုပါလျှင်။ စာရေးသူ မဟာစည်ဆရာတော်ဘုရားအား ဓမ္မအရ အားကိုးကြည်ညိုလေးစားရိသေခြင်းဖြစ်ရာ၊ ထိုအဖြစ်မှပင်လျှင် ဤဆောင်းပါးကိုရေးသားခြင်းဖြစ်ရာ၊ မဟာစည် ဆရာတော်ဘုရားနှင့် ဤစာရေးသူသည် ဗုဒ္ဓပါဝစန အရ "အနီးကလေးသာဘည်း" ဟု ဆိုအပ်မည် ထင်ပါသတည်း။

အရှင်နာယက။

သော ဘုရားလောင်း ကြက်မင်းကို မဲ၍ လိုက်နေသဖြင့် ဘုရားလောင်းကြက်မင်းမှာ ထွက်ပြေးရရှာလေသည်၊ ထိုအရပ်တွင် တည်ရှိသောရွာကို "ကြက်ပြေးရွာ"ဟု ခေါ်လေသည်၊ ဆက်လက်၍ လိုက်လေရာ မှီခါနီးတွင် မုဆိုးသည် လေးကိုဆင်၍ ပစ်မည်ပြု၏။

ဘုရားလောင်း ကြက်မင်းသည် ခြေဖြင့်ပြေးနေရာမှ မုဆိုး၏မြှားဘေးမှလွတ်ရန် တောင်ပံခတ်၍ ပျံပြေးလေတော့၏၊ထိုသို့ အလောင်းတော် ကြက်မင်း ပျံပြေးသော အရပ်၌ တည်ရှိသောရွာ ဖြစ်သောကြောင့် "ပြန်ကပြေးရွာ"ဟု အမည်တွင်လေသည်။

ပြန်ကပြေးရွာသူရွာသားတို့သည် ထိုအကြောင်းကိုစွဲ၍ ရှင်ပြုအလှူပွဲ စသည်တို့၌ "ရှေးသရောအခါတွင် ဘုရားလောင်း ကြက်မင်းသခင်၊ လေးမြှားတင်လို့ မုဆိုးမိုက်က လိုက်လေလျှင် မြေမှာ ပြေးနေယင် မလွတ်နိုင်ဘူးလို့ ရွှေစိတ်တော် ဉာဏ်ကွန့်မြူးကာ အထူးပျံပါသရှင်၊ယခုထိ ပြန်ကပြေးနာမည်တွင်" ဟူ၍ သီချင်းသီဆိုတီးမှုတ်ကြလေသည်။

## ကျောင်းအမ ကျောင်းဒကာ လောင်းလျာ

အနီးပြန်ကပြေးအမည်ရှိသော ရွာကြီးတွင် မဒေါ်ပင်ခေါ် အနောက်ပိုင်းရပ်ကွက်၌ ဆွေကြီး မျိုးကြီးများမှ ဆင်းသက် လာသော "ဦးအောင်သောင်း ဒေါ်မြကြည် သားမောင်တင်မောင်ဝင်း"တို့မိသားစုသည် ရှိ၏၊ ဦးအောင်သောင်းမှာ အလုပ်အကိုင်ကြိုးစားသူ ဖြစ်သည့်ပြင် စွန့်စွန့်စားစား ကြီးကြီးကျယ်ကျယ်လည်း လုပ်ကိုင်တတ်၏၊ ၎င်း၏ ဆောင်ပုဒ်မှာ"တဦးတယောက် ချမ်းသာရေးထက် အများချမ်းသာရေးက ပို၍ အရေးကြီးသည်" ဟူ၏။

ထို့ကြောင့် အရင်းအနှီးစိုက်၍ တောရိုင်းများကို လူအားဖြင့်ခုတ်ထွင်ကာ ကြံကို ဧကများစွာစိုက်လေသည်၊ ဦးအောင်သောင်းကြံခင်းသို့ အလုပ်ဆင်းသောလူအုပ်မှာ အလွန်ပင် များပြားကြီးမားခဲ့သည်ဆို၏၊အိမ်ခြေငါးရာကျော်ရှိသော ရွာကြီးနှင့် အနီးအနား ရွာများတွင် သူ့အလုပ်နှင့် ကင်းသူ မရှိသလောက်ပင်၊ စိုက်သမျှကြံများမှာလည်း အောင်မြင်လှသဖြင့် ကြံနှင့်ပတ်သက်လာလျှင် "ကြံရိုးကို ကတ္တရာစေးလမ်းပေါ် ပစ်ချထားပြီး အောင်သောင်းကြံဆိုလျှင် အပင်ထပေါက်လိမ့်မည်"ဟုပင် ပြောစမှတ်ဖြစ်ခဲ့၏။

ဦးအောင်သောင်း-ဒေါ်မြကြည် တို့သည် ဘုရားဒကာ ကျောင်းဒကာ ဘိုးဘွားမိဘများမှဆင်းသက်လာသူများ ဖြစ်၍ ကျောင်းတိုက်ကြီးတခု ဆောက်လုပ်လှူဒါန်းရန်လည်း ရည်မှန်း ကြိုးစား နေကြ၏၊ သို့သော် တ ဦး တည်း သော သား ချစ် က လေး က "ကျောင်းကို နောက်မှဆောက်ပါအဖေရာ၊ သားတို့အတွက် စက်တွေတည်ရအောင်ပါ"ဟု ပူဆာသဖြင့် သား၏အမည်ဖြင့် "ဝင်းမေတ္တာ"အမည်ရှိ ဆန်စက်ကြီးတလုံး၊ ကြံကြိတ်စက်နှင့် အခြားဆန်စက်ငယ်တို့ကို ယခုကျောင်းနေရာအနီးတွင် တည်ခဲ့လေသည်။

## လူတို့ထုံးစံ လောကဓံ

"လူတို့ထုံးစံ၊လောကဓံကား၊ငါ့ထံမရောက်၊မဆိုစောက်ရှင့်၊ တယောက်မကြွင်း၊၊ ခပင်းယုတ်လတ်၊ မြတ်ဘူသယံ၊အရဟံမျှ၊ တရံဘယ်ခါ၊ မလွဲရာတည်း" ဟူသော ရှေးပညာရှိတို့ အဆိုအတိုင်း လောကဓံတရားဟူသည် ဘုရားကိုပင် ချမ်းသာမပေးခဲ့ လေရာ သာမန် ပုထုဇဉ်များကိုကား အဘယ်မှာ ချမ်းသာပေးအံ့နည်း။

ဦးအောင်သောင်း - ဒေါ်မြကြည်တို့သည် တဦးတည်းသော သား 'မောင်တင်မောင်ဝင်း' နှင့် ပျော်ရွှင်စွာ နေလာခဲ့ရာ သားကလေးအား ပညာသင်စေ၍ တက္ကသိုလ်ဝင်တန်းရောက်သောအခါ၌ တရွာလုံးတွင် မြင်းစီး ခေတ်စား နေသဖြင့် သူလည်း သူများတွေလို မြင်းစီးချင်ပါသည်၊မြင်းတစီးဝယ်ပေးပါဟု သားဖြစ်သူက ပူဆာ၍ သား၏အလိုလိုက်ကာ ထွားကြိုင်းလှသော ပြိုင်မြင်းကြီးတကောင်ကို ဝယ်ပေးလေသည်။

မောင်တင်မောင်ဝင်းသည် ထိုမြင်းကြီးကိုအစွမ်းပြ၍ ဒုန်းစီးခြင်း,တုန်းကိုခုန်စေခြင်းများကို ပြုလေ့ရှိ၏၊တနေ့သောအခါ၌ကား မြင်းကြီးကို အပြင်းစီးလာရာ မြင်းကြီးက ဆံပင်ညှပ်ဆိုင် တ ခု ၏ တန်း

အောက်သို့ တိုးဝင်သွားသဖြင့် တန်းနှင့်ရင်ပတ်တိုက်ကာ လိမ့်ကျသွားလေသည်။

မန္တလေးဆေးရုံကြီးသို့ပို့၍ ကုသပါသော်လည်း ချမ်းသာရာ မရတော့၊ မောင်တင်မောင်ဝင်းသည် သေခါနီးအခါ၌ အနီးရှိသူ့ဖခင်အား တတွတ်တွတ်ပြောကြားယင်းက "ကျောင်းတိုက်ကြီးတခု ဆောက်လုပ်လှူဒါန်းရန်ကိုပါ" မှာကြားကာ သေဆုံးသွားရှာလေတော့သည်။

### အဆိုးထဲမှ အကောင်းရ

ဦးအောင်သောင်းနှင့် ဒေါ်မြကြည် တို့သည် တယောက်တည်းသော သားချစ်ကလေး သေဆုံးသွားလေရာ ပဋ္ဌာမြေလူး ရူးမတတ် သောက ပရိဒေဝမီးများတောက်လောင်ကာ စီးပွားရေး၊လူမှုရေး၊ ကိစ္စအဖြာဖြာတို့ကို စွန့်လွှတ်၍ သားချစ်ကလေးမှာသွားသည့်အတိုင်း မဆိုင်းမတွ ရှိသမျှပစ္စည်းနှင့် စက်ကြီးစက်ငယ် အသွယ်သွယ်တို့ကို ရောင်းချကာ နှစ်ဧကကျော်ကျော်ရှိသော မြေနေရာ၌ ကျောင်းတိုက်ကြီးတခုဆောက်လုပ်ရန်အုတ်တန်တိုင်းကို ကာ၊အုန်းငှက်ပျောပါစိုက်၍ ကမ္မဋ္ဌာန်းတိုက်၊ ဓမ္မာရုံ၊ ဆွမ်းချက်ကျောင်း၊ ရေတွင်း၊ ရေကန်၊ ရေချိုးခန်း၊ ကုဋီတို့ကို ပြည့်စုံအောင် ဆောက်လုပ်ကြလေရာ သားကလေးသေဆုံးသွားခြင်းသည် ကျောင်းဒကာကျောင်းအမ အမြန်ဖြစ်အောင် ထောက်ပံ့သလို ဖြစ်နေ၍ အဆိုးထဲမှ အကောင်းများ ထွက်ပေါ်လာသည်ဟုပင် ဆိုရချေတော့မည်။

### ကမ္မဋ္ဌာန်းဆရာ ရှာပုံတော်

ဦးအောင်သောင်းသည် ငယ်စဉ်က မင်းကွန်းဆရာတော်ဘုရားကြီး၏ ပဋိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ဘူးသူ ဖြစ်သဖြင့် သူဆောက်သောကျောင်းကိုလည်း သတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းပင် ဖြစ်စေလို၏၊ ရွာ၏ အနောက်ပိုင်း၌လည်း သူ၏ဖခင် တည်ဆောက်လှူဒါန်းထားသော ကမ္မဋ္ဌာန်းကျောင်း တခုက ရှိနေ၍ကျောင်းအမည်ကို "သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတိုက်သစ် မဟာစည်တိုက်ခွဲ" ဟု အမည် ပေးဆိုင်းဘုတ်တင်ကာ မဟာစည် ဆရာတော်ဘုရားကြီးထံတော်သို့ "စာတော်၊တရားဟောကောင်း၍ပေါင်းသင်း ဆက်ဆံရေး ပြေပြစ်သည့် ကမ္မဋ္ဌာနာစရိယ ရဟန်းတော်တပါး ပေးသနားပါရန်" စာဖြင့် လျှောက်လေရာ မဟာစည် ဆရာတော်ဘုရားကြီးက "ဒကာတောင်းသော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသည့် ကမ္မဋ္ဌာန်းဆရာများအသင့်မရှိသေး၊ရှိသည်မှာလည်း သူ့ဌာနနှင့်သူ ဖြစ်နေသည်၊ သို့ဖြစ်၍ ဒကာသဘောကျရဟန်းတော်တပါးကို ရှာပြီး ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ ပို့ပါ" ဟု စာပြန်လိုက်လေသည်။

ထိုအခါ ဦးအောင်သောင်းသည် ၎င်း၏ အဘိုးများကိုးကွယ်ခဲ့သော မန္တလေးမြို့ ဝိဇိတာရုံကျောင်းတိုက် ရတနာမာရ်အောင် ဆရာတော် ဘုရားကြီးထံတော်သို့ သွားကာ အကြီးတန်း အောင်ပြီး တရားလည်း ဝါသနာပါသော ရဟန်းတော်တပါးပေးပါရန် လျှောက်ထားသဖြင့် ပဋ္ဌာန်ကျူတွင် စာသင်လျက်ရှိနေသော စာရေးသူကို ပေးလိုက်လေသည်။

### ရိပ်သာဖွင့်ပွဲ ကိုယ်တိုင်ကြဲ

စာရေးသူသည် ၁၃၂၂-ခုနှစ်က စစ်ကိုင်းမြို့ကြီး ချောင်နှင့် မဏိကုဏ္ဍလချောင် တို့တွင် ကန့်နည်းကို အားထုတ်ခဲ့၍ ၁၃၂၀-ခုနှစ် တွင် ပြန်ကဲပြေးရွာကျောင်းဒါယကာက ပို့သဖြင့် ရန်ကုန် သာသနာ့ရိပ်သာ၌ မဟာစည် နည်းကို ရက်ပေါင်း ၇၀-ကြာ ဉာဏ်စဉ်တရားနာရသည်အထိ အားထုတ်ကာ တနှစ်ပတ်လုံး တရားဟော တရားပြ သင်တန်းများကို စာတွေ့ လက်တွေ့ လေ့လာသင်ကြား ခဲ့ရလေသည်။ တနှစ်ပြည့်ပြီးနောက် ဗဟုသုတ ဖြစ်ရန် မဟာစည် ဆရာတော် ဘုရားကြီး၏ ပစ္ဆာသမဏ အဖြစ်ဖြင့် ရန်ကုန်မှ သိုင်းချောင်းတလျှောက်၊ ရန်ကုန်မှနတ္တလင်းဘက် တလျှောက်ရှိ အချို့ ရိပ်သာများ သို့ ရောက်၍လေ့လာဖွယ်ရာများကို လေ့လာခဲ့၏။

ထို့နောက် ၁၃၂၉-ခု နယုန်လတွင် မိမိနေရမည့်ပြန်ကဲပြေးရွာ မဟာစည် တိုက်ခွဲသို့ ကြွရလေသည်။ ထိုစဉ်က ရန်ကုန်ရိပ်သာမှ ဆရာတော်ဘုရားများကို ပင့်ဆောင်ပါသော်လည်း တရုတ် မြန်မာ အရေးအခင်းဖြစ်နေ၍ မည်သူမျှ မလိုက်နိုင်ကြသဖြင့်

စာရေးသူတပါးတည်းသာ ကြွရလျက် နယုန်လဆုတ် ၁၀-ရက်နေ့ ရိပ်သာဖွင့်ပွဲကို ကိုယ်တိုင်ကြွ၍ တရားဟောပွဲ လုပ်ကာ ဖွင့်ခဲ့ရပါလေသည်။ ထိုနေ့မှ စ၍ တရားပြခဲ့ရာ ယောဂီပေါင်း ခုနစ်ရာကျော်ခဲ့ပါပြီ။

## ယောဂီဘိတ်ခေါ်သံ

စာရေးသူတို့ ရိပ်သာတွင် တောရိပ်သာကလေး ဖြစ်သည့် အပြင် ဖွင့်ခါစလည်း ဖြစ်နေသဖြင့် အစပိုင်း၌ ယောဂီ မများလှချေ၊ ထို့ကြောင့် မလာရောက်ဘူးသူများ လာရောက်ချင်လာစေရန်နှင့် လာရောက်သူများလည်း တရားအားထုတ်ချင်စိတ်ပေါက်လာရန် "ကျောင်းတော်သို့ မသွားလိုသော ခေမာမိဖုရားကို ဝေဠုဝန်ကျောင်း ချီးကျူးခန်း ဖွင့်၍ ဆွယ်သကဲ့သို့" အောက်ပါယောဂီ ဘိတ်ခေါ်သံဖြင့် ဆွယ်တရားဟောကာ ဘိတ်ခေါ်ခဲ့ရပါသည်။

## သတိပဋ္ဌာန်ကမ္မဋ္ဌာန်းတိုက်သစ်၊မဟာစည်တိုက်ခွဲ ဝင်းမေတ္တာကောင်းမှု-ပြန်ကပြေးရွာ

သပ္ပုရိသန္ဓယ်ဝင် သူတော်စင်အပေါင်းတို့၊ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းတိုက်သစ် ဟူသော ဤအမည်ဟာဖြင့် ကြားရသူ အပေါင်းရဲ့စိတ်နှလုံးကို အေးမြချမ်းသာစေတဲ့ ကျောင်းတိုက်ကြီးတခုရဲ့ နာမည် ဖြစ်ပါတယ်၊ ဒီအမည်ကို ဓမ္မမိတ်ဆွေတို့ ကြားဘူးပြီး ဖြစ်ကောင်း ဖြစ်နေကြပါလိမ့်မယ်၊ ပျဉ်းမနားမြို့ အနောက်ဘက် ၂-မိုင် ၃-ဖာလုံအကွာ တောင်ညိုကားလမ်းကွေ့ ပြန်ကပြေးရွာ အရှေ့စမှာဖြင့် အုတ်တန်တိုင်းကာရံထားတဲ့ကျောင်းတိုက်သစ်ကြီးတခုကို ဓမ္မမိတ်ဆွေများ အဝေးကပင် မြင်နိုင် ပါလိမ့်မယ်။ ကျောင်းတိုက်အတွင်းမှာဆိုလျှင်လဲ ဓမ္မာရုံကမ္မဋ္ဌာန်းကျောင်းများ ရေဘွင်းရေကန်များ ကျား၊မ-ရေချိုးခန်းများ၊ ကျား၊ မ-အိမ်သာများ၊ ပြည့်စုံရုံသာမက အုန်း၊ငှက်ပျော၊သင်းဘော၊သရက်၊သပြေက်၊သံပုရာ၊ မာလကာ၊ ဩဇာအစရှိတဲ့ သစ်ပင်မျိုးစုံတို့ဖြင့် သာသာယာယာ ရှိလှပါတယ်။

သီတဝါတေ သီတစ္ဆာယေ၊ ကဒလီဟိစ မဏ္ဍိတေ။

သတိပဋ္ဌာန နစ္စမဂေ၊ ဓမ္မသံယုတ္တ သေဝိတေ။
တသ္မိံ ဝိဟာရ ဥယျာနေ၊ ဝနသညာ သမုဋ္ဌိတာ။
သကုဏာစ ဝိကူဇန္တိ၊ ယောဂီနံစ နိသေဝိတေ။

သီတဝါတေ၊ တသုန်သုန်သုတ်ဖြူးတိုက်ခတ်နေသည့် လေကောင်းလေသန့် ရန့်ကြိုင်မွှေး လေအေးလည်း ရှိထသော။ သီတစ္ဆာယေ၊ သူတော်စင်များ တရားဓမ္မ ပွားများကြရာ အေးရိပ်သာလည်း ရှိထသော။ကဒလီဟိစမဏ္ဍိတေ၊မြစိမ်းရောင်နွှောပင်ငှက်ပျောတို့ဖြင့်လည်း တန်ဆာဆင်ထသော။ဓမ္မသံယုတ္တသေဝိတေ၊ တရားနှင့်ယှဉ် သူတော်စင်တို့ ပျော်ရွှင်လှစွာ မှီဝဲအပ်ရာလည်း ဖြစ်ပေထသော။ သတိပဋ္ဌာန နာမဂေ၊ ဗုဒ္ဓဟောကြား မဟာသတိပဋ္ဌာန် ရှုမှတ်နည်း ကမ္မဋ္ဌာန်းတရားကို လေးစားလိုက်နာ ညွှန်ပြသောသူတို့၏ နေရာဖြစ်သောကြောင့် သတိပဋ္ဌာန်တိုက်သစ်ဟူသော အမည်ရှိထသော။ ယောဂီနံ၊ ပဋိပတ်အကျင့်ရပ်ဖြင့် မြင့်မြတ်ဖြူလွင် ယောဂီသူတော်စင်တို့၏။ နိသေဝိတေစ၊ ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်ကာဖြင့် မြင့်မြတ်ဖြူလွင် ယောဂီ သူတော်စင်တို့၏။ နိသေဝိတေစ၊ ကမ္မဋ္ဌာန်းဘာဝနာ အားထုတ်ကာဖြင့် အမြဲမကွာ မှီဝဲနေထိုင်ရာလည်း ဖြစ်ထသော။ တသ္မိံ ဝိဟာရဥယျာနေ၊ စိမ်းညို့ရစ်မှုံ အေးဖွယ်စုံသည့် ရဂုံဝိုက်ဆီး ထိုသတိပဋ္ဌာန် ကျောင်းတိုက် ဥယျာဉ်ကြီး၌။ ဝနသညာ၊ အလောင်းအလျာ သူတော်စွာတို့ ရှေးပါရမီ ထုံဝသီကြောင့် ခိုမှီတောရိပ် သညာစိတ်ကို။ သမုဋ္ဌိကာ၊ ကောင်းစွာဖြစ်စေကြကုန်သော။ သကုဏာစ၊ စာဘီလူးငှက် ချိုးဆက်ရက်နှင့် တောဘက်က ခါသာလိကာ ရွှေကျေး ငှက်တော်ကလေး တို့သည်လည်း။ ဝိကူဇန္တိ၊ ယောဂီကြည်နူး စိတ်ရွှင်မြူးအောင် ရင့်ကျူး မြည်တွံကြလေကုန်သည်တကား။

ယခုလို အရာရာပြည့်စုံကာ တောဝနာသညာကို ဖြစ်စေနိုင်တဲ့ သတိပဋ္ဌာန် ကျောင်း တိုက် ကြီး ကို ပြန်ကပြေးရွာ ကျောင်းဒါယကာ ဦးအောင်သောင်းနှင့် စေတနာဖြူ သဒ္ဓါ တူ သည့် ကျောင်း အမ

ဒေါ်မြကြည်တို့က ၁၃၂၉-ခု၊ နယုန်လဆုတ် ၁၀-ရက်နေ့မှာ ယောဂီအများ ချမ်းသာစွာ တရားအားထုတ်နိုင်ရေးအတွက် ဆောက်လုပ်လှူဒါန်းခဲ့ကြပါတယ်။

ရှင်းပြင် ပရိယတ်သန်သူ ပဋိပတ်သန်သူ နှစ်မျိုးလုံးကို သဘောကျအောင် ကမ္မဋ္ဌာန်းတရား ဟောကြားညွှန်ချ ပြသနိုင်ရေးအတွက် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဆဋ္ဌသင်္ဂါယနာ ပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်း ပြရာဌာန၌ ပဋိပတ်ကမ္မဋ္ဌာန်း တရားများကို လက်တွေ့စာတွေ့ လေ့လာ ဆည်းပူးပြီးဖြစ်တဲ့ “သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယ ပါဠိပါဠရဂူဘွဲ့ရ အရှင်ဇဋိလ”အမည်ရှိ သာသနာပြုရဟန်းတော် တပါးကို ပါပင့်ဆောင် ထားသဖြင့် ထိုသာသနာပြု ပုဂ္ဂိုလ်သည် ပဋိပတ်ကမ္မဋ္ဌာန်း တရားများကို ဟောကြားပြသလျက် ရှိနေပါသည်။

သပ္ပုရိသနွယ်ဝင် သူတော်စင် အပေါင်းတို့၊ ဓမ္မမိတ်ဆွေတို့အတွက် ဝမ်းသာစရာ သတင်းကောင်း တခုကို ပြောပါရစေဦးလား၊တကယ်လို့ ဓမ္မမိတ်ဆွေများက တရားအားထုတ် လာလို့ရှိယင် စေတနာ သဒ္ဓါတရားကောင်းလှတဲ့ ကျောင်းဒကာ ကျောင်းအမများက စားသောက် နေထိုင်ရေးအတွက် အားလုံးပဲတာဝန်ယူကြပါသတဲ့။

ဤကမ္မဋ္ဌာန်းဌာနက နံနက်တွင် ဆန်ပြုတ်၊ လဘက်ရည်တို့နဲ့ တိုက်ကျွေးပြုစုပြီး၊နေ့မှာ ထမင်းဟင်း လဘက်ရည်တို့နဲ့ပြုစုကာ ညနေမှာလဲ အချိုအဖျော်ယမကာတို့နဲ့ တိုက်ကျွေးပြုစုမြဲ ဖြစ်ပါတယ်၊ ယောဂီများ တရားအားထုတ်ယင်း နေထိုင်ရန် ကမ္မဋ္ဌာန်းတိုက်ခန်းတွေဟာဖြင့် တရားအားထုတ်လိုသူ ယောဂီလောင်းလျာများကို လက်ရပ်ခေါ်နေသလိုပဲ ရှိနေပါတော့တယ်။

သီတစ္ဆာယူဒကေတမှိ၊
ဗဟုကာ ပဓာန ဂဗ္ဘာ။

ယောဂိန ဝုယမာကာရံ၊
ဒဿေန္တာဝ ဝိရောစရေ။

သီတစ္ဆာယူဒကေ၊ရောက်လာသူစိတ်ကျေအောင် အရိပ်ရေ စိမ့်စမ်းတို့ဖြင့် သာယာ အေးချမ်း လှစွာသော။တမှိ၊စိမ်းညို့ရည်မှုန် အေးဘွယ်စုံသည့်ရဂုံပိုက်ဆီး ထိုသတိပဋ္ဌာန် ကမ္မဋ္ဌာန်း ကျောင်းတိုက်ကြီး၌။ ဗဟုကာ၊များစွာကုန်သော။ ပဓာနဂဗ္ဘာ၊ ဆောင်းညမှာနွေး နွေတွင်အေးလျက် ဘေးလည်းငြိမ်းငြိမ်း ကမ္မဋ္ဌာန်းအားထုတ်စရာ တိုက်ခန်းတို့သည်။ ယောဂိနံ၊ ကမ္မဋ္ဌာန်းတရား ပွားများလိုတောင်း ယောဂီသူတော်စင်အပေါင်းတို့အား။အဝုယမာကာရံ၊ လာပါ့,လာပါ အားထုတ်ပါဟု စိတ်မှာထင်လင်းခေါ်ဝေါ်သော အခြင်းအရာကို။ ဒဿေန္တာဝ၊ ပြကုန်လျက်သာလျှင်။ ဝိရောစရေ၊ တင့်တယ် ကြလေကုန်သည်တကား။

သပ္ပုရိသနွယ်ဝင် သူတော်စင် အပေါင်းတို့၊သုံးလူ့ထွတ်တင် ရှင်တော်မြတ်ဘုရားကတော့ “နတ္ထိ အတ္တသမံ ပေမံ=မိမိကိုယ်ကိုချစ်ခြင်းနှင့်တူတဲ့ ချစ်ခြင်းမရှိပါဘူး”တဲ့၊အပြောင့်ပြန်ယင်တော့သတ္တဝါတွေဟာ ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဆိုလိုပါတယ်။

ဒီလိုဆိုယင် ကိုယ့်ကိုယ်ကို တကယ်ချစ်ရာရောက အောင် ဘာတွေလုပ်ရမလဲဆိုတော့ ဒုက္ခတွေအားလုံးငြိမ်းတဲ့နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ဝိပဿနာ တရားတွေကို အားထုတ်ရမှာဘဲ၊ ဆုံးခန်းတိုင်ရောက်အောင် အားမထုတ်နိုင်တောင်မှ ကျွန်ုပ်တို့ တဝေဲ့ဟာ သံသရာတလျှောက်မှာ ကြောက်နေရတဲ့ ခြိမ်းခြောက်နေတဲ့ အပါယ် ၄-ပါး ဘေးကြီးမှ လွှတ်တဲ့ ဥာဏ်အဆင့်ကိုရောက်အောင်တော့ ဝိပဿနာတရားကို ကြိုးစားအားထုတ်ဖို့ လိုအပ်လှပါတယ်၊ ဒီဝိပဿနာတရားမျိုးစုံ ဆိုတာကလဲ ကျင့်ကြံ အားထုတ်ခွင့်ရဖို့ ခဲယဉ်းလှပါတယ်၊ လူပဲဖြစ်ပါမှ၊ အသက်လဲရှင်ပါမှ၊သာသနာကြီးနဲ့လဲ ကြုံပါဦးမှ၊သာသနာနဲ့ကြုံတဲ့အခါလဲ ဝိပဿနာ တရားကို နာနိုင်ပါဦးမှ၊ ဝိပဿနာတရားကို နာရုံနဲ့လဲ မပြီးသေးပါဘူး၊သိဦး

မှုသိတဲ့ အတိုင်းလဲ ကျင့်ကြံနိုင်ဦးမှသာ ဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့်—

"လူလဲဖြစ်ခဲ၊ သက်ရှင်ခဲ၏၊ သက်လဲရှင်ပြန်၊ လူဖြစ်ပြန်သော်၊ တွေ့ရန်သာသနာ၊ ခဲယဉ်းပါ၏၊ သာသနာခဲ၊ တွေ့ပြန်လဲက၊ တွေ့ခဲတရား၊ နာနိုင်ပြား၏၊ နာကားနာပေ၊ သိခဲပေ၏၊ သိပေပြန်လဲ၊ ကျင့်နိုင်ခဲသည်၊ ခက်ခဲဒုလ္လဘ ပါတကား" လို့ ပညာရှိများက စပ်ဆိုခဲ့တာပေါ့။

အဲဒါကြောင့် ဓမ္မမိတ်ဆွေများဟာ မိမိကိုယ်ကို "ငါ ငယ်ပါသေးတယ်၊ ငါ ငယ်ပါသေးတယ်" ဟု အငယ်စာရင်း သွင်းသွင်းမနေပဲ အချိန်ရှိခိုက် လုံ့လ စိုက်ကာ အမြန်ကြွရောက် အားထုတ်ကြဘို့ သင့်လှပါပြီ၊ ဒီလို အခွင့်ကောင်း ရခိုက်မှာမှ တရား အား မထုတ်ကြယင်တော့—

"ခွင့်သာခိုက်ကမ မလိုက်ချင်လျှင်
အမိုက်နှင့်ပြင် ရှိသေးလေလိမ့်လား"

"ခွင့်သာတုန်းကမ မရှုန်းချင်လျှင်
အရှုံးနှင့်ပြင် ရှိသေးလေလိမ့်လား"

ဆိုတဲ့ စာလို ကိုယ့်ထက်မိုက်တဲ့ ကိုယ့်ထက် လူဖြစ်ရှုံးတဲ့သူမရှိတော့ဘူးလို့ ဆိုရတော့မှာပါပဲ၊ အဲဒီလို မဖြစ်ရအောင် အနေကောင်းရေး၊ အသေ ကောင်းရေး အတွက် ဘုရားဟော အပ္ပမာဒသတိပဋ္ဌာန် ဝိပဿနာ တရားများကို ကြိုးစား အားထုတ်ဖြစ်အောင် အားထုတ်ကြဘို့ စေတနာကောင်းဖြင့် တိုက်တွန်း နှိုးဆော်လိုက်ပါတယ်။

အပ္ပမာဒေန သမ္ပာဒေထ။

သမ္ပာဒေထ၊ တရားကို လိုလားကြကုန်သော သူတော်ကောင်း အပေါင်းတို့။ တုမှေ၊ သင်တို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ကြောင်း အပ္ပမာဒ သတိကောင်းနှင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကြကုန်လော့။ သမ္ပာဒေထ၊ နေ့ရောညဥ့်ပါ ဘယ်ခါမစဲ အမြဲနိစ္စ ပြည့်စုံစေကြကုန်ရာသတည်း။

အရှင်ဇဋိလ

---

စာမှန် ဦး တွင် ပြင် ဖတ် ရန်

| နှာ | ကော်လ | ကြောင်းရေ | ရှယင်း | ပြင်ဖတ်ရန် |
|---|---|---|---|---|
| ၃၃ | ပထမ | ၁၃ | ကွို | ဘိက္ခု |
| ၃၄ | ဒုတိယ | ၁၀ | ပနာယသမ္ဘေတို့ | ပနာယဟမ္ဘေဟိ |
| ၃၆ | ဒုတိယ | ၁၃ | သိဂ်ဏိကာရာမတာ | သင်္ဂဏိကာရာမတာ |
| ၃၆ | ဒုတိယ | ၁၄ | သိဂ်ဏိကာရာမတာ့ | သင်္ဂဏိကာရာမတာ |
| ၃၇ | ခေါင်းစီး: | | မဟာစည်နှင့်အင်းလေး | သံဃဉပုသ် ပြုပုံနှင့် ဉပုသ်ပြုပြီးစ မဟာစည် ဩဝါဒ |
| ၄၁ | အောက်ဆုံးခေါင်းစီး | | အင်းလေးသို့မဟာစည် ကမ္မဋ္ဌာန်းကြွခြင်း | အင်းလေးသို့မဟာစည်ကမ္မဋ္ဌာန်း ဆရာသစ်ကြွခြင်း |
| ၄၃ | ပထမ | ၈ | စိတ်ထဲမှ | စိတ်ထဲမှာ |
| ၄၉ | ဒုတိယ | ၂၈ | ကံရှိတဲ့ | ကံမရှိတဲ့ |
| [illegible] | ပထမ | ၂၈ | ပြောဆိုကြ[illegible] | ပြောဆိုကြသည် |

[illegible] ကြသိလိ
[illegible] ကြည့်တိုက်
ကမ္ဘာမေး

# ညောင်ကန် အရှင်ဇနကာဘိ

## မြတ်သတိပဋ္ဌာန် မဟာစည်စာမူနှိုးတွင် ပါဝင်သမျှ


၁။ မဟာစည် ဓမ္မကထိက သရက်အောင်မင်္ဂလာ အရှင်စန္ဒာဝရ၏
မြို့တော်ဒွါရာဝတီနှင့်မဟာစည် .... .... .... ၁

၂။ ကမ္မဋ္ဌာနာစရိယ-မဟာစည်ဓမ္မကထိက-သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဝိနယ ပါဠိပါရဂူဆရာတော် အရှင်ဇဋိလ၏

(က) မိုးထိတောင်ကိုကျော်၍ သာသနာပြုခြင်း .... .... ၁၈

(ခ) နံရိုးကွေးထောက် ရောဂါပျောက် .... .... .... ၂၉

(ဂ) ထေရ်မြတ် မဟာစည်အရှင် .... .... .... ၆၀

(ဃ) ပြန်ကပြေးရွာ မဟာစည်တိုက်ခွဲ .... .... .... ၆၉

၃။ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ - ဗုဒ္ဓသာသန ဒီဃဘာဏက
ဒီဃနိကာယ ကောဝိဒ-ဆုထူးပန်ဆရာတော် အရှင်နာယက၏
မဟာစည်ဆရာတော်သို့ အဝေးမှ .... .... .... ၆၃

၄။ မဟာစည်ဓမ္မကထိက ညောင်ကန် အရှင်ဇနကာဘိ၏

(က) မဟာစည်နှင့် အင်းလေး သာသနာရေးစာချွန်တော်များ .... .... ၂၁

(ခ) သံဃဥပုသ်ပြုပုံနှင့် ဥပုသ်ပြုပြီးစ မဟာစည်ဩဝါဒ .... .... ၃၁

(ဂ) မောင်သုခ၏ အမေး ၆-ဖြာ မဟာစည်အဖြေရတနာ .... .... ၃၉

(ဃ) အာနာပါနနှင့် သမထ-ဝိပဿနာ၊ အာသဝက္ခယံ ဝဟံနှင့်
အာသဝက္ခယာဝဟံ ပြဿနာ မဟာစည် အဖြေရတနာ .... .... ၄

(င) အဆင်းနှင့်မျက်စိဘိုက်ဆိုင်ရာ၊ ဘူတရုပ် ၄-ပါး၊ပါ မပါ၊မဟာစည်အဖြေရတနာ ၄

(စ) မဟာရုံတန်တိုင်းလှူ၊ ဆွမ်းကပ်၊ ရေစက်ချ၊ မဟာစည်ဩဝါဒအနုမောဒနာ .... ၄၅

(ဆ) တိတ်ရီကော်ဒါလှူ၊ ဆွမ်းကပ်၊ ရေစက်ချ၊ မဟာစည်ဩဝါဒ အနုမောဒနာ .... ၅၃